www.burmesesclassic.com




www.burmeseclassic.com

www.burmesesclassic.com

## အခန်း (၅၆)

### သေဒဏ်

ဆရာကျိုချင်နှင့် ဆချွန်မင်တို့အမှူးပြုသော နီပေါတပ်စုတစ်စုသည် လီစွမ်းမေတို့အတွက် စစ်ကူရောက်ရှိလာလေ၏။

ခါးလည်မှပြတ်ထွက်သွားသော သံကြိုးတံတားကို မြင်သောအခါ ဆချွန်မင်က ထူးဆန်းအံ့ဩရင်း ...

"အလို ...တော်သေးတာပေါ့ဗျာ။ ရွှေလေးရှင်မင်းသမီးသာ ကြိုတင်လာဘ်မြင်မှုမရှိရင် အနောက်ဘက်စစ်ကြောင်းက တိုက်ပွဲဖြစ်မှားရင်တော့ ကျုပ်တို့ ရှုံးနိမ့်မှာပဲဗျ ..."

ထိုအခါ လီစွမ်းမေမှာ သက်စွန့်ဆံဖျားဖြစ်ခဲ့သော တိုက်ပွဲကိုလည်း ဖောက်သည်ချတော့သည်။ ဆရာကျိုချန်နှင့် ဆချွန်မင့်တို့သည် ပါးစပ်အဟောင်းသားဖြင့် နားထောင်နေကြရတော့အည်။

* * *

www.burmeseclassic.com

www.burmesesclassic.com



ဟိုင်နန်ဦးစီးသော မန်ချူးစစ်တပ်တို့သည် အကြံမထမြောက်ဘဲ စခန်းတည်ရာဌာနချုပ်သို့ ပြန်သွားကြရလေ၏။

၎င်းအချိန်မှာပင် ကိုယ်ရံတော်တပ်မှူးတစ်ဦးက လာရောက်အကြောင်းကြားလေတော့၏။

"မင်းကြီး ...အပြင်ဘက်မှာ ကိုယ်စားလှယ်တစ်ဦးရောက်နေပါတယ်၊ သူ့ကိုယ်သူပြောတော့ နီပေါနိုင်ငံက အထူးကိုယ်စားလှယ်တဲ့၊ အရေးကြီးတဲ့ကိစ္စ ဆွေးနွေးဖို့ ခွင့်ပေးပါရန် ပန်ကြားပါတယ်တဲ့"

"ကိုင်း ...ဒါဖြင့် သူ့ကို လွှတ်လိုက်ကွာ ..."

အတန်ကြာတော့ နီပေါတိုင်းရင်းသားဝတ်စုံ ဝတ်ဆင်သောလူတစ်ယောက် ဝင်လာတော့သည်။

ထိုလူသည် အသားဝါပြီး အသက်သုံးဆယ်ခန့်ရှိသည်။ ပြင်ပရုပ်ရည်မှာလည်း စုပ်ချွန်းချွန်းပင်။ ရုပ်ရည်အရ အထင်ကြီးဖွယ်ရာလုံးဝမရှိချေ။

သူသည် ခန်းအန်းမင်းကြီးကိုမြင်သည်နှင့် ဂါရဝပြုရင်းအိတ် ထဲမှ စာချွန်လွှာတစ်စောင်ကို ထုတ်လိုက်၏။

ခန်းအန်းမင်းကြီးသည် လက်နှစ်ဖက်ဖြင့် ဆက်သလိုက်သောစာကို ချက်ချင်းဖောက်ဖတ်လိုက်သည်။

*မန်ချူးစစ်ဦးစီးချုပ် ခန်းအန်းမင်းကြီးခင်ဗျား–*

*ကျွန်တော်မျိုးနိုင်ငံဟာ အဆွေတော်တို့လို အင်*



*အားကြီး နိုင်ငံနှင့် အံတုနစ်ရခြင်းမှာ တရုတ်သစ္စာဖောက်တစ်စုတို့၏ အကြပ်ကိုင်ခြင်းကြောင့် ဖြစ်ပါသည်။*

*ကျွန်တော့်အနေနဲ့ ၎င်းဆုံးဖြတ်ချက်ကို လုံးဝသဘောမတူပါ၊ သို့ဖြစ်၍ ကျွန်တော့်ကိုယ်စား အထူးကိုယ်စားလှယ်တစ်ဦး လွှတ်လိုက်ပါကြောင်း။*

*သူဟာ ကျွန်တော့်ရဲ့ အတွင်းလူယုံတော်ဖြစ်၍ဘာမဆို တိုင်ပင်နိုင်ပါတယ်ခင်ဗျား။*

*အရှင်မင်းကြီးရဲ့အမိန့်ကို နာခံလျက်ပါ။*

*နန်းရင်းဝန် ဟာရန်။*

စာကိုဖတ်ပြီးသောအခါ ခန်းအန်းမင်းမှာ ယုံမှားသံသယဖြစ်လေတော့သည်။

သို့သော် နံဘေးတွင်ရှိသော ဒုဦးစီးချုပ်ဟိုင်နန်က စာကိုကောင်းဖတ်ကြည့်ရင်း တံဆိပ်တုံးများဖြင့် နှိပ်ထားသော တံဆိပ်ကိုသေချာစစ်ဆေးပြီး ဖြေလိုက်၏။

"အရှင်မင်းကြီး ...ဒီကိစ္စမှာ ယုံမှားသံသယရှိဖို့ မလိုပါဘူး၊ စာအရဆိုရင် သူတို့ချင်း သဘောကွဲလွဲနေတယ်ဗျ ...၊ အဲဒီတော့ ပရိယာယ်ဖြင့် ဉာဏ်ဆင်တာ မဖြစ်နိုင်ဘူး"

"အို ...ဒါဆိုရင် မင်းရဲ့သဘောက ဘယ်လိုစီစဉ်ရင် ကောင်းမလဲ ..."

www.burmeseclassic.com

www.burmesesclassic.com



ခန်းအန်းမင်းကြီး၏ မေးခွန်းကို ကြားသောအခါ ဟိုင်နန်က သူ၏နံဘေးသို့ကပ်၍ တီးတိုးပြောဆိုလိုက်လေသည်။

အတန်ကြာ ဧည့်ခန်းမှာ စားသောက်ဖွယ်ရာစုံလင်စွာဖြင့် ထမင်းစားဝိုင်းတစ်ဝိုင်း ပြင်ပြီးလေပြီ။

ခန်းအန်းမင်းကြီးသည် ကိုယ်ရံတော်တပ်ဖွဲ့တို့ကို ဖယ်ရှား၍ အထူးကိုယ်စားလှယ်တို့ကို ဟိုင်နန်နှင့်တကွ ကျင်းတောင်ညီနောင် နှစ်ဖော်ပါ ခေါ်ဆောင်၍ ဧည့်ခံလေသည်။

သူတို့တစ်တွေသည် နီပေါကိုယ်စားလှယ်နှင့် လေးနာရီတိတိ တီးတိုးတိုင်ပင်ညှိနှိုင်းခဲ့လေ၏။

နီပေါကိုယ်စားလှယ် ပြန်ကာနီးတွင် နန်းရင်းဝန် ဟာရန် အတွက် လက်ဆောင်ပဏ္ဏာများ ထည့်ပေးလိုက်သေး၏။

သို့သော် မည်သည့်အကြောင်း ဆွေးနွေးခဲ့သည်ကို သူတို့ လေးယောက်မှတစ်ပါး မန်ချူးတပ်မှူးများ လုံးဝမသိရပေ။

နန်းရင်းဝန် ဟာရန်၏ အထူးကိုယ်စားလှယ်နှင့် ဆွေးနွေးပြီးသည့်နောက်ပိုင်းတွင် ခန်းအန်းမင်းကြီးမှာ ခံတပ်ကတုတ်ကျင်းများစွာကို တူးခိုင်းပြီး တိုက်စစ်မဆင်နွှဲတော့ဘဲ အခိုင်အမာစောင့်ကြပ်နေတော့၏။

-- ✱

အိမ်ရှေ့မင်းသား အာပုမင်သည် မန်ချူးတပ်ဖွဲ့ကို ရေခဲကန် ဘက်မှ ရှောင်တခင်ဝင်ရောက်တိုက်ခိုက်မည် စိုးရိမ်သောကြောင့်



အနောက်ဘက် မာလဆတောင်တန်းကို စောင့်ကြပ်ရန် တပ်သားသုံးထောင်ကို အစောင့်တပ်ဖွဲ့အဖြစ် ချခဲ့သည်။

သို့သော် ရက်သတ္တနှစ်ပတ်ကြာသည့်တိုင် မန်ချူးတပ်ဖွဲ့၏ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရသောကြောင့် အလွန်အမင်း အံ့ဩမိသည်။

တစ်နေ့သောအခါ မျိုးချစ်သူရဲကောင်းတို့ ဧည့်ခန်းထဲတွင် စုရုံး၍ စကားပြောနေစဉ်မှာပင် အပြင်ဘက်မှ ကိုယ်ရံတော်တပ်သား တစ်ဦး ဝင်လာပြီး အစီရင်ခံသည်။

"အဆွေတော်တို့ ...အိမ်ရှေ့မင်းသား အခေါ်လွှတ်လိုက်ပါတယ်၊ အရေးပေါ်ဆွေးနွေးစရာရှိလို့ ဌာနချုပ်ကို ကြွကြပါခင်ဗျား"

ထိုအခါ ဆရှူန်မင်သည် အံ့ဩစွာရေရွတ်သည်။

"အင်း ...အခုတလော မန်ချူးဘက်ကလှုပ်ရှားမှု မရှိပါဘူး၊ အဆွေတော် အိမ်ရှေ့မင်းသားဟာ ဘယ်လိုအကြောင်းထူးလို့ အခေါ်လွှတ်လိုက်ပါလိမ့်"

သို့ဖြစ်၍ ၎င်းတို့လူသိုက်သည် ဇဝေဇဝါဖြစ်ရင်း အာပုမင်၏ ရုံးတိုင်ရာဌာနချုပ်သို့ လိုက်သွားကြသည်။

အိမ်ရှေ့မင်းသား အာပုမင်သည် စိုးရိမ်ပူပင်သောမျက်နှာထားနှင့် သူတို့ကို ဆီးကြိုဧည့်ခံသည်။

"အဆွေတော်တို့ ...ထိုင်ကြဗျာ၊ ကျုပ်တို့တပ်ဖွဲ့ရဲ့ စားရိက္ခာဟာ နောက်ငါးရက်ကြာရင် ပြတ်တော့မယ်ဗျ ..."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားသောအခါ မျိုးချစ်သူရဲကောင်းတို့သည် အလွန်အမင်း ထိတ်လန့်တုန်လှုပ်မိတော့၏။

အဘယ်ကြောင့်ဆိုသော် ထုံတူဂိတ်ကို စောင့်ကြပ်သော တပ်ဖွဲ့တို့သည် စစ်သည်ဦးရေပေါင်း ရှစ်သောင်းခန့် ရှိ၏။

ဒုတိယစစ်ကြောင်းတွင် ထားရှိသော တပ်ဖွဲ့ပါထည့်တွက်လျှင် စစ်သည်ဦးရေ တစ်သိန်းနှစ်သောင်းခန့် ရှိပေသည်။

သို့ဖြစ်၍ ဆချွန်မင်က အလောတကြီးဖြင့် မေးလိုက်လေတော့သည်။

"အို ...အဆွေတော်၊ လွန်ခဲ့သော သုံးရက်က အဆွေတော် စားနပ်ရိက္ခာပို့ဖို့ အမှာစားပါးလိုက်တယ် မဟုတ်လား၊ ဘယ့်နှယ် ကြောင့် အခုထက်ထိ အကြောင်းမပြန်သေးတာလဲ"

"ဟုတ်ကဲ့ခင်ဗျာ ...ဖခမည်းတော်ဟာ ကျုပ်ရဲ့ အမှာစာကို တွေ့ရင် မနေပါဘူး၊ အခုထက်ထိ အကြောင်းမပြန်သေးတာ ကျုပ် အံ့ဩလို့ မဆုံးပါဘူး"

ထိုစဉ် နံဘေးမှ ရွှေလေးရှင်မင်းသမီးက ရုတ်တရက်ဝင်မေး လိုက်၏။

"ဒီမှာ အဆွေတော် ...ရှင်တို့ နန်းတွင်းက စားနပ်ရိက္ခာတွေ တာဝန်ယူတာ ဘယ်သူတုန်းရှင့် ..."

"ဟုတ်တယ်ခင်ဗျား ...ကျုပ်လဲ အခုမှ စဉ်းစားမိတယ်၊



စားနပ် ရိက္ခာကို တာဝန်ယူတာ နန်းရင်းဝန်ဟာရန်ဗျ ...၊ ပြဿနာဟာ သူ့ကြောင့်ထင်တယ်ဗျ"

ထိုအခါ ၎င်းဝေဖန်ချက်ကို သဘောတူကြောင်း ရွှေလေးရှင် မင်းသမီးက ခေါင်းအသာညိတ်၍ ဖြေလိုက်၏။

အိမ်ရှေ့မင်းသား အာပုမင်သည် ဒေါသအလွန်ထွက်ရင်းက မကျေမချမ်းဖြင့် ဆက်ဆိုလိုက်၏။

"တောက် ...စားနပ်ရိက္ခာဆိုတာ တပ်မတော်ရဲ့ အသက်သွေး ကြောဗျ၊ ဒီကောင် ဘာမို့လို့ တားဆီးရတာလဲ၊ အို ...မဖြစ်သေး ပါဘူး၊ ကျုပ် နန်းတွင်းကို ဖခမည်းတော်နဲ့ တွေ့ဖို့ တစ်ခေါက် ပြန်ဦးမှပဲ ..."

ပြဿနာက အလွန်အရေးကြီးသောကြောင့် အားလုံး ငြိမ် သက်စွာဖြင့် နားစွင့်မိကြသည်။

ထိုအခါ ဆရာကျိုချန်က သူ့ဝေဖန်ချက်ကို တင်ပြလိုက်၏။

"အဆွေတော်ရဲ့ ဆုံးဖြတ်ချက် မှန်ကန်ပါတယ်၊ ဒါပေမယ့် အဆွေတော်ဟာ တပ်မတော်ရဲ့စစ်ဦးစီးချုပ်မို့ နန်းတွင်းသို့ရုတ်တရက် ပြန်သွားရင် ဒီမှာ ဖရိုဖရဲဖြစ်မှာ စိုးရတယ်"

ထိုစကားကြောင့် အာပုမင် ခေတ္တတွေဝေသွား၏။ သို့သော် အာပုမင်က ယတိပြတ်ဆုံးဖြတ်လိုက်လေတော့သည်။

"ဟုတ်ကဲ့ ...ဆရာကျိုချန် ဝေဖန်တာ မှန်ပါတယ်ဗျာ၊ ဒါပေ မယ့် စားနပ်ရိက္ခာပြဿနာဟာ မဖြေရှင်းလို့ မဖြစ်ဘူးဗျ၊ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်အာဏာကို ကျုပ် ...ရွှေလေးရှင်မင်းသမီးကို အကုန်လွှဲပြောင်းပေးခဲ့မယ်၊ ပြီးတော့ ခင်ဗျားတို့ စိတ်တူညီတူ ဝိုင်းဝန်းကူညီရင် ပြဿနာတက်စရာ အကြောင်းမရှိပါဘူး ..."

သူ၏ဆုံးဖြတ်ချက်ကို ကြားသောအခါ ရွှေလေးရှင်မင်းသမီးမှာ တာဝန်ကို လက်ခံရန်သာ ရှိတော့သည်။

အိမ်ရှေ့မင်းသား အာပုမင်သည် ချက်ချင်းဆိုသလို ထိပ်သီးအစည်းအဝေးတစ်ခုကို ကျင်းပလိုက်၏။

သက်ဆိုင်ရာ ဗိုလ်မှူးများနှင့် တာဝန်ရှိသူများကို ဖိတ်ခေါ်၍ တာဝန်လွှဲပြောင်းရသော အကြောင်းရင်းကို ရှင်းပြလိုက်သည့်အပြင် အမိန့်နာခံရန်ပါ တိုက်တွန်းပြောဆိုလိုက်သည်။

ထိုအခါ စစ်သေနာပတိ အိမ်ရှေ့မင်းသား အာပုမင်၏မိန့်ကြားချက်ကို ကြားသည်နှင့် သက်ဆိုင်ရာဗိုလ်မှူးနှင့် တပ်ကြပ်တို့က သံပြိုင်ဖြေဆိုလိုက်သည်။

"စိတ်ချသာသွားပါ မင်းသားလေး ...၊ ကျွန်တော်တို့ အသက်ရှင်နေသရွေ့တော့ မန်ချူးနယ်ရဲ့တွေကို အရိုးကြေကြေအရေခန်းခန်း တိုက်ပွဲဝင်ပါမယ်"

အစီအစဉ်များပြီးသောအခါ အာပုမင်မှာ ချက်ချင်းခရီးထွက်ရန် ပြင်ဆင်လေတော့သည်။

၎င်းအချိန်မှာပင် ဆရျွန်မင်က သူ့ဆီလျှောက်သွားကာ ပြောဆိုလိုက်လေ၏။



"ဒီမှာအဆွေတော် ...အဆွေတော်တစ်ယောက်တည်း ပြန်သွားရင် အဖော်ကင်းမဲ့ပြီး ပြင်းနေမယ်ဗျ၊ အဲဒီတော့ ...ဒီမှာလဲ ကိစ္စအထူးအထွေမရှိတာနဲ့ ကျွန်တော်တစ်ပါတည်းလိုက်ပါရစေ၊ လိုက်တဲ့အခါ တိုင်ပင်ဆွေးနွေးဖော် ရတာပေါ့ ..."

"အို ...ဒါဆိုရင် ပိုအဆင်ပြေတယ်"

"ဟုတ်ကဲ့ ...ဒါဖြင့် ကျွန်တော် စီစဉ်စရာနည်းနည်း ရှိပါသေးတယ် ..."

ဆရျွန်မင်သည် ပြောပြောဆိုဆိုဖြင့် အထဲသို့ဝင်သွားပြီး ဆရာကျိုးချန်တို့ကို နှုတ်ဆက်ကာမှာကြားလိုက်၏။

ထို့နောက် မျိုးချစ်သူရဲကောင်းတို့ လူသိုက်သည် အိမ်ရှေ့မင်းသား အာပုမင်နှင့် ဆရျွန်မင်တို့ကို မြို့ရိုးတံခါးအထိ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

✻ ✻ ✻

အိမ်ရှေ့မင်းသား အာပုမင်နှင့် ဆရျွန်မင်တို့သည် ကိုယ်ရံတော်တပ်သား ရှစ်ယောက်ကို ခေါ်ဆောင်ပြီး မာလဆာတောင်တန်းကို ဖြတ်ကျော်ခဲ့၍ ဂျာတာမန်ဒိုမြို့တော်သို့ အပြင်းနှင်နေတော့၏။

နေဝင်ရီတရောအချိန်တွင် ၎င်းတို့လူသိုက်သည် လမ်းခုလတ်သို့ ရောက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အိမ်ရှေ့မင်းသား အာပုမင်က မြင်းကိုအပြင်းနှင်၍ တောင်ကြားလမ်းရှိရာသို့ ရောက်သွားလေတော့သည်။

ဆရွှန်မင်နှင့် ကိုယ်ရံတော်တပ်သားများကလည်း နောက်မှ အပြင်းနှင်၍ ထက်ကြပ်မကွာ လိုက်ပါလာခဲ့လေသည်။

ထိုအခိုက် ...

"အမလေးဗျ ..."

တပ်သားတစ်ဦး၏ အလန့်တကြားအော်သံကို ကြားလိုက်ရ၏။

အဘယ်ကြောင့်ဆိုသော် ...

တောင်ခါးစောင်းမှနေ၍ ကျောက်တုံးကြီးတစ်တုံးက တဝုန်းဝုန်းမြည်၍ ကျလာသောကြောင့်တည်း။

ထိုအခါ အိမ်ရှေ့မင်းသား အာပုမင်မှာ ရှောင်ရှားရန် အချိန်မရတော့ပေ။

ကျောက်တုံးကြီးမှာ ခေါင်းပေါ်သို့ တည့်တည့်မတ်မတ်ကျရောက်လာသည်။

တောင်ကြားလမ်းမှာ ကျဉ်းမြောင်းလှသောကြောင့် ရှောင်တိမ်းရန် နေရာပင်မရှိပေ။

ထိုအခိုက် ဆရွှန်မင်က တုံ့ဆိုင်းမနေဘဲ မြင်းပေါ်မှလွှားခနဲခုန်ဆင်းလိုက်ပြီး ကိုယ်ဖော့ပညာဖြင့် အာပုမင်အား တစ်ဖက်သို့ တွန်း၍ ကယ်တင်လိုက်သည်။



အာပုမင်နှင့် တပ်သားများအားလုံး အသက်ချမ်းသာရာ ရကြ၏။

ထို့နောက် ဆရွှန်မင်မှာ တွေဝေမနေတော့ဘဲ တောင်ခါးစောင်းရှိရာသို့ တစ်ရှိန်ထိုး ပြေးတက်သွားသည်။

ပတ်ဝန်းကျင်ကို လှော်လာအကဲခတ်ပြီးသည်နှင့် တောင်အောက်သို့ ပြန်ဆင်းလာသည်။

သူ၏အပြုအမူကို နားမလည်နိုင်သောကြောင့် အာပုမင် အံ့သြရင်း မေးလိုက်၏။

"နောင်ကြီး ဆရွှန်မင် ခင်ဗျား ခုနက တောင်ပေါ်တက်သွားတာ ဘာလုပ်ဖို့လဲဗျ ..."

"ဒီလိုပါအဆွေတော် ...ခုနက ကျောက်တုံးကြီးလိမ့်ကျတဲ့နေရာဟာ သံသရရှိစရာ ကောင်းလွန်းလို့ပါ၊ အဲဒါကြောင့် ကျွန်တော် အပေါ်တက်ပြီး အခြေအနေကိုကြည့်တာပါ"

"အို ...နောင်ကြီး အတွေးလွန်နေပြီထင်တယ်၊ တောင်ပေါ်က ကျောက်တုံးလိမ့်ကျတာဟာ သမားရိုးကျကိစ္စပါဗျာ၊ ပြီးတော့ မန်ချူးနယ်ချဲ့တွေဟာ အစွမ်းဒီလောက် မထက်ပါဘူး၊ လာပါ ...ကျုပ်တို့ ခရီးဆက်ကြစို့"

ထိုသဲထိတ်ရင်ဖိုအဖြစ် ဖြစ်ပွားပြီးသည့်နောက် အာပုမင်မှာ သတိကြီးစွာထား၍ ခရီးဆက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ မှောင်ရီပျိုးစအချိန်မှာပင် နန်းတော်တည်ရှိရာ မြို့တော်ကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်ရတော့သည်။

သူတို့ တောင်ကြားလမ်းမှ ထွက်ခွာခဲ့သည်နှင့် မြေပြန့်ဖြစ်သော လမ်းမကြီးပေါ်သို့ ရောက်သွားကြတော့၏။

ထိုစဉ် တာလမ်းနံဘေးမှ တဲ လေး, ငါးလုံးထိုးထားသည်ကို မြင်ရသည်။

တာလပတ်တဲများ၏ ရှေ့ဘက်တွင် နီပေါစစ်သည်များ တန်းနှစ်တန်းတန်း၍ ရပ်နေသည်ကို မြင်ရသည်။

ၾငင်းတို့ကိုတွေ့သောအခါ သတင်းအစအနရမည်ဖြစ်၍ အာပုမင်သည် ဝမ်းသာအားရဖြင့် မြင်းကို အပြင်းနှင်လိုက်လေသည်။

သို့သော် တပ်သားများသည် အိမ်ရှေ့မင်းသားကိုမြင်သော်လည်း ရိုသေကိုင်းရှိုင်းမှုမရှိဘဲ ခါးတွင်ချိတ်ထားသောဓားကို လက်ဖြင့်ဖိကာ ရပ်မြဲရပ်နေ၏။

"အင်း ...တယ်မိုက်ရိုင်းတဲ့ကောင်တွေပါလား၊ ဒီကောင်တွေ ကွက်မျက်ခံချင်နေကြပြီ ထင်တယ်"

အာပုမင်သည် ဒေါသအမျက်ချောင်းချောင်းထွက်ရင်း ထိုစစ်သည်တို့ကို ကြာပွတ်ဖြင့် ရိုက်ဆုံးမရန် ဟန်ပြင်လိုက်သည်။

သို့သော် ၎င်းအချိန်မှာပင် တဲအိမ်ထဲမှ အမတ်တစ်ဦးထွက်လာသည်ကို မြင်ရတော့သည်။



ထိုလူသည် အသက် ၄၀ ကျော်ခန့်ရှိသော အမတ်စုလီမိပင်ဖြစ်၏။

အမတ်စုလီမိကိုမြင်သောအခါ အာပုမင် သာ၍ဒေါသထွက်မိတော့၏။

သို့ပေမယ့် ၎င်းအနိုက်မှာပင် အမတ်ကြီးစုလီမိက အမိန့်တော်စာရွက်ကို ဖြန့်ပြ၍ အော်ပြောလိုက်သည်။

"သားတော်အာပုမင် ...ဟောဒါ ဘာလဲဆိုတာ အသေအချာကြည့်စမ်း ...၊ မြင်းပေါ်က ဘာ့ကြောင့်မဆင်းသေးတာလဲ ..."

အမတ်ကြီးစုလီမိ၏ ရာထူးသည် မြို့ပိုင်ရာထူးနှင့်သာ အဆင့်တူညီ၏။

သာမန်အချိန်မှာဆိုရင် အိမ်ရှေ့မင်းသား အာပုမင်ကို တွေ့သောအခါ နန်းထုံးနန်းလျှာအတိုင်း သူ့ကို ဂါရဝပြုရပေမည်။

သို့သော် ယခုအချိန်တွင် သူ၏လက်ထဲမှာ အမိန့်တော်ပါလာသောကြောင့် အာပုမင်က မြေပေါ်တွင် ပြားပြားဝပ်၍ အမိန့်တော်ကို ရိုသေစွာဖြင့် နာခံလိုက်ရ၏။

ထိုအခါ အမတ်ကြီးစုလီမိက သူ့ကို မျက်စောင်းတစ်ချက်ခဲရင်း အမိန့်တော်ကိုပြန်၍ မိန့်ကြားလိုက်သည်။

"မင်းသားအာပုမင်သည် ခမည်းတော်၏အမိန့်မပါဘဲ နန်းတော်သို့ တိတ်တဆိတ်ပြန်လာခဲ့သည်။ ထို့ကြောင့် ရွှေထီးနန်းလုယူရန် ကြံစည်မှုအတွက် ကွက်မျက်ရန် အမိန့်တော်ထုတ်ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားလှယ်တော် စုလီမီကို သေဒဏ်စီရင်ရန် အာဏာကုန်လွှဲအပ်လိုက်သည်"

အမိန့်တော်ကို နားရှိလို့သာကြားလိုက်ရသော်လည်း အာပုမင်သည် သူ၏နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်မိ၏။

သူသည် အလွန်အမင်းထိတ်လန့်၍ ကြက်သေသေမိလေသည်။ သူ၏ကိုယ်ရံတော်တပ်သား ရှစ်ယောက်တို့မှာ ဘာမှမတတ်နိုင်ဘဲ မြေပြင်ပေါ်မှာ ပြားပြားဝပ်နေရသည်။

ထိုအခါ အမိန့်တော်ကို မိန့်ကြားပြီးသည်နှင့် အမတ်ကြီးစုလီမီက ချက်ချင်း ဟစ်အော်လိုက်သည်။

"ဟောကောင်တွေ ...ဆွဲထုတ်ပြီး ကွက်မျက်ပစ်စမ်း"

အမိန့်ကိုကြားသည်နှင့် အာဏာပါးကွက်သား နှစ်ယောက်ထွက်လာတော့သည်။

သူတို့နှစ်ယောက်သည် အရုပ်အမောင်းကောင်းသော ယောကျ်ားနှစ်ယောက်ဖြစ်ပြီး နန်းတွင်းသက်တော်စောင့် ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူတို့လက်ထဲမှာ ဘုရင်မင်းမြတ်အပ်နှံထားသော တန်ဖိုးရှိဓားတစ်လက် ပါလာလေသည်။

သူတို့သည် ဓားကိုမပြီး အာပုမင်ကို ပိုင်းချမည်ဟု ဟန်ပြင်သောအခါ ဆချွန်မင်က နံဘေးမှ ပြေးထွက်လာ၏။

ထို့နောက် လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်၏။



ကခြားလူဆိုလျှင် ထိုသိုင်းကွက်ကို ရှောင်တိမ်းရန် မလွယ်ပေ။ သို့သော် ထိုသက်တော်စောင့်က ပခုံးကို အသာကြို့၍ ဆချွန်မင်၏ ထိန်းချုပ်ခြင်းကို အလွယ်တကူ တိမ်းရှောင်လိုက်သည်။

"အလို ...ဒီလူဟာ သိုင်းပညာတတ်ပါကလား"

ဆချွန်မင်က ကျိတ်၍ မှတ်ချက်ချလိုက်၏။

"ဟော ...သစ္စာဖောက် ..."

အစောင့်တပ်သားက သူ၏စကားဆုံးလျှင် ဝဲဘက်ခြေထောက်ကိုမြှောက်၍ ခတ်လိုက်၏။

တစ်ချိန်တည်းမှာပင် သက်တော်စောင့် နောက်တစ်ယောက်က ဓားကိုမြှောက်၍ ဝပ်နေသော အာပုမင်ကို အဟုန်ပြင်းစွာဖြင့် ခိုင်းချလိုက်သည်။

ထိုသက်တော်စောင့်နှစ်ယောက်ကို သေချာစွာ အကဲခတ်ကြည့်သောအခါ နှာခေါင်းချွန်ပြီး အသားမည်းသည်ကို မြင်ရ၍ အိန္ဒိယတိုင်းရင်းသားမှန်း အကဲခတ်မိတော့သည်။

ထို့နောက် ဆချွန်မင်သည် တုန့်ဆိုင်းမနေတော့ဘဲ သက်တော်စောင့်နှစ်ဦးစလုံးကို ဘယ်ဝိုက်ညာဝိုက် လက်သီးနှစ်ချက် ပေးလိုက်၏။

"ဝုန်း ...ဝုန်း ..."

ထိုသက်တော်စောင့်နှစ်ယောက်တို့သည် အဝေးသို့ လွင့်စဉ်သွားတော့၏။

www.burmeseclassic.com

www.burmesesclassic.com



ထိုမြင်ကွင်းကို မြင်သောအခါ အမတ်ကြီးစုလီမီသည် ဒေါသထွက်ပြီး ကြိမ်းဝါး၍ အမိန့်ပေးလိုက်ပြန်၏။

"ဒီလူဟာ ဥပဒေအာဏာကို ဖီဆန်တဲ့ကောင်ကွ ...၊ အဲဒီတော့ ဒီကောင်ကို စိစိညက်ညက်ဖြစ်အောင် ဝိုင်းတိုက်ကြ မ်း"

ထိုအမိန့်ကြားသည်နှင့် အမတ်ကြီး၏နောက်လိုက်စစ်သည်တို့သည် ဓားကိုယ်စီဖြင့် ဆရှန်မင်ကို ဝင်ဝိုင်းေ တော့၏။

သို့သော် ဆရှန်မင်က မထိဟန်ဖြင့် ရှေ့ းမှဝင်လာသောရန်သူကို ကျွမ်းထိုးမှောက်ခုန်ဖြစ်အောင် ဝဲခြေဖြင့် တစ်ချက်တည်းခုန်၍ခတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဆရှန်မင်က တစ်ဖက်သို့ လှည့်၍ ဆိုလိုက်ပြန်၏။

"အဆွေတော် ...ရုတ်ရုတ်သဲသဲဖြစ်နေတဲ့အချိန်မှာ အမိန့်တော်ကို နာခံဖို့မလိုဘူးဗျ၊ ပြီးတော့ အမိန့်တော်ဟာ အတုဖြစ်ချင်ဖြစ်နေမှာဗျာ၊ ဘယ်သူက အစစ်လို့ အာမခံနိုင်မှာလဲ ..."

ထိုစကားကြားတော့မှ အာပုမင်သည် ချက်ချင်း နားလည်သွားသည်။

သို့ဖြစ်၍ တပ်နေရာမှထခုန်ရင်း ဆောင်ဓားကို ချက်ချင်းဆွဲထုတ်၍ အမတ်ကြီး၏ နောက်လိုက်တို့ကိုဝင်၍ တိုက်ခိုက်လေတော့သည်။

သည်နောက် အိမ်ရှေ့မင်းသားအာပုမင် အမှူးပြုသော ကိုယ်ရံ



တော်တပ်သား ရှစ်ယောက်တို့သည် အမတ်ကြီးစုလီမီ၏ နောက်လိုက်များနှင့် ပြင်းထန်သောတိုက်ပွဲ အကြိတ်အနယ်ဆင်နွှဲကြသည်။

တစ်ဖက်တွင် ဆရှန်မင်သည် သက်တော်စောင့်နှစ်ဦးနှင့် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။

ထိုအိန္ဒိယတိုင်းရင်းသားနှစ်ဦးတို့၏ သိုင်းပညာမှာ ထူးခြားသော်လည်း ကွန်ဖူးသိုင်းပညာကို ယှဉ်၍မရပေ။

ထို့ကြောင့် ဆရှန်မင်သည် ထက်မြက်လှသော ဆောင်ဓားဖြင့် ဝင်ပိုင်းလိုက်သောအခါ သက်တော်စောင့်တစ်ယောက်၏ ဓားမှာ ထက်ပိုင်းပြတ်သွားပြီး လက်ကိုပင် ထိသွားလေသည်။

သက်တော်စောင့်တို့သည် ငယ်သံပါအောင်အော်ရင်း လက်မောင်းကိုပိုက်၍ ရှောင်တိမ်းသွားကြသည်။ ထိုအခါ တစ်ဖက်တွင် တိုက်ပွဲဝင်နေသော အာပုမင်မှာ ရှုပ်ရှုပ်ရှုံ့ရှုံ့တိုက်ခိုက်နေတော့သည်။

သူ၏သက်စွန့်ဆံဖျား တိုက်ခိုက်မှုကြောင့် အမတ်ကြီး၏ နောက်လိုက်ခုနစ်ယောက်ခန့် အတုန်းအရုန်း လဲကုန်ကြ၏။

ထို့ပြင် အာပုမင်၏ ကိုယ်ရံတော်တပ်သားတို့သည် သခင်နှင့်ထပ်တူထပ်မျှ အသက်ကိုပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသောကြောင့် အမတ်ကြီးစုလီမီ၏ နောက်လိုက်များ ထိတ်လန့်တုန်လှုပ်ပြီး ကစဉ့်ကလျားဖြင့် နောက်ဆုတ်ကြသည်။

ထိုအခါ အခြေအနေမဟန်မှန်း မြင်သောအခါ အမတ်ကြီးစုလီမီ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmesesclassic.com



"ဟေ့ကောင် ...မင်းဘယ်ပြေးမလို့လဲ ..."

ဆရှုန်မင်သည် ပြောပြောဆိုဆိုဖြင့် ငှက်စွန်တစ်ကောင်ပမာ ခုန်ပျံ၍ ကြက်ကိုစွန်ချီသကဲ့သို့ အမတ်ကြီး စုလီမီကို ဖမ်းဆွဲလိုက်လေ၏။

"အမလေး ...ကယ်တော်မူပါ"

အမတ်ကြီးစုလီမီက ငယ်သံပါအောင် အော်ဟစ်လိုက်သော အခါ သူ၏နောက်လိုက်များမှာ တချိုးတည်းသုတ်ချေတင်ကြတော့ သည်။

ၾ၎င်းအချိန်တွင် အာ့ပုမင်က အခဲမကျေဟန်ဖြင့် နောက်လိုက်များကို လိုက်သတ်ရန် ကြိုးစားသေး၏။

သို့သော် ဆရှုန်မင်က အချိန်မီခေါ်လိုက်လေသည်။

"အဆွေတော် ...သူတို့နောက်ကို မလိုက်ပါနဲ့၊ အမိန့်တော် ဒီမှာဗျ"

သူသည် ပြောဆိုရင်း မြေပြင်ပေါ်သို့ ကျသွားသော အမိန့်တော်ကို ကောက်၍ ကမ်းပေးလိုက်၏။

ထိုအခါ အာပုမင် ဒေါသူပုန်ထရင်း ဆောင်ဓားကို ဓားအိမ် တွင်းသို့ ပြန်သွင်းလိုက်၏။

ထို့နောက် အမိန့်တော်ပြန်တမ်းကို လက်ခံ၍ သေချာစွာ ကြည့်လိုက်သည်။



ဖခမည်းတော်၏လက်ရေးနှင့် တံဆိပ်တုံးခတ်ထားသည်ကို မြင်သောအခါ ယူကြုံးမရဖြစ်မိတော့သည်။

"အမလေး ...ရက်စက်လှချည့်လား ဖခမည်းတော်၊ သားတော် ကို တကယ်ပင် သေဒဏ်ချမှတ်ပါလား၊ ဖခမည်းတော် စိတ်ပြောင်း လေတော့ သားတော် ဘယ်လိုဖြေရပါမလဲ ..."

"ဆို ...အဆွေတော် အတွေးမလွန်ပါနဲ့၊ ဒီကိစ္စဟာ သစ္စာ ဖောက်တွေက ကုန်းချောတာပါ၊ နေဦး ...အဆွေတော်၊ ဒီလူကို ကျွန်တော် စစ်မေးကြည့်မယ် ..."

ဆရှုန်မင်သည် ပြောဆိုရင်း ရှုန်ထက်လှသော ဓားသွားဖြင့် အမတ်ကြီးစုလီမီ၏ လည်ပင်းကို ချိန်၍မေးလိုက်သည်။

"ဟိတ်ကောင် ...ဟောဒီ အမိန့်တော်ပြန်တမ်းကို သစ္စာဖောက် နန်းရင်းဝန် ဟာရန် တုပခဲ့တာမဟုတ်လား၊ မြန်မြန်ပြောစမ်း"

သူ၏မေးခွန်းကိုကြားသောအခါ အမတ်ကြီးစုလီမီက တုန်တုန် ယင်ယင်ဖြင့် ဖြေလိုက်လေ၏။

"သူရဲကောင်းကြီး ...၊ ဟောဒါ အစစ်ပါဗျာ ...၊ ဘုရင်မင်း မြတ် ကျွန်တော့်ကို ကိုယ်တိုင်ပဲအပ်ခဲ့တာပါ"

"အခုထက်ထိ အမှန်မပြောသေးဘူးလား ..."

ဆရှုန်မင်သည် မခံမရပ်နိုင်ဖြစ်ပြီး ဆောင်ဓားကို လည်ပင်း ဆီသို့ ထိုးလိုက်လေ၏။

www.burmeseclassic.com

www.burmesesclassic.com



သာမန်လက်နက်ဆိုလျှင် တော်သေး၏။ ဆရှန့်မင်၏ အဖိုးတန်သော ဓားသည် ထိုးလိုက်သည်နှင့် အမတ်ကြီး၏လည်ပင်းသို့ စပါးတစ်ထောက်စာမျှ လျှောဝင်သွား၏။

သို့ဖြစ်၍ အမတ်ကြီး၏ လည်ပင်းမှ သွေးများပန်းထွက်လာသည်။ ဆရှန့်မင်က သူ့မေ့ကြောအား ထိုးပိတ်လိုက်၏။ အားလွန်သဖြင့် စုလီမီ သေဆုံးသွားလေတော့သည်။

"အလို ...နောင်ကြီး အမတ်ကြီးသေဆုံးသွားပြီဗျ"

"တောက် ...အဖြေမရဘဲ သေသွားတာနာတယ်ကွာ၊ လာ ... အဆွေတော် ကျွန်တော်တို့ နန်းတော်ကိုဝင်ကြစို့ ..."

အိမ်ရှေ့မင်းသား အာပုမင်သည် အမိန့်တော်ပြန်တမ်းကို အိတ်ထဲသို့ယည်ပြီး ဆရှန့်မင်နှင့်အတူ မြင်းပေါ်သို့တက်၍ မြို့တော်ရှိရာသို့ အပြင်းနှင်လေတော့သည်။

နာရီဝက်ခန့် မြင်းကိုယ်စီဖြင့် ဒုန်းစိုင်းမိသောအခါ မြို့ရိုးတံတိုင်းကို လှမ်းမြင်လိုက်ရသည်။

ဆရှန့်မင်သည် စူးရှတောက်ပသော မျက်လုံးအစုံဖြင့် အကဲခတ်ရင်း တစ်ဖက်သို့လှည့်၍ ဆိုလိုက်၏။

"ဆက်မသွားနဲ့တော့ အဆွေတော်၊ အခုအချိန်မှာ မြို့ရိုးတံခါးကြီး ပိတ်သွားပြီ"

"တောက် ...ဒီကောင်တွေ အခုအချိန် မြို့ရိုးတံခါးပိတ်တဲ့အချိန်လားကွ၊ နေပါစေ ...၊ ကျူပ်သွားဖွင့်ခိုင်းလိုက်မယ် ..."



အာပုမင်သည် သူ့ကိုယ်သူ ဘုရင့်သားတော်ဆိုပြီး ပေါ့ပေါ့ဆဆ သဘောထားနေသည်။

သို့သော် ဆရှန့်မင်က အခြေအနေကို သုံးသပ်ပြလေ၏။

"ဒီမှာအဆွေတော် ...ကျွန်တော်တို့ သွားဖွင့်ခိုင်းလို့ မဖြစ်ဘူး၊ အဆွေတော်ကို ဘုရင်မင်းမြတ်ကိုယ်တိုင်က ကွက်မျက်ဖို့ အမိန့်ထုတ်ထားတဲ့နောက် အခြေအနေဟာ များစွာပြောင်းလဲနေတယ်၊ အဲဒီတော့ အဖြစ်မှန် မသိမီမှာ ကျွန်တော်တို့ သတိဝီရိယရှိမှဖြစ်မယ်"

"ဒါဖြင့် နောင်ကြီးသဘောက ဘယ်လိုစီစဉ်ကြရင် ကောင်းမလဲ"

"အင်း ...ကျွန်တော့်သဘောအရဆိုရင် နန်းတော်ထဲကို ဖြောင့်မဝင်ဘဲ တိတ်တဆိတ်ဝင်သွားမယ်ဗျ၊ အဆွေတော်ကိုယ်တိုင် ဖခမည်းတော်နဲ့ ဝင်တွေ့ရင် အကြောင်းစုံသိရမှာပါ ..."

ထိုစကားကြားသောအခါ အာပုမင်မှာ စဉ်းစားလေတော့သည်။

ခေတ္တစဉ်းစားလိုက်ရင်း မေးခွန်းထုတ်လိုက်၏။

"အင်း ...တိတ်တဆိတ်ဝင်ပေမယ့် အခုအချိန်မှာ မြို့ရိုးတံခါးပိတ်သွားပြီဗျ၊ အထဲဝင်ချင်လဲ မလွယ်တော့ဘူး"

"စိတ်ချပါအဆွေတော် ...၊ အခုညသန်းခေါင်ကျော်အချိန်မှာ အဆွေတော်ကို ကျွန်တော် နန်းတွင်းအထိ လိုက်ပို့ပါမယ်"

www.burmeseclassic.com

www.burmesesclassic.com



ထိုစကားကြားတော့မှ အိမ်ရှေ့မင်းသား အာပုမင် ပြုံးရယ်နိုင်တော့သည်။ သို့ဖြစ်၍ နေရာမှာပင်တဲထိုးပြီး အနားယူရန် အမိန့်ပေးလိုက်လေတော့၏။

သူတို့အားလုံး အနားယူလိုက်ကြသည်။

✱ ✱ ✱

## အခန်း (၅၇)

## လမ်းလွှဲသောဘုရင်

ကြယ်တံခွန်များ တစ်လက်လက်တောက်ပနေသည်။

ညည့်သန်းခေါင်ယံ ...။

အိမ်ရှေ့မင်းသား အာပုမင်သည် ကောင်းကင်ကို ငေးမောကြည့်ရင်း ရှေ့တန်းစစ်မြေပြင်နှင့် နန်းတွင်းရေးကိုတွေးမိကာ စိတ်မအေးနိုင်ပေ။

မျက်နှာညှိုးလျော့ ပူပန်နေမိချေသည်။

ထိုအခါ ဆရာချုန်မင်သည် မင်းသား၏ သောကစိုးရိမ်ပူပန်ခြင်းကို နှစ်သိမ့်အားပေးစကား ပြော၏။

အချိန်က တရွေ့ရွေ့နှင့် ရွေ့လျားလာ၏။

ထိုအခါ ခပ်လှမ်းလှမ်းမှ ကုလားတက်ခေါက်သံကို သဲ့သဲ့ကြားမိသည်။

www.burmeseclassic.com

www.burmesesclassic.com



ဆရှျန်မင်မှာ ထိုင်၍နှစ်သိမ့်အားပေးခြင်းမှ ရုတ်တရက်ထ လိုက်၏။

"အဆွေတော် ...ခု အချိန်တန်ပြီ၊ ကျွန်တော်တို့ သွားကြစို့"

သူ၏စကားဆုံးသည်နှင့် မင်းသားသည် ညဝတ်အင်္ကျီကို ဝတ်ပြီး ဆောင်ဓားကို ချိတ်လွယ်ကာ ဆရှျန်မင်နှင့်အတူ ထွက်ခွာ ခဲ့သည်။

သည့်နောက် သူတို့သည် အမှောင်ထုကိုအကွယ်အကာယူပြီး မြို့ရိုးဆီသို့ တစ်ဟုန်ထိုးပြေးလေတော့သည်။

ဆယ့်ငါးမိနစ်ခန့် ပြေးမိလျှင် မြို့ရိုးပေါ်သို့ရောက်လာကြ၏။ သူတို့ မြို့ရိုးပေါ်သို့ အဘယ်မှာလျှင် မတက်နိုင်ဘဲရှိပါမည်နည်း။

သူတို့တွင် ကြိုးခွေတစ်ခွေနှင့် ချိတ်တစ်ခုပါလာ၏။

ကြိုးထိပ်တွင် သံချိတ်ကိုချည်နှောင်ပြီး ကင်းသမားမရှိချိန် တွင် မြို့ရိုးပေါ်သို့ ကြိုးနှင့်ချိတ်ကို ပစ်တင်လိုက်၏။

ထိုအခါ ချိတ်မှာ အချိန်အဆမှန်ကန်စွာဖြင့် မြို့ရိုးတစ်နေရာ တွင် ချိတ်သွား၏။

သည့်နောက် နှစ်ဦးသား ယင်းကြိုးအတိုင်း မြို့ရိုးပေါ်သို့ တက်လိုက်ကြ၏။

ယင်းကြိုးမှာ မင်းသား အာပုမင်အတွက်သာ ဖြစ်၏။

ဆရှျန်မင်မှာ ကိုယ်ဖော့ပညာဖြင့် ကြိုးကိုထိန်းကိုင်ရုံသာ ကိုင်ပြီး မြို့ရိုးပေါ်သို့ ပေါ့ပါးစွာ တက်ရောက်သွား၏။



နှစ်ဦးသား မြို့ရိုးလမ်းအတိုင်း ဆက်၍လျှောက်လာခဲ့၏။

ထိုအခိုက် သူတို့နှစ်ဦးထံသို့ စစ်သည်နှစ်ဦးရောက်လာ၏။

"ဟေ့ ...ဘယ်သူလဲ"

ဆရှျန်မင်မှာ လျှပ်တစ်ပြက်လျှင်မြန်သောအဟုန်ဖြင့် ခုန်လိုက် ပြီး ကင်းသမားနှစ်ဦးတို့၏ သွေးကြောနေရာသို့ လှမ်းထောက်လိုက် ၏။

ထိုအခါ ကင်းသမားနှစ်ဦးမှာ မအော်နိုင်ဘဲ မြေပြင်ပေါ်သို့ မှားမှောက်လဲကျသွားလေတော့၏။

ထို့နောက် နှစ်ဦးသား မြို့ရိုးလှေကားမှ တိတ်တဆိတ် ဆင်း ခဲ့ကြပြီး မြို့ထဲလမ်းမသို့ လာခဲ့ကြ၏။

ပိုးတဝါးလရောင်အောက်တွင် မြို့တော်တစ်ခွင်မှာ ခြောက် ကပ်တိတ်ဆိတ်နေ၏။

နှစ်ဦးသား လက်တွဲပြီး နန်းတော်ရှိရာသို့ တစ်ဟုန်ထိုးပြေး သွား၏။

နန်းတော်တံခါးဝသို့ရောက်လျှင် ဆရှျန်မင်သည် မင်းသား အား မကြာတွင်ပိုး၍ ကိုယ်ဖော့ပညာဖြင့် အားယူ၍ ခုန်လိုက်၏။

နှစ်ဦးသား ပေါ့ပါးစွာဖြင့် တစ်ဖက်အတွင်းရှိ ပန်းဥယျာဉ် တစ်နေရာသို့ ရောက်သွားကြ၏။

ထိုဥယျာဉ်နေရာတွင် ရေကန်တစ်ကန်ကို တွေ့ရသည့်အခါ မင်းသား အာပုမင်က ခပ်တိုးတိုးပြောသည်။

www.burmeseclassic.com

www.burmesesclassic.com



"နောင်ကြီး ဆချွန်မင် ...ဒီနေရာဟာ နမတော်စံမြန်းတဲ့ အဆောင်ဗျ၊ ဒီတော့ ...ကျွန်တော် အကြံတစ်ခုရတယ်၊ ဖခည်းတော်နဲ့ မတွေ့ခင် နမတော်နဲ့ အရင်တွေ့ရင်ကောင်းမယ်"

"အင်း ...ကောင်းတယ်၊ ဒါဖြင့် ...ကျုပ်တို့ သွားကြရအောင်"

နှစ်ဦးသား မင်းသမီးဒေစီလီ၏ အဆောင်သို့ ကိတ်တဆိတ် လာခဲ့ကြသည်။

မင်းသားအာပုမင်သည် အဆောင်တွင်းသို့ဝင်ရန် ခန်းဆီးကို မ,လိုက်သည်နှင့် အပျိုတော်စီစီကို မျက်နှာချင်းဆိုင် တွေ့လိုက်ရ၏။

အပျိုတော်စီစီမှာ နမတော်ဒေစီလီ၏ အပျိုရံဖြစ်၏။

စီစီမှာ မင်းသားလေးကို တွေ့မြင်ရလျှင် ...

"ကိုယ်တော်လေး ...လာပါ မြန်မြန်၊ အထဲကိုကြွပါ ...တခြား လူတွေ မြင်သွားပါဦးမယ်"

အဆောင်တွင်းသို့ရောက်လျှင် ...

"ဩော် ...သူရဲကောင်းကြီး ဆချွန်မင်လဲ ပါလာတာကိုး ...၊ ဝမ်းသာလိုက်တာရှင်၊ ကိုယ်တော်လေး ...သခင်မလေးအဖြစ်ကို ကြည့် ပါဦးရှင် ...သခင်မလေး ကံဆိုးရှာလွန်းပါတယ်"

"အလို ...နမတော် ဘာဖြစ်လို့လဲ မြန်မြန်ပြောစမ်း"

ထိုအခါ အပျိုတော်စီစီမှာ မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းလာ ရင်း ...

"သခင်မလေး ရူးနေပြီရှင့်"



"ဟင် ...ဘာပြောတယ်၊ နမတော် ရူးနေတယ် ...ဘာဖြစ်လို့ နမတော် ရူးရတာလဲ"

"အဆွေတော် ...တိုးတိုး၊ တခြားသူတွေကြားသွားဦးမယ်"

ဆချွန်မင်က အာပုမင် ဒေါသဖြစ်နေခြင်းကို ဖျောင်းဖျသတိ ပေးပြီး၊ အပျိုတော်ဘက်လှည့်၍ ခပ်တိုးတိုးပြောလိုက်၏။

"ဒီမှာ ညီမလေး ...စိတ်အေးအေးထားပြီး မင်းသမီးလေး ဘာကြောင့်ရူးရတယ်ဆိုတာ အကြောင်းစုံရှင်းပြပါဦး"

"ဟုတ်ကဲ့ရှင် ...၊ ဒီလိုပါ လွန်ခဲ့တဲ့တစ်လလောက်က နန်းရင်း ဝန် ဟာရန်ဟာ ဆရာမကြီးတစ်ယောက်ကို နန်းတွင်းခေါ်ဆောင်ခဲ့ ပါတယ်၊ သူ့ကို အကြံပေးအရာရှိခန့်အပ်တာ ကိုယ်တော်လေးအသိ ပါဝဲ"

"ဟုတ်တယ်လေ ...အဲဒါသိတာပေါ့ ...ဒါနဲ့ နမတော် ရူးရ တာနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ဒီလိုပါကိုယ်တော်လေး ...ဘုရင်မင်းမြတ်ဟာ ယခင်က ဉာဏ်ပညာနဲ့ တိုင်းပြည်ကို သာယာဝပြောအောင် အုပ်ချုပ်ခဲ့ပေမယ့် အခု အရှင်မင်းကြီးဟာ ဆရာမကြီးရောက်လာပြီးတဲ့ နောက်မှာ သူတို့ရဲ့ပယောဂကြောင့် နန်းတွင်းထဲမှာပဲ ပျော်ပါးစားသောက်ရင်း အပျော်ကျူးပြီး အချိန်ကုန်လွန်စေခဲ့ပါတယ်၊ တိုင်းရေးပြည်ရေးကို နန်းရင်းဝန် ဟာရန်အား အာဏာကုန်လွှဲအပ်ထားပါတယ်"

"အင်း ...ဒါကြောင့် ကျုပ် စာအတန်တန်ပါးပြီး ...ဒိုဖို့

www.burmeseclassic.com



ပြောတာကို ဘာအကြောင်းမှမပြန်ဘဲ ထားတာဟာ ဒင်းကြောင့်ကိုး၊ တွေ့ရင်တော့ အသေသတ်ပစ်မှ ..."

ထိုအခါ ဆရျှန်မင်က မေးလိုက်၏။

"ဒါတွေ ကျုပ်တို့ထင်တဲ့အတိုင်းပါပဲ၊ ဒါနဲ့ ...မင်းသမီး ဘာကြောင့်ရူးရတာလဲ၊ သူ့ အခု ဘယ်မှာလဲ"

"ဟုတ်ကဲ့ရှင့် ...ဒီလိုပါ ...ဘုရင်မင်းမြတ်ရဲ့ အပြောင်းအလဲ မြန်ဆန်လွန်းတဲ့အတွက် သခင်မလေးဟာ ဘုရင်မင်းမြတ်ကို အမျိုးမျိုး တောင်းပန်ဖျောင်းဖျပါတယ်၊ ဒါပေမယ့် ဘုရင်မင်းမြတ်က နားမဝင်ဘဲ အော်ငေါက်လွှတ်လိုက်ပါတယ်၊ တစ်နေ့ ကပွဲကျင်းပနေချိန်မှာ သခင်မလေးဟာ ဘုရင်မင်းမြတ်ဆီဝင်ပြီး ပြောဆိုပြန်တယ်၊ ဘုရင်ကြီးဟာ သူတို့ရဲ့မှိုင်းမိနေတဲ့အတွက် သခင်မလေးကို ပါးရိုက်ပြီး နောက်နောင်ကို နန်းတွင်း ဝင်ခွင့်မပေးတော့ပါဘူး၊ မင်းသမီး ဒေစီလိပ်ဟာ အဆောင်ပြန်ပြီး တစ်ညလုံး ဝမ်းနည်းပက်လက် ငိုကြွေးပြီး နောက်နေ့နံနက်ကျတော့ သခင်မလေးဟာ ရူးသွားတော့ တာပါပဲရှင်"

မင်းသား အာပုမင်သည် နားထောင်ရင်း ဒေါသဖြစ်လွန်း၍ ဆောင်ဓားကို စမ်းလိုက်မိ၏။ အံကိုတင်းတင်းကိုက်မိသည်။

ဆရျှန်မင်က တည်ငြိမ်စွာဖြင့် ဆက်မေးလိုက်သည်။

"အခင်းဖြစ်ပွားတဲ့ညမှာ အသံဗလံတွေကော ကြားခဲ့သေး သလား"



"အင်း ...အစ်ကိုပြောမှ သတိရတယ်၊ ဟုတ်တယ်ရှင် ...အဲဒီ ညမှာ သန်းခေါင်ကျော်လောက်မှာ ပရစ်သံလိုလို၊ ငှက်မြည်သံ လိုလို၊ တစ်စုံတစ်ဦးရဲ့ ရွတ်သံဆိုသံ အမိန့်ပေးသံလိုလို ကြားရပါ တယ်ရှင် ...အဲဒီနောက်ပိုင်းတော့ သခင်မလေးဟာ အပြင်ထွက်သွား ပြီး၊ ကခုန်ပြီးရူးသွားတာပဲရှင် ...သူ့မြင်ရင် တွေ့တဲ့ပစ္စည်းနဲ့ ပေါက်တာပဲရှင်၊ ဒါနဲ့ နောက်ဆုံး သခင်မလေးကို ဝိုင်းချုပ်ဖမ်းပြီး မြေအောက်တိုက်ခန်းမှာ ချုပ်ထားလိုက်ပါတယ်ရှင်"

အမှန်မှာ မင်းသမီးလေးမှာ ဖခင်၏စိတ်သောကကြောင့်လည်း ကောင်း၊ တိုင်းရေးပြည်ရေး ကမောက်ကမဖြစ်ခြင်းကြောင့်လည်း ကောင်း၊ စိတ်သောက ခံစားချက်ပြင်းလွန်း၍ ရက်များတရွေ့ရွေ့ များလာသောအခါ သူမ၏စိတ်မှာ ဂဏှာမငြိမ်နိုင်တော့တဲ့ စိတ်ဝေဒနာ ခံနေရစဉ် ဆရာမကြီးဒေါ်ယု၏စိတ်ညှို့ပညာကြောင့် မင်းသမီးလေး မှာ ရူးခဲ့ရခြင်းပင်။

နမတော်၏ အဖြစ်ဆိုးကိုကြားသိရသောအခါ မင်းသား အာပုမင်မှာ ဒေါသဖြစ်ရလေတော့သည်။

ထိုအခါ ဆရျှန်မင်က သူ၏ပခုံးကိုပုတ်၍ သတိပေးနှစ်သိမ့် လိုက်၏။

သည့်နောက် အာပုမင်က သတိရသက်ဝင်လှုပ်ရှားလာ၏။

"ဒါဖြင့် ...ကျုပ်တို့ ဘာလုပ်ကြမလဲ၊ နမတော်နဲ့တွေ့ရ ကောင်းမလား"

www.burmeseclassic.com

www.burmeseclassic.com



"အို ..ခုချိန်ခါ မင်းသမီးကို တွေ့လို့လဲအပိုပါပဲ၊ ဘာမှ ရှင်းပြနိုင်မှာ မဟုတ်ပါဘူး၊ ဒီတော့ ...အဆွေတော်ရဲ့ ခမည်းတော်ဆီ အရင်ဝင်တွေ့ရင် ကောင်းမယ်"

"အင်း ...နောင်ကြီးပြောရာ သဘာဝကျပါတယ်၊ ဒါဖြင့် သွားကြစို့"

အပျိုတော်စီစီအား သတင်းမပေါက်ကြားရန် မှာပြီး ပြတင်းပေါက်မှ ခုန်ကျော်ပြီး ထွက်ခဲ့ကြလေ၏။

✳ ✳ ✳

ဘုရင်မင်းမြတ်၏ စံနန်းဆောင်သည် နန်းတော်၏အလယ်ဗဟိုတွင် တည်ရှိ၏။

ပတ်ဝန်းကျင်တွင် သစ်ပင်ကြီးများဖြင့် စိုက်ပျိုးထားသည်။

မင်းသားအာပုမင်နှင့် ဆချွန်မင်တို့နှစ်ယောက်သည် ဘုရင်၏ အိပ်နန်းသို့ ရောက်လာခဲ့၏။

သို့သော် အဆောင်၏ရှေ့တွင် မီးပုံးနှစ်လုံး ထွန်းညှိထား၏။

"အင်း ...ခမည်းတော်ဟာ ခုချိန်ထိ အိပ်ဆောင်ကို မပြန်သေးပါလား ...၊ ဒါဆိုရင် နက်ဖြန်ညီလာခံကို ဘယ်လိုတက်မှာပါလိမ့်"

အာပုမင်သည် ခမည်းတော်၏ ပေါ့လျော့မှုကို စိတ်ထဲတွင် မကျေမနပ်ဖြစ်မိ၏။

ထိုအခိုက် အပျိုတော်နှစ်ဦး၏စကားပြောသံကို ကြားရ၏။



ဆချွန်မင်တို့ လျှင်မြန်စွာ ပုန်းကွယ်လိုက်ကြသည်။

"ဒီမှာညီမ ...နောက်တစ်လကျရင် မန်ချူးနယ်ချဲ့တွေဟာ မဖျိုပြည်တော်ကို ဝင်စီးတော့မယ်လို့ သတင်းရတယ်"

"အလို ...ဘုရား ...ဘုရား ...မမ ဒီစကား ဘယ်ကကြားခဲ့ [illegible]"

"အင်း ...ညီမက ဘာမှမသိသေးဘဲကိုး၊ အခု နန်းတော်ထဲမှာ နန်းရင်းဝန် ဟာရန်က မန်ချူးနယ်ချဲ့တွေနဲ့ လျှို့ဝှက်ဆက်သွယ် [illegible]လို့ သတင်းထွက်နေတယ်ကွယ် ..."

အာပုမင်က အပျိုတော်ကို သွားတွေ့ပြီး မေးမည်ပြုစဉ် ဆချွန်မင်က အင်္ကျီစကို ဆွဲထားလိုက်၏။

ထိုအခါ ကုလားတက်ခေါက်သံတစ်ချက်ကို ကြားရ၏။

"ဟော ...ပြောရင်းဆိုရင်း ဘုရင်မင်းမြတ် ကြွလာတော့မပေါ့"

သည့်နောက် အာပုမင်နှင့်ဆချွန်မင်သည် လိုက်ကာကြားမှ [illegible]ပြီး ပန်းဥယျာဉ်သို့ အမြန်ဆင်းလာခဲ့ပေသည်။

နှစ်ဦးသား ချက်ချင်းပင် သစ်ပင်ကွယ်သို့ဝင်ပုန်းရင်း ဘုရင်မင်းမြတ်လာလမ်းကို စောင့်နေမိကြသည်။

အတန်ကြာသောအခါ အပျိုတော်ရှစ်ယောက် ရှေ့မှဦးဆောင်ပြီး ဘုရင်မင်းမြတ် ကြွလာ၏။

ဘုရင်မင်းမြတ် နောက်ပါးတွင် နန်းရင်းဝန် ဟာရန်ကပ်ပါလာသည်။

www.burmeseclassic.com

www.burmesesclassic.com



ဘုရင်မင်းမြတ်မှာ သောက်စားမူးယစ်လာသည်။

ထိုအခါ အာပုမင်မှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ ပြေးထွက်လာပြီး ဘုရင်မင်းမြတ်ရှေ့တွင် ဦးတိုက်ကန်တော့ရင်း လျှောက်တင်လိုက်လေတော့သည်။

"ခမည်းတော်ဘုရား ...သားတော်ကို တွေ့ခွင့်ပြုပါဘုရား"

ဘုရင်မင်းမြတ်မှာ အမူးလွန်ကဲနေ၍ ဘာမှမပြောနိုင်ချေ။

ထိုအခါ နန်းရင်ဝန်ဟာရန်က ထိတ်လန့်သံဖြင့် အော်ကာ

"ဟေ့ ...အစောင့်တွေလာကြစမ်း ...၊ သူ့ကို ဝိုင်းဖမ်းလိုက်ကြ"

သူ၏စကားဆုံးသည်နှင့် နန်းရင်းဝန်၏ ကိုယ်ရံတော် အိန္ဒိယတိုင်းရင်းသား စစ်သည်နှစ်ဦး ရောက်လာကြလေ၏။

နှစ်ဦးစလုံး၏လက်ထဲတွင် ဓားကိုယ်စီဖြင့် အာပုမင်အား ဝင်ပိုင်းလိုက်၏။

မင်းသား အာပုမင်မှာ ခမည်းတော်ရှေ့တွင် ဒူးထောက်၍ ကန်တော့ဆဲပင်။

ထိုအခါ ဆရွန်မင်မှာ မည်သို့မှ မရှောင်သာတော့ဘဲ ဆောင်ဓားကို ဆွဲထုတ်လိုက်ပြီး ဝင်လာသော ဓားနှစ်လက်ကို ခုခံကာကွယ်လိုက်ရသည်။

မင်းသားအပေါ်ကျလာမည့် ဓားချက်ကို ဓားဖြင့်ဖွေ့ရမ်းခတ်ထုတ်လိုက်ရခြင်းပင်တည်း။



မင်းသား အာပုမင်၏အသက်ကို အချိန်မီ ကယ်တင်လိုက်နိုင်သည်။

ကိုးအချိန်၌ နန်းရင်းဝန်ဟာရန်သည် ဘုရင်အား အရခေါ်ဆောင်ပြီး နန်းတွင်းအိပ်ဆောင်သို့ ဝင်သွားခဲ့လေ၏။

အစောင့်စစ်သည်စုစုပေါင်း ကိုးယောက်ရှိလာ၏။

ဆရွန်မင်နှင့် အာပုမင်တို့သည် ဟာရန်၏ကိုယ်ရံတော် အိန္ဒိယတိုင်းရင်းသား စစ်သည်ကိုးယောက်နှင့် သဲသဲမဲမဲ ယှဉ်ပြိုင်တိုက်ခိုက်နေကြရှိနေသည်။

မင်းသား အာပုမင်မှာ သာမန်သိုင်းပညာအဆင့်ခန့်သာရှိ၍ ယှဉ်ပြိုင်တိုက်ခိုက်ရင်း အရေးနိမ့်တော့မည့်အခြေတွင် ရှိလေသည်။

"ဟား ...ဟား ...ဟား ..."

ထိုစဉ် နံဘေးမှ ကြောက်မက်ဖွယ်ရာ ရယ်သံတစ်သံရုတ်တရက် ပေါ်လာ၏။

ရယ်သံနှင့်မရှေးမနှောင်း ဝတ်ရုံနက် ဝတ်ဆင်ထားသော ဆရာမကြီးဒေါ်ယု ရုတ်တရက် ရောက်လာလေ၏။

"အဆွေတော် ...ဆရာမကြီး ဒေါ်ယုကို သတိထား"

ဆရွန်မင်က မင်းသားအာပုအား အော်၍သတိပေးလိုက်၏။

သူ၏သတိပေးချက်ကို ဆရာမကြီးဒေါ်ယုက တဟားဟားရယ်ရင်း ပျက်ရယ်ပြု၏။

"ဟား ...ဟား ...ဟား ...အာဂသတ္တိခဲပါလား၊ မင်းနှန်း

www.burmeseclassic.com

www.burmesesclassic.com



တော်ထဲအထိ ဝင်ရမ်းကားဖွံ့တယ်၊ ကဲ ...လာ၊ ငါ့အကြောင်းသိရအောင်"

ဆရာမကြီးဒေါ်ယုသည် စကားဆုံးသည်နှင့် သူမ၏လက်မောင်းကို တစ်ချက်ဝှေ့ရမ်းလိုက်ပြီး လက်နက်ပုန်းများ လွှတ်ထုတ်လိုက်သည်။

ယင်းလက်နက်ပုန်းများမှာ ဓားပျံလက်နက် ထွက်လာပြီး ဆချွန်မင်း၏ ရင်ဝတည့်တည့်သို့ တန်းတန်းမတ်မတ် ပြေးဝင်လာလေ၏။

ထိုအခါ ဆချွန်မင်က ကိုယ်ဖော့ပညာဖြင့် လေထုထဲသို့ခုန်၍ ရှောင်တိမ်းလိုက်ခြင်းကြောင့် လက်နက်ပုန်းဓားပျံမှ သီသီကလေး လွတ်သွားလေသည်။

ထိုအခါ လေတိုးသံနှင့်အတူ အသံတစ်သံ ပေါ်လာ၏။

"ဟော့ ...မိန်းမယုတ် ...ခုထိ လိုက်ပြီး အနှောင့်အယှက်ပေးတုန်းပဲလား"

အသံရှင်ကား ...

အကျီအဖြူဝတ်ဆင်ထားသော လီစွမ်းမေပင်တည်း။

လီစွမ်းမေကို မြင်လိုက်ရသည်နှင့် ဆချွန်မင်မှာ တအားတက်လာပြီး မင်းသားအက်လှည့်၍ ...

"အဆွေတော် ...ဘာမှမပူနဲ့တော့၊ ကျုပ်တို့ကို ကူညီမယ့်သူ ရောက်လာပြီ"



လီစွမ်းမေသည် ရောက်လျှင်ရောက်ချင်း ဓားကိုဝှေ့ရမ်းပြီး ဆရာမကြီးဒေါ်ယုအား လိုက်၍ ထိုးခုတ်လိုက်၏။

ဆရာမကြီးဒေါ်ယုမှာ နောက်သို့ တစ်ပ်ကျွမ်းထိုးပြီး လီစွမ်းမေ၏ ဓားချက်ကို ရှောင်တိမ်းလိုက်၏။

ဆရာမကြီးဒေါ်ယုမှာ ဆယ်ပေကွာအထိ ကိုးရိုးကားယားဖြစ်သွားသည်။

သူမသည် ရှက်ရမ်းရမ်းကာ ...

"ဒီတစ်ခါ ရှောင်နိုင်ရင်ရှောင်စမ်း"

ဆရာမကြီးဒေါ်ယုမှာ လက်မောင်းကို ထပ်၍ တစ်ချက်ဝှေ့ရမ်းလိုက်ပြန်သည်။

ဒီတစ်ကြိမ်တွင်လည်း ...

ဆရာမကြီးဒေါ်ယုထံမှ ထွက်လာသည်မှာ လက်နက်ပုန်းများ။ အဆိပ်လူးထားသော အပ်များပင်။

အပ်များ သူမထံမှ ဖွာ၍ပြန့်ကြဲစွာ ထွက်လာလေသည်။

"ဆရာမကြီး ...သတိထား"

ဆချွန်မင်က အော်၍ သတိပေးလိုက်၏။

ထိုအခါ လီစွမ်းမေက ကိုယ်ဖော့ပညာဖြင့် လေထဲထဲသို့ ခုန်ပျံ၍ ရှောင်တိမ်းလိုက်၏။

ထို့နောက် ဆရာမကြီးဒေါ်ယုဆီသို့ ခုန်၍အုပ်လိုက်ပြီး [illegible] ဓားဖြင့် ပိုင်းခုတ်လိုက်မည်ပြုရန် ဟန်ပြင်လိုက်စဉ် မမျှော်လင့်ဘဲ

www.burmeseclassic.com

www.burmesesclassic.com



လျှပ်တစ်ပြက်အတွင်း ဆရာမကြီးဒေါ်ယုထံမှ အဆိပ်လူးလက်နက်ပုန်းအပ်များ ပျံထွက်လာပြန်သည်။

ထိုအခါ လီစွမ်းမေက ဓားဖြင့် ဖွေ့ရမ်းလိုက်ရာ အဆိပ်လူးအပ်များ လွင့်စဉ်ကျသွား၏။ သို့သော် မမျှော်လင့်ဘဲ သူမ၏လည်ပင်းတွင် ကျင်ခနဲခံစား လိုက်ရသည်။

လီစွမ်းမေမှာ အနီးကပ်ရန်သူ လက်နက်ပုန်းများဖြင့် တိုက်ခိုက်ခြင်းခံရပြီး လက်နက်ပုန်းအပ်တစ်ချောင်းမှာ သူမ၏လည်ပင်းတွင် လာ၍စိုက်သွားသည်။

သည့်နောက် လီစွမ်းမေသည် အပ်ကိုနုတ်လိုက်ပြီး တုန့်ဆိုင်းမနေတော့ဘဲ ဆောင်ဓားဖြင့် ဒလကြမ်းဖွေ့ရမ်းပြီး ဆရာမကြီးဒေါ်ယုအား လိုက်၍တိုက်ခိုက်လေသည်။

ဆရာမကြီးဒေါ်ယုမှာ နောက်သို့ တစ်ပတ်ကျွမ်းထိုး၍ ရှောင်တိမ်းလိုက်ပြီး ...

"ဟား ...ဟား ...ဟား ...သိုင်းပညာသိပ်တော်လှပြီလို့ ထင်ခဲ့တယ်၊ ဒါပေမယ့် ...ခုတော့ ငါ့ရဲ့ အဆိပ်လူးတဲ့အပ်ကို ထိသွားပြီမဟုတ်လား၊ ဒီလို ငါ့ရဲ့လက်နက်ပုန်း အဆိပ်လူးအပ်ကိုထိရင် သုံးနာရီအတွင်းမှာ သေနိုင်တယ်"

ဆရာမကြီးဒေါ်ယု၏ ဝမ်းသာအားရ ပြောဆိုခြင်းကို ဆချွန်မင်က မခံမရပ်နိုင်ဘဲ သူမအား လျှပ်တစ်ပြက် အလစ်တွင်အတွင်းအားကိုထုတ်ပြီး တစ်ချက် အားကုန်ဆောင့်၍တွန်းတိုက်လေသည်။



ထိုအခါ ဆရာမကြီးဒေါ်ယုမှာ အလစ်ခံလိုက်ရပြီး ငါးကိုက်အကွာသို့ လွင့်စဉ်ရောက်သွားလေ၏။

လီစွမ်းမေက ဆချွန်မင်ဘက်သို့လှည့်ကာ ပြောလိုက်သည်။

"ကဲ ...ဆချွန်မင် ...ငါတော့ အဆိပ်အပ်ထိသွားပြီ၊ မြန်မြန်သွားကြစို့"

လီစွမ်းမေမှာ ပြောရင်း အိတ်ထဲမှ အဆိပ်ဖြေဆေးတစ်လုံးကိုထုတ်ပြီး ဝါးစားလိုက်၏။

သို့သော် ဝါရင့်သိုင်းသမားဖြစ်၍ လက်နက်ပုန်းမျိုးစုံ အကြောင်းကို နားလည်ထား၏။

သည့်နောက် သူမသည် ဓားကို ဖွေ့ရမ်းပြီး ရှေ့မှကာဆီးထားသော စစ်သည်လေးဦးကို ခုတ်လှဲထိုးလိုက်လေ၏။

လမ်းရှင်းကာ သုံးဦးသား ခုခံရင်းက ရှောင်တိမ်းထွက်လာခဲ့လေတော့သည်။ သူတို့သုံးဦး လွတ်မြောက်သွားခဲ့လေပြီ။

✳ ✳ ✳

www.burmeseclassic.com

www.burmesesclassic.com

## အခန်း (၅၈)

### စတေးခံခြင်း

နန်းရင်ပြင်တံခါးမကြီးသို့ ရောက်သောအခါ အပြင်သို့ ပြေးထွက်မည်ပြုစဉ် အိမ်ရှေ့မင်းသားအာပုမင်က အားလုံးကို လှမ်းပြောသည်။

"ဒီမှာ နောင်ကြီးဆချွန်မင် ...ကျုပ်တို့တစ်တွေ နန်းတော်ကနေ ထွက်ပြေးဖို့မလိုပါဘူး၊ လာ ...ကျုပ်နောက်လိုက်ခဲ့၊ ခေတ္တအနားယူပုန်းဖို့ နေရာရှာပေးမယ်"

သူ၏စကားမဆုံးမီ ...

"ဆချွန်မင် ...တို့အနားယူဖို့ နေရာမြန်မြန်ရှာပါကွယ်၊ ငါ မနေနိုင်တော့ဘူး၊ အဆိပ်တက်လာပြီ ..."

နှစ်ဦးသား လှည့်၍ကြည့်လိုက်၏။

သူမ၏မျက်နှာမှာ ဖြူလျော်ပြီး နှုတ်ခမ်းက တလှုပ်လှုပ်တုန်ယင်နေ၏။



ထို့နောက် သူတို့သည် ပန်းဥယျာဉ်သို့ ခေါ်ဆောင်လာပြီး အရှေ့မြောက်ထောင့်တစ်နေရာသို့ ညွှန်ပြလိုက်ရင်း ...

"အဲ ...ဟိုနေရာမှာ လျှို့ဝှက်လိုဏ်ဂူရှိတယ်၊ ဒီနေရာဟာ ကျွန်တော်တို့ မောင်နှမနှစ်ယောက် ငယ်စဉ်က ကစားရင်းတွေ့ခဲ့ကြတာ၊ ဘယ်သူမှ မသိကြဘူး ..."

အိမ်ရှေ့မင်းသား အာပုမင်က ညွှန်ပြပြီး ရှေ့မှဦးဆောင်ပြေးသွားသည်။

ထို့နောက် လီစွမ်းမေနှင့် ဆချွန်မင်တို့လည်း ထိုလျှို့ဝှက်လိုဏ်ဂူသို့ အရောက်ပြေးသွားကြသည်။

လိုဏ်ဂူအတွင်းသို့ ရောက်ကြလျှင် လီစွမ်းမေမှာ တင်ပျဉ်ခွေထိုင်ရင်း မှာကြားလိုက်၏။

"ဒီမှာ ဆချွန်မင် ...ငါဟာ အဆိပ်ပြေဆေးလုံးကို စားထားပေမယ့် အဆိပ်လုံးဝပျောက်ကင်းအောင် အတွင်းအားဖြည့်ဖို့အတွက် ခြောက်နာရီလောက် အနားယူမှ မမရဲ့အားအင်တွေဟာ ပြန်ပြည့်လာမှာ၊ ဒီတော့ အခုအချိန်ပိုင်းဟာ အင်မတန် အရေးကြီးတယ် မောင်လေး ..."

"စိတ်ချပါ ဆရာမကြီး ...၊ ကျွန်တော့်သိုင်းပညာဟာ အထွတ်အထိပ်မရောက်သေးပေမယ့် ခြောက်နာရီလောက်တော့ ရန်သူကို ခုခံနိုင်စွမ်းရှိပါတယ် မမ၊ ဒီတော့ ဆရာမကြီးသာ အတွင်းအားပြည့်ပြီး

www.burmeseclassic.com

www.burmesesclassic.com



အဆိပ်ပျယ်ဖို့ ကြိုးစားပါ၊ ကာကွယ်ခုခံဖို့ ကျွန်တော် တာဝန်ယူပါတယ်"

လီစွမ်းမေက ခေါင်းညိတ်လိုက်ပြီး သူမ၏ လုပ်ငန်းစဉ်ကို ဆက်၍ ကျင့်လေတော့၏။

အိမ်ရှေ့မင်းသား အာပုမင်သည် ဆောင်စားကိုကိုင်ရင်း ဂူဝတွင် ရပ်စောင့်နေသည့် ဆချွန်မင်အား ပြောလိုက်လေ၏။

"အစ်ကိုတော်…ဂူထဲမှာ သွားပြီးအနားယူပါ၊ ဂူဝကို ကျွန်တော် ထိန်းထားပါရစေ၊ ဒါဆိုရင် ရန်သူဘယ်လောက်ပဲလာလာ ခုခံကာကွယ်နိုင်ပါတယ်"

ဆချွန်မင်သည် အိမ်ရှေ့မင်းသားကို ဆက်၍မပြောတော့ဘဲ တစ်နေရာတွင် သွားရောက်ထိုင်ရင်း အနားယူလေသည်။

ထိုစဉ် အပြင်ဘက်မှ စကားပြောဆိုသံကို ကြားရသည်။

"အင်း…တယ်ထူးဆန်းပါလား၊ ရန်သူတွေ ဒီနေရာလေးတွင် ပျောက်သွားကြတယ်"

"အိုး…ဘာပဲဖြစ်ဖြစ် တို့ နေရာအနှံ့ရှာကြမယ်"

တပ်သားများက ကျောက်ဆောင်ကို ကွေ့ပတ်ရှာကြရင်း ပြောနေကြသည်။

သို့သော် နာရီဝက်ခန့်ကြာသောအခါ ထိုတပ်သားများ တစ်ပတ်ပြန်ကြော့လာသည်။

ထို့ပြင် သစ္စာဖောက်ဟာရန်၏ အသံကို ကြားရပြန်၏။



"မင်းတို့ကောင်တွေ တစ်ယောက်မှ အသုံးမကျဘူး၊ ဒီနားတစ်ဝိုက်က ဘယ်မှမသွားဘူး၊ ထပ်ရှာကြစမ်း"

အတန်ကြာ တပ်သားတစ်ဦးက ရုတ်တရက် အော်၍ပြောလိုက်၏။

"ဝန်မင်း…ဟောဒီကျောက်ဆောင်နှစ်ခုရဲ့ကြားမှာ လိုဏ်ဂူတစ်ခုရှိတယ်"

"ဒါဖြင့် လိုဏ်ဂူထဲဝင်ရှာကြပါတော့လားကွ၊ ဘာလဲ…မင်းတို မွေးနေ့ကို စောင့်နေကြတာလား…"

ထို့နောက် ကိုယ်ရံတော် 'ဟန်းစု' ဆိုသူသည် လိုဏ်ဂူထဲသို့ လျှိုဝင်ရန် ဟန်ပြင်လိုက်စဉ် ဆချွန်မင်က လျှပ်တစ်ပြက် တိုက်ခိုက်လိုက်၏။

ကန်းစု၏ ရင်ဝကို မိမိရရဖမ်းဆွဲပြီး ဝဲဘက်လက်ဖြင့် သူ၏ သွေးကြောနေရာကို လှမ်းထောက်လိုက်၏။ ထို့နောက် သူ၏ ကိုယ်လုံးကို အားကုန်ဆွဲပြီး ပစ်လွှတ်လိုက်လေ၏။

'ကန်းစု'၏ ခန္ဓာကိုယ်သည် ကျောက်ဂူနံရံကို ဝင်တိုက်ပြီး ငြိမ်သက်သွားတော့သည်။

ထို့နောက် ကိုယ်ရံတော်တပ်သားနှစ်ဦးသည် ဓားကိုင်၍ ဂူတွင်းသို့ ပြေးဝင်လာပြန်သည်။

ဆချွန်မင်က လျှပ်ပြက်ဝင်လာသူနှစ်ဦးအား အရှိန်ပြင်းစွာဖြင့် တွန်းထုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmesesclassic.com



ထိုအခါ ကိုယ်ရံတော်နှစ်ဦးမှာ ဆယ်ပေကွာသို့ လွင့်စဉ်ရင်း မှုးမေ့သွားသည်။

အတန်ကြာမှ ဆရာမကြီးဒေါ်ယု၏အသံကို ကြားရပြန်သည်။

လီစွမ်းမေသည် အတွင်းအားလေ့ကျင့်ခြင်းကိုရပ်ကာ ဆချွန်မင်ကို သတိပေးလိုက်၏။

"တိုက်ရင်း အတွင်းအားလေ့ကျင့်နည်းကို မှတ်ထားကွယ့်၊ ဆရာမကြီးဒေါ်ယုကိုလဲ အထူးသတိထားရမယ်"

ထိုစဉ် ဆရာမကြီးဒေါ်ယု၏အသံမှာ ပြန့်လွင့်၍လာ၏။

"ဟေ့ ...မင်းတို့တစ်တွေ ဂူထဲမှာ တစ်သက်လုံးပုန်းလို့မရပါဘူး၊ ဒီတော့ အပြင်ထွက်ပြီး စကားပြောပါ၊ မင်းတို့ကို ငါဘာမှ မလုပ်ပါဘူး"

သူမ၏စကားကို မယုံရချေ။

ဆချွန်မင်က ပြန်ထူးရန် ဟန်ပြင်လိုက်စဉ် လီစွမ်းမေက သတိပေးလိုက်သည့်အတွက် လှုပ်ရှားနေသော စိတ်ကို တည်ငြိမ်အောင်ထားပြီး ထိန်းချုပ်လိုက်၏။

ဆရာမကြီးဒေါ်ယုသည် ချောက်ချီတစ်ခါ ချော့ချီတစ်လှည့် သိမ်းသွင်းရင်း ဆွဲဆောင်ခဲ့သော်လည်း ဂူအတွင်းမှ တစ်စုံတစ်ရာ ပြန်လည်ထူးသံမကြားရသဖြင့် ဒေါသအလွန်ထွက်ကာ ဂူဝသို့တရှိန်ထိုး ရောက်ရှိလာ၏။



ဆရာမကြီးဒေါ်ယုမှာ တောင်ဝှေးကို ဝှေ့ယမ်းရင်း ဂူအတွင်း ဝင်ခဲ့လေသည်

ထိုအခါ ဆချွန်မင်က ဆောင်ဓားကိုဝှေ့ယမ်းပြီး ဆရာမကြီးဒေါ်ယု၏ရင်ဝသို့ လှမ်းထိုးလိုက်လေ၏။

ဆရာမကြီးဒေါ်ယုက တောင်ဝှေးဖြင့် သူမထံလာသော ဓားချက်ကို လှည့်၍ ပက်ထုတ်လိုက်၏။

ဆချွန်မင်သည် သူမ၏ကိုယ်လုံးကို ဂူဝအပြင်သို့ အားကုန်ဆောင့်၍တွန်းလိုက်၏။

ထိုအခါ ဆရာမကြီးဒေါ်ယု၏ ကိုယ်လုံးမှာ ဂူအပြင်ဘက်သို့ လွင့်စဉ် ရောက်ရှိသွား၏။

တစ်ဆက်တည်း ဆချွန်မင်က သူမကို ဆက်တိုက် ဓားဖြင့် ဆင့်ကဲဆင့်ကဲပိုင်းလိုက်၏။

ဆရာမကြီးဒေါ်ယုမှာ ဂူဝသို့လွင့်စဉ်ရင်း လိုက်၍ခုတ်ပိုင်းသော ဆချွန်မင်၏ ဓားချက်ကို တောင်ဝှေးဖြင့် ခုခံကာကွယ်လိုက်၏။

ထိုအခါ ဆရာမကြီးဒေါ်ယု၏ အင်္ကျီစတစ်ပိုင်းမှာ ပြတ်ထွက်သွားပြီး ခုခံသော တောင်ဝှေးမှာလည်း ဆချွန်မင်၏ ထက်မြက်လှသော ဓားအရှိန်ကြောင့် ကျိုးပဲ့ထက်ပိုင်းပြတ်သွားလေတော့သည်။

ဆရာမကြီးဒေါ်ယုမှာ ဂူဝအပြင်ဘက်သို့ လဲကျရင်း ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်မိလေတော့သည်။

www.burmeseclassic.com

www.burmesesclassic.com



ဆရာမကြီးဒေါ်ယုသည် နန်းရင်းဝန်နှင့်ပေါင်းကာ လုပ်ကြံစဉ်ကပင် အိန္ဒိယသိုင်းသမားများကို အစားထိုးခန့်အပ်လိုက်၏။

နန်းရင်းဝန်ဟာရန်နှင့် ဆရာမကြီးဒေါ်ယုတို့သည် ဘုရင်မင်းမြတ်ကို နည်းအမျိုးမျိုးဖြင့် လိမ်ညာလှည့်ပတ်ပြီး နန်းတော်ထဲတွင် ကြံစာအာဏာသြောင်းခဲ့သည်။

ထို့ပြင် တိုင်းရေးပြည်ရေးတွင် ခြယ်လှယ်ခဲ့၏။

ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် လဲကျခဲ့ရသော ဆရာမကြီးမှာ ရှက်ရမ်းရမ်းပြီး အော်ဟစ်အမိန့်ပေးလိုက်၏။

"ဟိတ်ကောင်တွေ ...မင်းတို့ ဘာငေးနေကြတာလဲ၊ ဒီကောင်တွေကို ညှာနေစရာမလိုဘူးကွ၊ ထင်းချောင်းတွေ မြန်မြန်သယ်သွားစမ်း၊ ဒီကောင်တွေကို မီးရှို့သတ်ကြစမ်း ..."

ထိုစကားကိုကြားသောအခါ ဆချွန်မင်မှာ တုန်လှုပ်မိသည်။ မီးနှင့်ရှို့ခြင်းကို မည်သည့်သိုင်းသမားမဆို အကြောက်ဆုံးပင်ဖြစ်၏။

ဆချွန်မင် ခေါင်းချွေးပြန်မိသည်။

ထိုအချိန်မှာပင် လီစွမ်းမေက အကြံကောင်းပေးလိုက်လေ၏။

"မစိုးရိမ်ပါနဲ့ ဆချွန်မင် ...၊ ခဏကြာရင် ငါလဲ အားပြန်ပြည့်လာမှာပါ၊ အဲဒီတော့ ဆရာမကြီးသာ မီးနဲ့ရှို့ရင် ..."

သူမ၏အကြံပေးချက်ကိုကြားသောအခါ ဆချွန်မင် ဝမ်းသာအားရဖြစ်မိသည်။ ၎င်းဆုံးဖြတ်ချက်အတိုင်း လိုက်နာရန် ဆုံးဖြတ်လိုက်တော့သည်။



အတန်ကြာ မန်ချူးတပ်သားများသည် ထင်းခြောက်များ ဂွဝနှင့်ငါးပေကွာခန့်တွင်ပုံပြီး မီးရှို့လိုက်လေပြီ။

သို့သော် အသင့်ပြင်ဆင်ထားသော ဆချွန်မင်က ခေါင်းခွားကို ကျစ်ကျစ်ပါအောင်ကိုင်ပြီး မီးပုံရှိရာသို့ တစ်ရှိန်ထိုးပြေးသွား၏။

တစ်ချိန်တည်းမှာ အတွင်းအားစုစည်းထားသော ဝဲဘက်လက်ဝါးဖြင့် မီးပုံကို အားကုန်ရိုက်ချလိုက်သည်။

ထိုအခါ ပြင်းထန်လှသော ရိုက်အားကြောင့် မီးလျှံတို့သည် အဟုန်ပြင်းစွာဖြင့် ဆရာမကြီး၏လူသိုက်ထံသို့ လွင့်စဉ်ပျံ့သန်းသွားလေတော့သည်။

မမျှော်လင့်သော အဖြစ်ပင်ဖြစ်သည်။ ကိုယ်ရံတော်တပ်သားတို့ ကပျာကယာ ရှောင်လိုက်သော်လည်း နန်းရင်းဝန်ဟာရန်မှာ ရှောင်ရန်အချိန်မရလိုက်ပေ။

သို့ဖြစ်၍ မီးပွားမီးလျှံများမှာ သူ၏ခေါင်းပေါ်သို့ပုံကျပြီး မုတ်ဆိတ်မွေးများပါ မီးဟပ်၍ လောင်ကျွမ်းသွားလေသောကြောင့် ပျာပျာသလဲ မီးငြိမ်းသတ်ရလေတော့သည်။

နန်းရင်းဝန်ကြီး၏ ရယ်မောဖွယ်အဖြစ်ပေတည်း။

ထိုအဖြစ်ကိုမြင်သောအခါ ဆရာမကြီးက ဒေါသဖြင့်တစ်ချက်အော်ရင်း ဆချွန်မင်ဆီသို့ တစ်ရှိန်ထိုး ခုန်အုပ်လိုက်၏။

သို့သော် ဆချွန်မင်သည် မီးကိုငြိမ်းသတ်ပြီးသည်နှင့် လိုဏ်ဂူသို့ ချက်ချင်းပြန်သွားသဖြင့် မမီလိုက်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နန်းရင်းဝန်ဟာရန်မှာ မခံမရပ်နိုင်ဖြစ်ပြီး ဆက်လက်အကြံပေးလိုက်၏။

"တောက် ...ဒီလောက်တောင်ဖြစ်လှတာ သေပေတော့၊ ဆရာမ လုပ်မယ့်လုပ်တော့ မထူးပါဘူးဗျာ ...၊ ကျုပ်တို့ ထင်းအပုံတစ်ရာ လောက်နဲ့ လိုဏ်ဂူကိုဝိုင်းပြီး မီးရှို့ရအောင်"

"အင်း ...မင်းအကြံကောင်းတယ်၊ ဒါဖြင့် ထင်းပုံရွှေ့ဖို့ မင်းလူတွေ မြန်မြန်သယ်ခိုင်းကွာ ..."

သူမ၏စကားကိုကြားသောအခါ ဆချွန်မင် စိုးရိမ်ပူပန်စွာဖြင့် လီစွမ်းမေနှင့် တိုင်ပင်လိုက်၏။

"ဆရာမကြီး ...သူတို့သာ လိုဏ်ဂူကို မီးပုံမြောက်မြားစွာနဲ့ မီးရှို့ရင် ကျွန်တော်တို့သုံးယောက်တော့ ဘယ်လိုမှ ပြေးလို့လွတ်မှာ မဟုတ်တော့ဘူး"

"အင်း ...ဒါကတော့ ကံမသကာပေါ့ကွာ ...၊ ငါသင်ပေးထားတဲ့အတိုင်းသာ ဆက်လက်ကျင့်သုံးပါ ဆချွန်မင် ..."

မင်းသားအာပုမင်လည်း အကြံကုန်နေလေ၏။ သို့သော် သူနောက်ဆုံး အော်လိုက်သည်။

"ဟိတ်ကောင်တွေ ...မင်းတို့ဟာ အိမ်ရှေ့မင်းသားကို သစ္စာဖောက်ဝံ့သလားကွ ...၊ လူယုတ်မာ ဟာရန်ကို မင်းတို့တစ်တွေ ဘာကြောင့် အားပေးအားမြှောက်လုပ်ရတာလဲ"



ဆရာမကြီးဒေါ်ယုသည် ကိုယ်ရံတော်တပ်သားများ သူ့ဘက်ပါသွားမည်ကို စိုးရိမ်သောကြောင့် ချက်ချင်းပြန်အော်လိုက်၏။

"ဘယ်က အိမ်ရှေ့မင်းသားဟုတ်ရမှာလဲ ...၊ သူတို့တစ်တွေဟာ လူသတ်သမားတွေ၊ အယောင်ဆောင်လာတာကွ ..."

သူမသည် ပြောပြောဆိုဆို ဓားပျံသုံးလက်ဖြင့် ဆချွန်မင်၏ အောက်ပိုင်းသို့ ပစ်လွှတ်လိုက်တော့သည်။

ဆချွန်မင်သည် ကိုယ်ဖော့ပညာဖြင့် လေထုထဲသို့ ရုတ်ခြည်းခုန်တက်၍ လက်နက်ပုန်းများကို တိမ်းရှောင်လိုက်သည်။

ထို့နောက် သူမ၏ခေါင်းပေါ်မှ ကျော်လွှားလိုက်လေ၏။

ထိုစဉ်မှာပင် ဒေါ်ယုက အခွင့်ကောင်းရပြီထင်မှတ်၍ တစ်ရှိန်ထိုး ပြေးသွားတော့သည်။

"မင်း ...ဘယ်ထွက်ပြေးမလဲ"

တစ်ချိန်တည်းမှာ ဓားရှောင်လက်ခနဲဖြစ်သွားကာ ဆချွန်မင်က ဟာရန်ထံသို့ ခုန်အုပ်လိုက်တော့၏။

"ဒေါ်ယု ...ကယ်တော်မူပါ"

နန်းရင်းဝန်ဟာရန်၏ ငယ်သံပါအောင် စစ်ကူတောင်းသံကို ကြားလိုက်ရသောအခါ ဒေါ်ယုသည် အခြေအနေကို ရိပ်စားမိလာတော့သည်။

"အင်း ...ဟာရန်ကို သူသာ သတ်ဖြတ်လိုက်ရင် ငါတော့ ဒုက္ခရောက်တော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဆချွန်မင်ထံသို့ ချက်ချင်းပြန်ကြော၍ နန်းရင်းဝန်ဟာရန်ကို သေဘေးမှ ကယ်တင်လိုက်၏။

သို့သော် ဆချွန်မင်က ပြောက်ကျားတိုက်စစ် ဆင်နွှဲခြင်းသာဖြစ်၏။ ဒေါ်ယု ပြန်ကြော့လာသည်ကို မြင်လိုက်သည်နှင့် ဆချွန်မင်သည် လိုဏ်ဂူဆီသို့ ချက်ချင်းပြန်ပြေးသွားလေသည်။

ထိုသို့ အရှုံးလုပ်ခံရသောအခါ ဒေါ်ယုမှာ ဒေါသအလွန်အမင်းထွက်မိသည်။

ငင်းအချိန်မှာပင် နီပေါကိုယ်ရံတော် တပ်သားများက ထင်းတွေကို စုပုံပြီးလေပြီ။ ဒုတိယအကြိမ် မီးကိုထပ်မံရှို့လိုက်လေသည်။

သို့သော် ဆချွန်မင်က ယခင်နည်းအတိုင်း လိုဏ်ဂူမှ တစ်ဟုန်ထိုး ပြေးထွက်လာပြီး မီးကိုအချိန်မီ ရိုက်ထုတ်ပစ်လိုက်သည်။ ထင်းချောင်းမီးစများ ပြိုလွင့်ကုန်သည်။

နန်းရင်းဝန်ဟာရန်တို့သည် ဆချွန်မင်တို့လှုသိုက်ကို အလဲမထိုးနိုင်၍ ရန်သူကို ဝိုင်းရံထားခြင်းမှတစ်ပါး အကြံကုန်နေကြလေပြီ။

* * *

ရွှေလေးရှင်မင်းသမီးသည် အိမ်ရှေ့မင်းသား အာပုမင်နှင့်ဆချွန်မင်တို့ ထွက်သွားပြီးနောက် ထုံတူဂိတ်ကို အသေအချာစောင့်ကြပ်လျက် ရှိနေလေ၏။



ဤသို့ စောင့်ကြပ်နေစဉ် ...

ခန်အန်မင်းကြီးနှင့် ဒုဦးစီးဖြစ်သူ ဟိုင်နန်တို့ အမှူးပြု၍စစ်သည်အင်အား သုံးသိန်းခန့်နှင့် ထုံတူဂိတ်ကို ဝိုင်းရံပိတ်ဆို့ပြီးပြင်းထန်သောတိုက်ပွဲ ဆင်နွှဲလေတော့၏။

မန်ချူးဘက်မှ စစ်သည်ဗိုလ်ပါအလုံးအရင်းပါသည့်အပြင်အမြောက်တပ်နှင့် စက်ယန္တရားတပ်ကိုလည်း ရှေ့တန်းသို့ပို့၍ တိုက်ပွဲဝင်ခဲ့၏။

ပြင်းထန်သောတိုက်ပွဲကြောင့် ထုံဝူဂိတ်ပတ်ဝန်းကျင်မှာယမ်းငွေ့တလူလူ လွှမ်းမိုးနေလေပြီ။

နီပေါနိုင်ငံဘက်မှ ဦးစီးကွပ်ကဲသူ ရွှေလေးရှင်မင်းသမီးအမှူးပြုသော အဖွဲ့က ခုခံကာကွယ်ရန် အစီအစဉ်များ ချမှတ်လိုက်သည်။

သူမသည် ရှောင်ရိရှမ်း၊ ဟုန်စမ်းနှင့် ဝုမ်ကျင်းကြီးတို့ကိုဦးစီးကွပ်ကဲစေပြီး ဝဲဘက်တောင်ကုန်းတွင် စောင့်ကြပ်ကာကွယ်ရန်အမိန့်ပေးလိုက်သည်။

တစ်ဖန် ဝေါ်ကျင်းဖုန်း၊ အီလိနားနှင့် ဝုမ်ကျင်းရိတို့ကိုညာဘက်တွင် ခုခံကာကွယ်ရန် တာဝန်ခွဲပေးလိုက်သည်။

သူမကိုယ်တိုင်မှာမူ ဆရာကျိုချန်နှင့်အတူ ထုံတူဂိတ်၏အရှေ့စစ်မျက်နှာကို တာဝန်ယူသည်။

ထိုသို့ပြင်ဆင်စီစဉ်ပြီးသောအခါ ပြင်းထန်သောတိုက်ပွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



မန်ချူးဘက်မှ စစ်သည်အလုံးအရင်းတို့သည် အမြောက်တပ်ကို အကာအကွယ်ယူရင်း တစ်ဗိုလ်ဆင်း တစ်ဗိုလ်တက်ဆိုသလို ရှေ့ဆုံးမှစစ်သည်များကျဆုံးသွားလျှင် နောက်ဘက်မှ လိုက်ပါလာသော စစ်သည်တို့က ဆင့်ကဲဆင့်ကဲ ချီတက်လာသည်။

တိုက်ပွဲသည် ပြင်းထန်လွန်းသောကြောင့် နှစ်ရက်နှစ်ညတိုင်တိုင်ဆင်နွှဲခဲ့ရ၍ နှစ်ဖက်စလုံးတွင် သေကြေဒဏ်ရာရသူများပြားခဲ့လေ၏။

မြင်ကွင်းမှာ ကြောက်စရာကောင်းပြီး အလောင်းများမှာ မြင် မကောင်းအောင် တောင်လိုပုံနေ၏။

အခြေအနေ တင်းမာခက်ထန်လွန်းသောကြောင့် မုံစီလွန်က နောက်တန်းမာလဆတောင်တန်းတွင် စောင့်ကြပ်နေသော နီပေါစစ်သည်တို့ကို ထုံတူဂိတ်အား ဝိုင်းဝန်းစောင့်ကြပ်ရန် ရှေ့တန်းသို့ ပို့နိုင်းသည်။

ထိုသို့အစီအစဉ်လုပ်နေစဉ်မှာပင် နီပေါရိက္ခာမှူးက သူမဆီသို့ လာရောက် အစီရင်ခံတော့သည်။

"ဦးစီးမှူး မုံစီလွန်ခင်ဗျား ...ကျုပ်တို့ အရေးမလှတော့ဘူးဗျ၊ အခု တပ်တွင်းမှာ ကျန်ရှိတဲ့ရိက္ခာဟာ တစ်ရက်စာပဲကျန်တာကြောင့် မနက်ဖြန်ခါဆိုရင် စားနပ်ရိက္ခာပြတ်ပြီဗျ"

ထိုအခါ မုံစီလွန်က ခေတ္တတွေဝေသွားပြီး ...

"တိုးတိုးပြောပါ ...ဒီသတင်းကို မပေါက်ကြားစေနဲ့၊ နို့မဟုတ်ရင် စစ်သည်တွေ စိတ်ဓာတ်ကျဆင်းကုန်လိမ့်မယ် ..."



ရိက္ခာမှူးသည် မုံစီလွန်၏ မှာကြားချက်ကို ကြားသည်နှင့် ခေါင်းတညိတ်ညိတ်ဖြင့် ပြန်ထွက်သွားတော့၏။

ဆရာကိုန်ချန်က ချက်ချင်း စကားပြောသည်။

"တူမလေး ...အခုပြဿနာ ဘယ့်နှယ်ဖြေရှင်းရမလဲ၊ နက်ဖြန်ခါဆိုရင် ကျုပ်တို့ ဒုက္ခရောက်တော့မယ်"

"ဟုတ်ကဲ့ ဦးလေး ...ကျွန်မသဘောကတော့ မန်ချူးစစ်သည်တို့ကို တစ်ပွဲလောက် အပြတ်ရှင်းချင်တာပဲ၊ ကျွန်မတို့ရဲ့အခက်အခဲကို ဒီနည်းနဲ့ပဲ ပြေလည်အောင် ဖြေရှင်းရမှာပဲ"

"အို ...တူမလေး၊ စိတ်ကူးမလွဲပါနဲ့ကွယ် ...၊ မန်ချူးတပ်ဖွဲ့တို့ဟာ ခဲယမ်းတွေ တောင့်တင်းတဲ့အပြင် စစ်သည်အင်အားလဲ တို့ထက်သာလွန်ပါတယ်ကွယ်၊ အဲဒီယော့ ကျုပ်တို့ ထွက်တိုက်ရင် ပိုးဖလံ မီးကိုတိုးသလို ဖြစ်နေမှာပဲ"

"ဒီမှာဦးလေး ...၊ ကျွန်မတို့မှာ ဒီတစ်နည်းပဲကျန်တော့တယ်၊ မန်ချူးတပ်ဖွဲ့တို့ဟာ နှစ်ရက်တိတိ ပြင်းထန်တဲ့တိုက်ပွဲကို ဆင်နွှဲရတာကြောင့် အခုအချိန်မှာဆိုရင် မောဟိုက်နေပြီ၊ ဒီတော့ ကျွန်မတို့သာ အချိန်မီထွက်တိုက်ရင် အောင်ပွဲခံနိုင်မှာပါ၊ ဒီတော့ ကျေးဇူးပြုပြီး ချီတက်ဖို့ ခရာမှုတ် အမိန့်ပေးလိုက်ပါရှင်"

အခြေအနေကို ဝေဖန်သုံးသပ်သောအခါ ဤနည်းသာရှိချေတော့၍ ဆရာကိုန်ချန်က စောဒကမတက်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ထုံတူဂိတ်ပတ်ဝန်းကျင်တစ်ခွင်လုံး စစ်ချီရေသံတို့က လွှမ်းမိုးသွားလေတော့သည်။

ပုံတင်သံထပ်နေသော စစ်ချီသံကိုကြားသောအခါ နီပေါစစ်သည်တို့သည် ရဲစိတ်ရဲမာန်တက်ကြွပြီး ရန်သူကို တိုက်ခိုက်ဖြိုခွင်းရန် အသင့်ပြင်ထားကြတော့၏။

တစ်ဖက်တွင် စစ်ဦးစီးခန်းအန်းမင်းကြီး အမှူးပြုသော မန်ချူးတပ်ဖွဲ့တို့သည် နှစ်ရက်တိတိ တိုက်ခိုက်ခဲ့သော်လည်း စစ်သည်ဗိုလ်ပါ သုံးသောင်းခန့်ကျဆုံး၍ ရန်သူကို ဖြိုခွင်းနိုမ်နင်းနိုင်ခွင့်မရှိသောကြောင့် အကြပ်ရိုက်လျက်ရှိနေကြ၏။

သို့သော် နီပေါဘက်မှ စစ်ချီသောခရာမှုတ်သံကို ကြားရသောအခါ ဟိုင်နန်က ဝမ်းသာအားရရွှာဖြင့် ဆိုလိုက်၏။

"အရှင်မင်းကြီး ...၊ ဟာရန်ပေးတဲ့သတင်း မှန်ကန်တယ်ဗျ၊ အခု နီပေါဘက်မှာ ရိက္ခာပြတ်နေလို့ ကျုပ်တို့ကို တစ်ချီလောက် အပြတ်တိုက်တော့မယ်"

"အို...မဖြစ်နိုင်ဘူးထင်တယ်ကွာ၊ သူတို့သာ တကယ်လို့ ရိက္ခာပြတ်ရင် တို့ကိုထွက်လာပြီး တိုက်ဝံ့ပါ့မလား"

"ဟား ...ဟား ...ဟား ...ဒါဟာ အကြံကုန်ဂဠုန်ဆားခ ကဲ့တဲ့နည်းပေါ့ဗျာ၊ သူတို့ဘက်က ရိက္ခာတကယ်ပြတ်နေတာပါ၊ အဲဒီတော့ ကျွန်တော်တို့တပ်ဖွဲ့အချို့ နောက်ဆုတ်လိုက်မယ်၊ သူတို့ထွက်လာတာနဲ့ ဝိုင်းဝန်းပိတ်ဆို့ပြီး တိုက်ခိုက်မယ်"



ဟိုင်နန်သည် သူ၏အကြံအစည်ကို တီးတိုးပြောဆိုလိုက်သောအခါ ခန်အန်းမင်းကြီးက ဝမ်းသာအားရဖြင့် လက်ခံလိုက်တော့၏။

ထိုအခါ ရှေ့တန်းမှ စစ်သည်တို့ကို နောက်သို့ ငါးမိုင်ခန့် နောက်ဆုတ်ရန် အမိန့်ပေးလိုက်၏။

သို့သော် စစ်ချီခရာမှုတ်သံကြားရသော်လည်း အတန်ကြာသည့်တိုင် မြို့တံခါးက ပိတ်မြဲပိတ်ထား၏။

နီပေါစစ်သည်တို့ ချီတက်တိုက်ခိုက်လာသည်ကို မမြင်ရပေ။

ထိုအဖြစ်ကို မြင်သောအခါ ခန်အန်းမင်းကြီးက ဒေါသထွက်ရင်း ကြိမ်းဝါး၍ အမိန့်ပေးလိုက်သည်။

"တောက် ...နီပေါတွေက တို့ကို သက်သက်မဲ့ ခြိမ်းခြောက်တာကွ ...၊ ဟိတ်ကောင်တွေ အမြောက်ရပ်ပစ်ကြစမ်းကွာ ..."

ခန်အန်းမင်းကြီး အမိန့်ပေးလိုက်သည်နှင့် အမြောက်တပ်မှ စစ်သည်တို့သည် ထုံတူဂိတ်ကိုဦးတည်၍ တဝုန်းဝုန်း ပစ်ခတ်ကြတော့သည်။

သို့သော် ယမ်းငွေ့တဝေဝေ ပျောက်ပြယ်သွားသည်နှင့် ထုံတူဂိတ်ဘက်မှ စစ်ချီခရာသံ ပဲ့တင်သံထပ်သွားအောင် ထပ်မှုတ်ပြန်လေ၏။

ခန်အန်းမင်းကြီးနှင့် ဟိုင်နန်တို့မှာ အပစ်အခတ်ရပ်စဲရန် ချက်ချင်း အမိန့်ပေးလိုက်၍ အသင့်ပြင်ထားနိုင်းကြ၏။

သို့သော် နီပေါစစ်သည်တို့ ထွက်မတိုက်ကြသေးပေ။

www.burmeseclassic.com

www.burmesesclassic.com



သို့ဖြစ်၍ ခန်အန်းမင်းကြီးက အမြောက်ဖြင့် ထပ်ပစ်ရန် အမိန့်ပေးရန် ဟန်ပြင်လိုက်၏။

ငင်းအချိန်မှာပင် ဒုတိယမြောက်စစ်ချီသံစရာသံတွေ ဒလကြမ်း မှုတ်လေတော့သည်။

မန်ချူးစစ်သည်တို့သည် နှစ်ခါအလိမ်ခံလိုက်ရပြီး ဖြစ်၍ ဒီတစ်ခါလည်း ထပ်လိမ်ဦးမည်ဟုတွက်ဆထား၏။

သို့သော် စစ်ပရိယာယ်ကြွယ်ဝသော ရွှေလေးရှင်မင်းသမီးသည် ဒုတိယအကြိမ်မြောက်ကျမှ သူမကွပ်ကဲအုပ်ချုပ်သော နီပေါစစ်သည်တို့ကို ပွဲထုတ်လိုက်လေတော့သည်။

ထုံတူဂိတ်၏ မြို့ရိုးတံခါးသည် ရုတ်ခြည်းပွင့်ထွက်သွားပြီး နီပေါစစ်သည်တို့လည်း တစ်ဟုန်ထိုးအရှိန်ဖြင့် မန်ချူးစစ်သည်တို့ကို ဝင်ရောက်လုံးထွေးပူးသတ်လေတော့၏။

အသင့်ပြင်ဆင်ထားခြင်းမရှိသော မန်ချူးစစ်သည်တို့သည် အလူးအလဲခံလိုက်ရသည်။

မန်ချူးတပ်ဖွဲ့၏ရှေ့ဆုံးမှ စစ်သည်တို့သည် တစ်ထောင်ခန့် ရှိသော အသေခံကြေးစားတပ်ပင် ဖြစ်ကြ၏။

နီပေါနိုင်ငံမှ မြင်းသည်တော်တပ်ဖွဲ့တို့သည် ဓားရှည်ကိုမွှေ့ယမ်းပြီး လေဆင်နှာမောင်းတိုက်ခတ်သည့်နှယ် မန်ချူးစစ်သည်ရှိရာသို့ မြင်းကိုဒုန်းစိုင်း၍ အပြင်းနှင်ပြီး ဝင်ပိုင်းလေတော့၏။



မန်ချူးစစ်သည်တို့ အတုန်းအရုန်းလဲကျပြီး သေဆုံးကြတော့သည်။

တစ်ချိန်တည်းမှာ စစ်ချီရာမှုတ်သံကြားသည်နှင့် နီပေါဘက်မှ ဝဲယာတောင်တန်း တစ်ဖက်တစ်ချက်စီတွင် စောင့်ကြပ်နေသော နီပေါတပ်ဖွဲ့တို့သည် မန်ချူးတပ်ဖွဲ့အုပ်စုထဲသို့ တစ်ဟုန်ထိုးအရှိန်ဖြင့် ပြေးဆင်း၍ ရှုပ်ရှုပ်ရှုံ့ရှုံ့ သဲသဲမဲမဲ တိုက်ခိုက်ကြပြန်သည်။

စစ်ဦးစီးဖြစ်သူ ရွှေလေးရှင်မင်းသမီးမှာလည်း စစ်ယူနီဖောင်း အပြည့် ဝတ်ဆင်၍ မြင်းညိုကြီးကိုစီးပြီး တိုက်ပွဲအလယ်တွင် ကိုယ်တိုင် ကွပ်ကဲအုပ်ချုပ်သည့်ပြင် သံလုံးခွဖြင့် မန်ချူးဗိုလ်မှူးများကို ရွေးချယ်၍ ဆက်တိုက် ပစ်ခတ်နေသည်။

သူမသည် ထိထိမိမိ တည့်တည့်မတ်မတ် ပစ်ခတ်နိုင်ခြင်းကြောင့် မျက်စိတစ်မှိတ်အတွင်းမှာပင် ဗိုလ်မှူးသုံးယောက်တို့ကိုထိမှန်၍ မြင်းပေါ်မှ လိမ့်ကျသွားလေသည်။

ဟိုင်နန်၏ အစီအစဉ်အရဆိုရင် မန်ချူးတပ်ဖွဲ့တို့ကို နောက်သို့ ငါးမိုင်ခန့်ဆုတ်ပြီး နီပေါစစ်သည်တို့ ဝင်လာသည်နှင့် သူတို့ကို ဝဲယာညှပ်၍ အလယ်ပိုင်းတွင် ဝိုင်းထားရန်အကြံအစီပင်ဖြစ်၏။

သို့သော် စစ်ပရိယာယ်ကြွယ်ဝသူ ရွှေလေးရှင်မင်းသမီးက ရန်သူများကို အရှုံးပမာလှည့်စားခဲ့၏။

ထိုစဉ် ခန်အန်းမင်းကြီးသည် မြင်းပေါ်မှ စစ်တလင်းကို မျှော်လာသုံးသပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



နီပေါစစ်သည်တို့သည် အရေအတွက်အားဖြင့် မန်ချူးစစ်သည်ထက် နည်းပါးသော်လည်း ရဲစွမ်းသတ္တိပြည့်စုံသော တပ်ဖွဲ့ဖြစ်သည့်ပြင် ရန်သူကို အနိုင်မခံအရှုံးမပေးသောဇွဲဖြင့် အနိုင်တိုက်ခိုက်ခဲ့သည်။

မင်းကြီးနှင့် ဟိုင်နန်တို့သည် အုံ့ညြရင်းက ရွှေလေးရှင်မင်းသမီး ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်နေသည်ကို မြင်သောအခါ အကြံတစ်ခု ရုတ်ခြည်းပေါ်လာသည်။

"ဟိတ်ကောင်တွေ ...ကျင်းတောင် ညီနောင်နှစ်ဖော်ကို ချက်ချင်း ခေါ်ပေးကြစမ်းကွာ ..."

ထိုအခါ ဗိုလ်မှူးရာထူးခန့်အပ်ခြင်းခံရသော ကျင်းတောင်ညီနောင်နှစ်ဖော်တို့က ရောက်လျှင်ရောက်ချင်း တစ်ပြိုင်တည်းမေးလိုက်၏။

"မင်းကြီး ...ကျွန်တော်တို့ကိုခေါ်တဲ့အကြောင်းရင်းကို အမိန့်ရှိပါခင်ဗျား ..."

ထိုအခါ ခန်အန်းမင်းကြီးက ကြာပွတ်ဖြင့် လူးလာကျော်လွှားနေသော ရွှေလေးရှင်မင်းသမီးကို ညွှန်ပြရင်း ဆိုလိုက်၏။

"ဟော ...ဟိုတိဘက်အမျိုးသမီးဝတ်စုံဝတ်ထားတဲ့ ခေါင်းဆောင်ကို တွေ့တယ်မဟုတ်လား၊ သူဟာ နာမည်ကျော်ကြားတဲ့ ရွှေလေးရှင်မင်းသမီးပဲကွ ...၊ သူမကိုသာ အမိန့်ဖမ်းနိုင်ရင် နီပေါတပ်ဖွဲ့တို့ဟာ အလိုအလျောက် ပြိုကွဲမှာပဲ ...အဲဒီတော့ မင်းတို့နှစ်ယောက်သူ့ကို အရှင်ဖမ်းနိုင်ပါ့မလား"



"ဟုတ်ကဲ့ အရှင်မင်းကြီး ...၊ ဒါကလွယ်ပါဗျာ၊ ကျွန်တော်တို့ နာရီဝက်အတွင်းမှာ အမိဖမ်းပေးပါ့မယ်"

"အင်း ...မင်းတို့ရဲ့အစွမ်းအစကို ငါသိပါတယ်ကွာ၊ ဒါပေမယ့် ငါ အရှင်လိုချင်တယ် ..."

ကျင်းတောင်ညီနောင်နှစ်ဖော်တို့သည် ဟုတ်ကဲ့ဟု ဖြေကြားရင်း တိုက်ပွဲရှိရာတောင်ကုန်းအောက်သို့ တစ်ရှိန်ထိုးပြေးသွားလေတော့သည်။

ထိုအခိုက် ရွှေလေးရှင်မင်းသမီးက စစ်တလင်းတွင် ဝဲယာနှစ်ဖက်သို့ ထိုးဖောက်တိုက်ခိုက်နေ၏။

သို့သော် ၎င်းအချိန်မှာပင် အရှေ့မြောက်ဘက်မှ မန်ချူးစစ်သည်တို့ ရုတ်တရက် နောက်ဆုတ်သွား၍ လမ်းဖယ်ပေးကြသည်ကို တွေ့ရ၏။

သူမသည် အကင်းပါးသူပီပီ ထူးခြားချက်ရှိမည်ဟု ချက်ချင်း ရိပ်စားမိသည်။

မကြာမီမှာပင် မန်ချူးစစ်သည်အုပ်ထဲမှ မြင်းနှစ်စီး အပြင်းနှင်လာသည်ကိုမြင်ရ၍ မြင်းပေါ်မှ မန်ချူးစစ်ဗိုလ်နှစ်ယောက်တို့သည် မြင်းကိုစိုင်းရင်း သူမ၏ရှေ့မှောက်သို့ ချက်ချင်းရောက်လာ၏။

ရွှေလေးရှင်မင်းသမီး ခုခံရင်ဆိုင်ရန် စိတ်ကူးနေစဉ်မှာပင် သူမ၏နံဘေးမှ အဘိုးအိုတစ်ဦး ထွက်လာသည်။

www.burmeseclassic.com

www.burmesesclassic.com



ထိုအဘိုးအိုသည် ဆရာချွန်မင်း၏ဆရာဖြစ်သော ဆရာကျိုချန် ဖြစ်သည်။

ကျင်းတောင်ညီနောင်နှစ်ဖော်တို့ ရောက်လာသည်ကိုမြင်သည်နှင့် သူမ၏ရှေ့တွင် မားမားမတ်မတ်ရပ်၍ ကာကွယ်ပေး၏။

ဆရာကျိုချန်ကိုမြင်သောအခါ ကျင်းတောင်ညီနောင်နှစ်ဖော်တို့ တုန်လှုပ်သွားကြ၏။

အဘယ့်ကြောင့်ဆိုသော် ...

ဆချွန်မင်း၏ပညာသည် တစ်ဖက်ကမ်းခတ်အောင် ထူးချွန်သည်။ သူ၏ဆရာဆိုလျှင် ဆချွန်မင်းထက် များစွာသာလွန်မည်ဟု တွက်ဆထားကြသည်။

သို့သော် သူတို့တွက်ဆထားသလို မဟုတ်ပေ။

ဆချွန်မင်းသည် ကျွန်းချိုမှဆရာတစ်ဆူဖြစ်သော သိုင်းအဘိုးအိုတစ်ဦး၏ ထူးခြားသောပညာရပ်များကို ဆည်းပူးခဲ့သောကြောင့် တိုက်ရည်ခိုက်ရည်ဘက်တွင်လည်း သူ၏ဆရာထက် များစွာသာလွန်လေသည်။

ရန်သူ၏တိုက်ကွက် တစ်မဟုတ်ချင်းရောက်လာသောအခါ ဆရာကျိုချန်က မိုးကြိုးစကြာသိုင်းကွက်ဖြင့် ပြန်ပစ်၍ ခုခံကာကွယ်လိုက်ရသည်။

ဓားသိုင်းကျွမ်းမှုတွင် ဆရာကျိုချန်က ဆချွန်မင်းထက် သာလွန်လေ၏။



သို့ဖြစ်၍ ဆရာကျိုချန်က ဓားကိုဝှေ့၍ ခုခံလိုက်သည်နှင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသကဲ့သို့ ကျင်းတောင်ညီနောင်နှစ်ဖော်တို့သည် တိုက်ကွက်ကို အလွယ်တကူ ကာကွယ်နိုင်ခဲ့၏။

ဟူးရန်ထိုသည် ဝဲဘက်သို့ခုန်ရှောင်ရင်း တုတ်ကောက်ကို တစ်ချက် ဝှေ့၍ ဆရာကျိုချန်၏ လည်ပင်းဆီသို့ ကျော့ဘက်သွေးကြောဆီသို့ လှမ်းရိုက်တော့သည်။

တစ်ချိန်တည်းမှာ ညီဖြစ်သူ ဟူးရန်ကျိန်းက ရှောင်တိမ်းရင်း ဆရာကျိုချန်၏ လည်ပင်းဆီသို့ လှည့်ပတ်၍ တုတ်ကောက်ဖြင့် လှမ်းထောက်လိုက်၏။

ဆရာကျိုချန်သည် သူတို့နှစ်ယောက် ပူးပေါင်းတိုက်ကွက်ကို ခုန်ရှောင်ရင်း လေထုထဲမှာပင် ဓားကိုမွှေ့ယမ်းကာ ဟူးရန်ထို၏ နားထင်ဆီသို့ တစ်ရှိန်ထိုး ထိုးချလိုက်တော့သည်။

ထိုအခိုက်တွင် ဆရာကျိုချန်၏ဓားထိုးချလာသည်ကို မြင်သည်နှင့် ဟူးရန်ထိုက ကြောက်မက်ဖွယ်တစ်ချက် ရယ်လိုက်၏။ ထို့နောက် တုတ်ကောက်ရှေ့တွင် တပ်ထားသော မြွေခေါင်းကို စကြာပုံစံဖြင့် လကြမ်းမွှေ့ယမ်းတော့သည်။

ဆရာကျိုချန် ရှောင်တိမ်းရန် အချိန်မရတော့ပေ။ တစ်ချိန်တည်းမှာပင် ဟူးရန်ကျိန်း၏ တုတ်ကောက်သည် ဆရာကျိုချန်၏ ကျောပြင်ကို တည့်တည့်မတ်မတ် ထိမှန်ပြီး အဘိုးအိုမှာ မှောက်လျက် လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကို မြင်သောအခါ ရွှေလေးရှင်မင်းသမီးသည် အလန့်တကြားဖြစ်ရင်း လေးခွဖြင့် သံလုံးများကို ပစ်လွှတ်လိုက်၏။

သို့သော် ကျင်းတောင်ညီနောင်နှစ်ဖော်တို့က အဆင့်မြင့်သိုင်းပညာရှင်ပီပီ သံလုံးကို လုံးဝမမှုဘဲ ခုန်ပျံကျော်လွှားရင်း ရွှေလေးရှင်မင်းသမီးကို မြင်းပေါ်မှ ဖမ်းချုပ်ရန် ဟန်ပြင်လိုက်၏။

သို့သော် ၎င်းအချိန်မှာပင် လေထုထဲတွင် အသံလွင်လွင်တစ်ခုက ပျံ့လွင့်လာ၏။

"ဟိတ်ကောင်တွေ ...ရပ်လိုက် ..."

ထိုသူသည် လေထုထဲမှ တစ်ရှိန်ထိုးဆင်းရင်းက ပြင်းထန်လှသော သိုင်းကွက်ဖြင့် ကျင်းတောင်ညီနောင်နှစ်ဖော်တို့မှ ဦးခေါင်းပိုင်းကို တည့်တည့်မတ်မတ် ထိုးချလိုက်၏။

လျှပ်တစ်ပြက် ရောက်ရှိလာသော သူမှာ သိုင်းဆရာမကြီးရှောင်ရိရှမ်းပင်ဖြစ်သည်။

သူမသည် ဝဲဘက် စစ်မြေပြင်တွင် ကွပ်ကဲအုပ်ချုပ်နေ၏။ မြင်းနှစ်စီးအပြင်းနှင်လာသည်ကို မြင်သောအခါ ကျင်းတောင်ညီနောင်နှစ်ဖော်မှန်း သိသည်နှင့် ရွှေလေးရှင်မင်းသမီးကို ဖမ်းဆီးရန်ဖြစ်မည်ဟု ရိပ်မိ၏။

သို့ဖြစ်၍ စုံ့ဆိုင်းမနေတော့ဘဲ ကိုယ်ဖော့သိုင်းပညာအသုံးပြု၍ အပြေးလာခဲ့ခြင်း ဖြစ်သည်။

သို့သော် အလာကောင်းပေမယ့် အခါနှောင်းသွားလေပြီ။



စစ်သည်များ ထောင်သောင်းမက များပြားလှသောကြောင့် ၎င်းတို့တစ်တွေကို ကျော်ဖြတ်ပြီး ရောက်လာသောအခါ ဆရာကျိုချန်မှာ ညီနောင်နှစ်ဖော်၏ လက်ချက်ကြောင့် မြေပြင်ပေါ်တွင် လဲကျမေ့မြောနေလေပြီ။

ထိုအခိုက်တွင် ကျင်းတောင်ညီနောင်နှစ်ဖော်တို့မှာ ဓားရောင်လင်းလက်သွားသည်ကို မြင်သည်နှင့် အလန့်တကြားဖြစ်ရင်း လူချင်းချက်ချင်းခွဲလိုက်ကြသည်။

ဟူးရန်ထိုသည် တုတ်ကောက်ကို ဝဲဘက်မှ ညာဘက်သို့ဝှေ့၍ ရိုက်ချလိုက်၏။

ဟူးရန်ကျိုန်းသည် တုတ်ကောက်ကို အောက်ဘက်မှ အပေါ်သို့ ပင့်တင်၍ ချက်ချင်းရိုးစစ်ဆင်လိုက်သည်။

သို့ဖြစ်၍ ရှောင်ရိရှမ်းသည် အပေါ်သို့ပြန်ခုန်၍ လေထုထဲမှာပင် တစ်ပတ်ဝှေ့ပြီး ထက်မြက်လှသော သိုင်းကွက်နှင့်အတူ သူတို့ကို ဓားဖြင့် နှစ်ချက်ဆက်တိုက် ထိုးချလိုက်သည်။

ထိုအခါ ကျင်းတောင်ညီနောင်နှစ်ဖော်တို့က ကိုယ်ကိုလှည့်ရှောင်လိုက်ရင်း တုတ်ကောက်ကိုယ်စီဖြင့် ရှောင်ရိရှမ်း၏ သွေးကြောဆီသို့ လှမ်းထောက်လိုက်၏။

သို့သော် ရှောင်ရိရှမ်းသည် တစ်ပတ်ကျွမ်းထိုး၍ ဓားဖြင့် ဟူးရန်ထို၏နောက်ကျောဆီသို့ ပိုင်းလိုက်၏။

www.burmeseclassic.com

www.burmesesclassic.com



ငင်းအချိန်တွင် ရွှေလေးရှင်မင်းသမီးသည် ဆရာကျိုချန်ဆီသို့ တစ်ရှိန်ထိုးပြေးသွားရင်း ချက်ချင်း ဖေးထူ၍ ခေါ်လိုက်သည်။

"ဦးလေး ...ဦးလေး ..."

သို့သော် ဆရာကျိုချန်၏ရင်ဝမှ သွေးရွှေ ချင်းချင်းနီရဲပြီး အတွင်းကြေကြေ၍ မေ့မျောသွားလေပြီ။

ထိုစဉ် ဆရာကျိုချန်က မျက်လုံးကို အသာဖွင့်ပြီး ဆိုလိုက်လေသည်။

"တူမလေး ...ဦးလေး မနေရတော့ဘူး၊ ဦးလေးဟာ အသက်ခုနစ်ဆယ်ရှိပါပြီ၊ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်တာဟာ မှန်မြတ်ပါတယ်၊ လူလေးဆချွန်မင်ကို ပြောပြပါ၊ အခု နီပေါနိုင်ငံမှာ သစ္စာဖောက် အရာရှိတွေရှိနေတယ်ကွယ် ...၊ တိုင်းပြည်ကို ရောင်းစားတဲ့လူ ရှိနေတော့ မလွယ်ဘူး၊ အဲဒီတော့ မင်းတို့ အခြေအနေကြည့်ပြီး ကျန်းတောင်ကို ပြန်ပြီး ငြိမ်းချမ်းစွာနေထိုင်ဖို့ တိုက်တွန်းပါကွယ် ..."

အဘိုးအိုသည် မှာကြားပြီးသည်နှင့် ခေါင်းတစ်ဖက်သို့လှည့်၍ သေဆုံးသွားလေတော့သည်။

အဘိုးအိုသည် ရုတ်တရက် ကွယ်လွန်သွားသည်ကို တွေ့မြင်သောအခါ ရွှေလေးရှင်မင်းသမီး ဝမ်းနည်းကြေကွဲရင်း ချုန်းပွဲချငိုကြွေးလေတော့သည်။



ကျင်းတောင်ညီနောင်နှစ်ဖော်တို့၏ တိုက်ကွက်မှာ တစ်ဆထက်တစ်ဆ ပြင်းထန်လာ၏။

"ကဲ ...အရဲစွန့်မှ ဖြစ်တော့မယ် ..."

ရှောင်ရိရှမ်းသည် စိတ်ကိုယတိပြတ်ဆုံးဖြတ်ရင်း သိုင်းကွက်ကို ပြောင်းလိုက်လေ၏။

ထိုအခါ အရှေ့ခုနစ်ကွက်၊ အနောက်ခုနစ်ကွက် သိုင်းကွက်ဖြင့် ရန်သူကို တိုက်ခိုက်လိုက်သည်နှင့် ကျင်းတောင်ညီနောင်နှစ်ဖော်တို့သည် သူမ၏သက်စွန့်ဆံဖျား တိုက်ကွက်ကို ကပျာကယာရှောင်လိုက်ရတော့သည်။

သို့သော် ဟူးရန်ကျိန်းက အရှောင်နှေးသွားသောကြောင့် သူ၏လက်မောင်းမှာ ထက်မြက်လှသည့် ဓားဖြင့် ပိုင်းခံရလုနီးပါး ဖြစ်သွားသောကြောင့် ဟူးရန်ကျိန်းက အလန့်တကြားအော်လိုက်၏။

အော်သံကြားသောအခါ ရွှေလေးရှင်မင်းသမီးမှာ ဆရာကျိုချန်၏ အလောင်းကို အသာပြန်ချရင်း အကြံတစ်ခုရလိုက်သည်။

လေးခွကိုကိုင်ကာ ရန်သူ၏ မျက်လုံးအစုံကိုချိန်ရွယ်၍ ဒလစပ်ပစ်ခတ်လေတော့၏။

ကျင်းတောင်ညီနောင်နှစ်ဖော်တို့သည် ထူးခြားသောသိုင်းပညာရှင်များဖြစ်၍ တုတ်ဖြင့်သော်လည်းကောင်း၊ သံလုံးဖြင့်သော်လည်းကောင်း ထိမှန်သော်လည်း သူတို့ကမမှုပေ။

www.burmeseclassic.com

www.burmesesclassic.com



သို့သော် အခုအချိန်မှာ အဆင့်မြင့်သိုင်းပညာရှင်နှင့် ယှဉ်ပြိုင်နေကြရ၏။ ထိုသို့သောအခြေအနေတွင် သူတို့၏ချက်ကောင်းနေရာဖြစ်သော မျက်လုံးအစုံတို့ကို သံလုံးဖြင့် ချိန်ရွယ်ပစ်ခတ်နေသောကြောင့် အနှောင့်အယှက်များစွာ ဖြစ်ကြရသည်။ သို့ဖြစ်၍ ရွှေလေးရှင် မင်းသမီး ပစ်လွှတ်လိုက်သော သံလုံးကို မရှောင်၍ မဖြစ်တော့ပေ။ ရှောင်ကြရသည်။

ထို့ကြောင့် အထောက်အကူသော ပျှောင်ရိရှမ်းမှာ အခွင့်ကောင်းကို လက်လွှတ်မခံဘဲ တိုက်စစ်ဆင်နွှဲလေတော့၏။

သို့အတွက် ခဏအတွင်းမှာ သိုင်းကွက်လေးဆယ် ယှဉ်ပြိုင်ခဲ့၍ ကျင်းတောင်ညီနောင်တို့သည် ရှောင်တိမ်းရင်း အရေးနိမ့်ခဲ့ရသည်။

ငင်းအချိန်မှာပင် နီပေါဘက်မှ စစ်ကူများ ဝေါ့ကျင်းဖုန်းနှင့် ရှန်စုရှမ်းတို့ ရောက်လာကြတော့သည်။

ဆရာကျိုချန်သည် တိုင်းပြည်အတွက် အသက်စွန့်သွားသည်ကို မြင်သောအခါ မခံမရပ်နိုင်ဖြစ်ပြီး တိုက်ပွဲတွင်းသို့ ချက်ချင်းဝင်ရောက် ဆင်နွှဲကြလေတော့သည်။

အခြေအနေမဟန်မှန်း ကျင်းတောင်ညီနောင်တို့ ရိပ်စားမိ၍ တစ်ဦးကိုတစ်ဦး အချက်ပြရင်း နေရာမှ ချက်ချင်းခုန်ရှောင်ထွက်ပြေးသွားတော့သည်။



မင်းကြီး ခန်းအန်းသည် ရွှေလေးရှင်မင်းသမီးကို ဖမ်းဆီးရန် အရေးနိမ့်ခဲ့လေပြီ။ သို့သော် အရေးအခင်းထဲတွင် ဆရာကျိုချန်မှာ အသက်စတေးခံခဲ့ရသည်။

သို့သော် ...တိုက်ပွဲကြီးကတော့ ဆက်လက်ဖြစ်ပွားနေသည်။

✳ ✳ ✳

www.burmeseclassic.com

www.burmesesclassic.com

## အခန်း (၅၉)

## ရှုံးသွပ်ခြင်းဝေဒနာ

တိုက်ပွဲမှာ ပြင်းထန်ဆဲပင်။

မျက်နှာချင်းဆိုင် တိုက်ပွဲဖြစ်သောကြောင့် အမြောက်များ အသုံးမဝင်တော့ပေ။

ထိုအခါ နီပေါစစ်သည်နှင့် မန်ချူးစစ်သည်တို့သည် ရဲစွမ်းသတ္တိချင်း ယှဉ်ပြိုင်သည့်အပြင် လက်ဦးသူအနိုင်ရစတမ်းဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ သူသေကိုယ်ကျေ အကြိတ်အနယ် လုံးထွေးသတ်ပုတ်နေကြ၏။

တိုက်ပွဲမှာ ကြောက်စရာကောင်းသောကြောင့် တရားသောစစ်ကို ဆင်နွှဲနေကြသော်လည်း ရွှေလေးရှင်မုံစီလွန်အနေဖြင့် မကြည့်ရက်တော့ပေ။

ထို့ပြင် ရန်သူဘက်မှ စစ်သည်ဦးရေ များစွာသာလွန်နေသည်။



ထိုအချက်ကို စဉ်းစားရင်ပး အကြံတစ်ခုရလိုက်၏။

"အင်း ...ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ ရန်သူကို နှလုံးရည်နဲ့ အနိုင်ယူမှပဲ ..."

သူမသည် ငေါ့ကျင်းဖုန်းဘေးသို့ ကပ်ပြီး ချက်ချင်းတီးတိုးမှာကြားလိုက်၏။

သူမ၏မှာကြားချက် ကြားသည်နှင့် ငေါ့ကျင်းဖုန်းသည် မြင်းကို ဒုန်းစိုင်း၍ ထုံတူဂိတ်ရှိရာသို့ ချက်ချင်းပြန်သွားလေတော့သည်။

ထုံတူဂိတ်ကို စောင့်ကြပ်နေသော အကြပ်တပ်သားတို့မှာ စစ်မြေပြင်သို့ထွက်၍ တိုက်ကြသည့်အတွက် မြို့စောင့်တပ်သည် နှစ်ထောင်ခန့်သာ ကျန်ရှိတော့သည်။

ရောက်လျှင်ရောက်ချင်း ငေါ့ကျင်းဖုန်းက ရွှေလေးရှင်မုံစီလွန်၏ အမိန့်ကို ပြန်ကြားလိုက်၏။

"ဒီမှာ စစ်ဦးစီးရဲ့အမိန့်ပါတယ်ဗျ ...၊ စစ်သည်တစ်ထောင်ခွဲထုတ်ပြီး မာလဆတောင်တန်းကို နောက်ဘက်ကနေ ပတ်ပြီး မန်ချူးတွေရဲ့ နောက်တန်းမှာရှိတဲ့ ဌာနချုပ်ကို ရှောင်တခင်တိုက်ခိုက်ရမယ်"

ထုံတူဂိတ်မှ တပ်မှူးသည် အလန့်တကြားဖြစ်ရင်း ပြန်မေးလိုက်၏။

"အလို ...လူတစ်ထောင်နဲ့ မန်ချူးတပ်ဖွဲ့ကို တိုက်ခိုက်ရပါ့

www.burmeseclassic.com

www.burmeseclassic.com



မလား၊ ပြီးတော့...ဂိတ်မှာ စစ်သည်ဦးရေ နည်းနေတယ်ဗျ...၊ တစ်ထောင်လောက် ထပ်နှုတ်လိုက်ရင် ဘာမှမကျန်တော့ဘူး"

"ဒါဟာ အထက်အမိန့်၊ ကျုပ်တို့သာ အောင်ပွဲခံရင် ထုံတူဂိတ်ကို စောင့်ကြပ်ဖို့စစ်သည် မရှားပါဘူး"

ငေါ့ကျင်းဖုန်း၏ ယတိပြတ်ဆုံးဖြတ်သံကို ကြားသောအခါ ထုံတူဂိတ်မှ တာဝန်ခံဗိုလ်မှူးသည် စစ်သည်တစ်ထောင်ကို ခွဲဝေပေးလိုက်သည်။

ထိုအခါ ငေါ့ကျင်းဖုန်းသည် တုန့်ဆိုင်းမနေတော့ဘဲ စစ်သည်တစ်ထောင်ခန့်ကို ဦးဆောင်၍ တောင်ကြားလမ်းမှတစ်ဆင့် ကွေ့ပတ်ပြီး မန်ချူးတပ်ဖွဲ့ရှိရာ ဌာနချုပ်ဆီသို့ ခရီးပြင်းနှင်လေတော့၏။

မင်းကြီးခန်းအန်းရှိရာ ရှေ့တန်းနှင့် နောက်တန်းဌာနချုပ်ကြားတွင် အတော်အလှမ်းကွာဝေးလေသည်။

သို့သော် မင်းကြီးခန်းအန်းမှာ စစ်သည်အလုံးအရင်းကို ရှေ့တန်းသို့ ပို့လိုက်သော်လည်း နောက်တန်းဌာနချုပ်တွင် စစ်သည်ဦးရေ နှစ်ထောင်ကျော်သာ ချန်ထားနိုင်သည်။

ငေါ့ကျင်းဖုန်းက စစ်သည်တစ်ထောင်နဲ့ ဝင်ရောက်တိုက်ခိုက်ပါက ပိုးဖလံမျိုးမီးကိုတိုးရန်သာ ရှိတော့သည်။

သို့သော် ရွှေလေးရှင်မုံစီလွန်က ပညာသားပါပါဖြင့် တစ်မျိုးစီစဉ်ထားသည်။

ငေါ့ကျင်းဖုန်းဦးစီးသော နီပေါစစ်သည်တစ်ထောင်တို့သည်



မန်ချူးဌာနချုပ်နှင့် ဆယ်မိုင်အကွာသို့ရောက်ပြီး ကြိုတင်ပြင်ဆင်ထားသော ရေနံလောင်စာကို ထုတ်လိုက်ကြသည်။

ထို့နောက် မြက်ခြောက်ကွင်းပြင်တစ်လျှောက်ကို ရေနံများဖြင့် ပက်ဖျန်းပြီး မီးရှို့လိုက်သည်။ ခဏအတွင်းမှာ ကွင်းပြင်တစ်ခုလုံး မီးဟုန်းဟုန်းတောက်လေတော့သည်။

ဌာနချုပ်တွင်ရှိသော မန်ချူးတပ်ဖွဲ့တို့သည် မီးလောင်ပြင်ကို မြင်သောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့၏။

ထိုအချက်သည် မုံစီလွန်၏ လှည့်ကွက်သာဖြစ်၏။

သို့သော် မန်ချူးတပ်ဖွဲ့မှ တပ်မှူးတို့သည နီပေါတပ်မဟာဘက်မှ ရှောင်တခင်ဝင်ရောက်တိုက်ခိုက်သည်ဟု ထင်မှတ်၍ အလန့်တကြားဖြစ်ရင်း မင်းကြီးခန်းအန်းထံ စစ်ကူတောင်းရန် တမန်တော်ကို ကပျာကယာ လွှတ်လိုက်သည်။

အရေးပေါ်အချက်ပြကို မြင်သောအခါ မင်းကြီးခန်းအန်းနှင့် ဟိုင်နန်တို့သည် များစွာတုန်လှုပ်မိကြ၏။

ထိုစဉ် မီးခိုးတလူလူနှင့် မီးလောင်ပြင်ကို မြင်လိုက်ရ၍ တိုက်ပွဲဆက်လက်ဆင်နွှဲရန် ဆန္ဒမရှိတော့ဘဲ နောက်ဆုတ်ရန် ခရာမှုတ်၍ အချက်ပေးလိုက်တော့သည်။

ခန်းအန်းမင်းကြီး အမိန့်ပေးလိုက်သည်နှင့် မန်ချူးစစ်သည်တို့သည် ကမောက်ကမ ဖရိုဖရဲဖြစ်သွားတော့သည်။

ထို့ကြောင့် နောက်ဆုတ်ရန်အမိန့်ပေးလိုက်သည်နှင့် အလု

www.burmeseclassic.com

www.burmeseclassic.com



အယက် နောက်ဆုတ်ကြ၏။ နောက်ဆုတ်ပုံမှာ စနစ်တကျမရှိပေ။ ကမူးရှူးထိုးနိုင်သည်။

တချို့က နောက်တန်းဌာနချုပ်ကို သိမ်းပိုက်ခံရ၍ဖြစ်သည်ဟု တွက်ဆ၏။

တချို့က ရှေ့တန်း၌ အရေးနိမ့်ပြီး နောက်ဆုတ်ရသည်ဟု ထင်ကြေးပေးကြ၏။

မြင်းများ၊ လူများ ရှန်းရင်းဆန်ခတ်ဖြစ်ကြပြီး အချင်းချင်း တိုးဝှေ့နင်းသတ်မိကြတော့၏။

ထိုစဉ် ဝေါရထားအတွင်းမှ ဟိုင်နန်က စစ်ရေးအခြေအနေကို ဝေဖန်သုံးသပ်လိုက်၏။

"အင်း ...ဒုက္ခတော့ ရောက်ကုန်ပါပြီ၊ ဒါဟာ ရန်သူရဲ့ စစ်ဝရိယာယ်ပဲ"

ဟိုင်နန်သည် အခြေအနေကို ရိပ်စားမိသည်နှင့် နေရာတွင် စုစည်းတန်းစီရန် အချက်ပေးခရာ ချက်ချင်း မှုတ်ခိုင်းလိုက်၏။

မန်ချူးစစ်သည်တို့သည် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ကြ၍ စည်းကမ်းအမိန့်ကို ချက်ချင်းလိုက်နာသော တပ်ဖွဲ့များပင်ဖြစ်ကြ၏။

သို့ဖြစ်၍ ခဏအတွင်းမှာ ကိုယ့်တပ်ဖွဲ့နှင့်ကိုယ် စည်းကမ်းရှိစွာဖြင့် တန်းစီကြလေ၏။

ကြည့်တပ်ကို အတွင်းမှာဝိုင်းရံထားပြီး အပြင်ဘက်တွင် မြင်းသည်တော်တပ်က ဝိုင်းရံထားလေ၏။



ထို့နောက် ခန်းအန်းမင်းကြီးက စနစ်တကျ နောက်ဆုတ်ကြရန် အမိန့်ချမှတ်ပြီး စည်းကမ်းဖောက်ဖျက်ပါက သေဒဏ်သင့်မည်ဖြစ်ကြောင်း အမိန့်ချမှတ်လိုက်၏။

ရှေ့တန်းမှစစ်သည်တို့သည် မီးလောင်ပြင်နေရာသို့ ဆုတ်ခွာသွားသည်နှင့် ရုတ်ရုတ်သဲသဲ ထပ်မံဖြစ်ပွားတော့၏။

အကြောင်းမှာကား မီးနိုးလုံးကြီးများသည် လေပင့်ရာသို့ယိမ်းထိုး၍ မန်ချူးတပ်ဖွဲ့တို့၏ ယာယီတဲများပေါ်သို့ ကျရောက်သွားသောကြောင့်တည်း။

မီးလောင်ပြင်၏ အရှိန်အဟုန်မှာ ပြင်းထန်လွန်းသောကြောင့် မန်ချူးစစ်သည်တို့သည် ကန့်လန့်ဖြတ်ကာဆီး၍ တဲအိမ်နှင့် ဌာနချုပ်တို့ကို ဝင်ရောက်မီးငြိမ်းသတ်နိုင်စွမ်း မရှိပါ။

တစ်ဖက်တွင် ရွှေလေးရှင်မင်းသမီးက မန်ချူး၏ နောက်တန်းဘက်မှ မီးနိုးလုံးကြီးကို မြင်သည်နှင့် သူမ၏အကြံအစည် ထမြောက်အောင်မြင်မှုန်း ချက်ချင်းရိပ်စားမိတော့၏။

သို့သော် သူမက ဆက်လက်မတိုက်ခိုက်ရန် မှာကြားပြီး မန်ချူးဘက်မှ မြင်းများကိုသာ လုယူရန် အမိန့်ပေးလိုက်၏။

ထိုအမိန့်ကိုကြားသောအခါ နီပေါတပ်မှူးတို့ ဇဝေဇဝါဖြစ်မိကြတော့၏။

သူတို့တစ်တွေသည် အနိုင်ဖြင့် မန်ချူးစစ်သည်တို့ကို ဆက်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုက်ပါက ကြီးကျယ်သောအောင်ပွဲခံယူရမည်ဟု တွက်ဆထားသည်။

သို့သော် ရွှေလေးရှင်မင်းသမီး မုံစီလွန်က မထင်မှတ်သောအမိန့်ကို ချမှတ်ခဲ့၏။

သူတို့ ဇဝေဇဝါဖြစ်နေသောအချိန်မှာပင် မန်ချူးဘက်မှ စစ်နည်းဗျူဟာ ပြောင်းလဲ၍ မြင်းသည်တော်တပ်ကို အပြင်ဘက်တွင် ဝိုင်းရံထားသည်ကို တွေ့ရ၏။

ရန်သူတို့၏ စစ်သည်အင်အားသည် အဆပေါင်းများစွာသာလွန်သည့်ပြင် တောင့်တင်းကြံ့ခိုင်သော မြင်းသည်တော်တပ်ဖွဲ့လည်း ရှိလေသည်။

ထိုအချင်းအရာကို ဂေဖန်သုံးသပ်မိသောအခါ မုံစီလွန်၏ အမြော်အမြင်ကြီးမားသော ဆုံးဖြတ်ချက်ကို မချီးကျူးဘဲ မနေနိုင်တော့ပေ။

သို့ဖြစ်၍ မုံစီလွန်၏ အမိန့်တော်တိုင်း မန်ချူးတပ်ဖွဲ့တို့၏ ကြွင်းကျန်ခဲ့သော မြင်းများကိုသာ အရဖမ်းဆီးသိမ်းပိုက်ကြတော့၏။

မိုင်ပေါင်းနှစ်ဆယ်ကျော်ခန့် လိုက်လံတိုက်ခိုက်သိမ်းပိုက်ပြီးသောအခါ မုံစီလွန်က တပ်ခေါက်ရန် အချက်ပေးခရာ မှုတ်နိုင်းလိုက်တော့သည်။

ထိုအခါ နီပေါစစ်သည်တို့က စစ်မြေပြင်ပေါ်တွင် သိမ်းပိုက်ခဲ့သော မြင်းများနှင့်ဝတ္ထုပစ္စည်းများကို သယ်ဆောင်၍ ထုံတူဂိတ်သို့ ပြန်သွားကြတော့သည်။



မုံစီလွန်သည် ထုံတူဂိတ်သို့ရောက်သောအခါ ဆရာကျိုချန်၏ ကြွင်းကျန်ခဲ့သော ရုပ်ကလာပ်ကို ချက်ချင်း မီးသဂြိုဟ်ကြသည်။

မီးသဂြိုဟ်ပြီး ညှိခန်းထဲတွင် ထိုင်နေရင်း ရှောင်ရိရှမ်းက မုံစီလွန်ဘက်သို့လှည့်၍ ...

"အင်း ...ကျုပ်တို့ဘက်က အောင်ပွဲခံနိုင်ခဲ့ပေမယ့် ဆရှုန်မင်နဲ့ အိမ်ရှေ့မင်းသားလေးတို့ရဲ့သတင်း လုံးဝမကြားရပါလား ...၊ သူတို့ တစ်တွေ ရိကွာတောင်းဖို့သွားတာ ရက်အတော်ကြာသွားပြီ၊ အခြေအနေကို သိရအောင် မမ လိုက်သွားဦးမှပဲ"

"ဟုတ်ကဲ့ရှင့် ...ဒါဆိုရင် ကျွန်မ စိတ်ချရတာပေါ့"

ရှောင်ရိရှမ်းသည် မုံစီလွန်နှင့် သူ့ရဲကောင်းတစ်သိုက်ကို နှုတ်ဆက်ပြီး မြို့တော်သို့ ခရီးပြင်းနှင်လေတော့သည်။

ရှောင်ရိရှမ်း ထွက်ခွာသွားသောအခါ ရိကွာမှူးဝင်လာပြီး မုံစီလွန်အား အစီရင်ခံလေ၏။

"စစ်ဦးစီးခင်ဗျား ...၊ ကျွန်တော်တို့တပ်က ရိက္ခာဟာ နက်ဖြန်ခါ နံနက်စာပဲ ကျန်ပါတော့တယ်၊ ညဘက်ဆိုရင် တပ်က ရိက္ခာပြတ်တော့မယ်"

"အို ...အဲဒါ အကြောင်းမဟုတ်ပါဘူးကွယ်၊ ကျုပ်တို့ ဒီကနေ့ တိုက်ပွဲမှာ မြင်းအကောင်တစ်သောင်း ကျော်လောက်ဖမ်းဆီးခဲ့တယ်

www.burmeseclassic.com

www.burmesesclassic.com



မဟုတ်လား ...၊ အဲဒီ ဖမ်းဆီးရသမျှ မြင်းတွေကို အကုန်သတ်ပြီး ဆားနဲ့သိပ်ထားကွယ်၊ ဒါဆိုရင် ကျုပ်တို့အတွက် ရိက္ခာဖူလုံတာပေါ့"

ထိုအချိန်ကျမှ ဗိုလ်မှူးအပေါင်းတို့သည် မုံစီလွန်၏ အဓိကရည်ရွယ်ချက်ကို နားလည်သဘောပေါက်တော့၏။

တကယ်တော့ မြင်းများကို ဖမ်းနိုင်းသည့်ရည်ရွယ်ချက်မှာ ရိက္ခာဖြည့်တင်းရန် ဖြစ်ပေသည်။

ထိုအမိန့်ကိုကြားသောအခါ ရိက္ခာမှူး ဝမ်းသာအားရဖြင့် ပြန်သွား၍ မြင်းများကိုသတ်ဖြတ်ရန် စီစဉ်ချမှတ်လေတော့သည်။

✳ ✳ ✳

လေးနာရီခန့် ကြာသွားလေပြီ။

ဆချွန်မင်နှင့် မင်းသား အာပုမင်တို့သည် သတိဝီရိယထားပြီး လီစွမ်းမေ၏ အဆိပ်ပြယ်ချိန်ကို စောင့်ဆိုင်းနေကြသည်။

ဂူ၏အပြင်ဘက်တွင် နန်းရင်းဝန် ဟာရန်နှင့် ဆရာမကြီးတို့ ကြိတ်၍ကြိရင်း နောက်ဆုံး နန်းရင်းဝန် ဟာရန်က ...

"ဒီမှာ ဆရာမကြီး ...၊ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး၊ မီးနဲ့ထပ်ပြီးရှို့မှ အေးမယ် ..."

"အင်း ...ကျောက်ဆောင်တွေဆိုတော့ မီးမကူးဘူး"

"လွယ်ပါတယ် ဆရာမကြီး၊ ဒီလိုလုပ်ကြရင် ကောင်းမယ်"



နန်းရင်းဝန် ဟာရန်က ချက်ချင်းပင် ကိုယ်ရံတော်တပ်သားများအား ကျောက်ဆောင်ပတ်ဝန်းကျင် တစ်ခုလုံးတွင် ထင်းပုံများဖြင့် ဝိုင်းရံပုံစေပြီး အထဲတွင် ခဲယမ်း၊ ကန့် စသော လောင်စာများ ထည့်ထား၏။

ကိုယ်ရံတော်တပ်သားအချို့မှာ ဘုရင်၏ ရာဇာပလ္လင်ထိပါးမည်ကို မလိုလားက ဘုရင်မင်းမြတ်အား လျှောက်တင်ရန် ပြေးသွားသည်။

သို့သော် နန်းရင်းဝန် ဟာရန်၏ ကိုယ်ရံတော် အိန္ဒိယအစောင့်တို့၏ တားမြစ်ခြင်းကို ခံရသည်။

ဘုရင့်ဘက်တော်သားများမှာ နန်းတော်တစ်ခုလုံး မီးလောင်ခံရခြင်းကို မလိုလားကြပေ။

အတန်ကြာသောအခါ လီစွမ်းမေမှာ အဆိပ်အတောက်များအား တစ်ကိုယ်လုံးမှ ကုန်စင်သွားအောင် ညှစ်ထုတ်ပြီးသည့်နောက် သုမသည် ရုတ်ခြည်း ထ,ခုန်လိုက်၏။

"ဆချွန်မင် ...ငါတော့ အန္တရာယ်ကြားက လွတ်မြောက်ပါပြီ၊ ဒီတော့ လူယုတ်မာတွေကို ထွက်တိုက်ကြစို့"

"ဟုတ်ကဲ့ ဆရာမကြီး၊ ကျွန်တော်လဲ ဒီလူယုတ်မာတွေကို အပြတ်ရှင်းပြီးမှ ဘုရင်မင်းမြတ်နဲ့ တွေ့မယ်"

ဆချွန်မင်မှာ စကားဆုံးသည်နှင့် ဂူအပြင်ဘက်သို့ ပြေးထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ရောက်သည်နှင့် မြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချားမိ၏။

"အင်း ...လေးဘက်လေးတန်မှာတော့ ထင်းပုံတွေ တောင်ပုံရာပုံ ဖြစ်နေကြပြီ"

ဆရွှန်မင်သည် ကိုယ်ရံတော်တပ်သားများအား လှမ်းအော်လေ၏။

"မင်းတို့ ...ဒီလောက်တောင် ကျေးဇူးကန်းရသလားကွ၊ ငါဟာ မင်းတို့ရဲ့ရန်သူဖြစ်တဲ့ မန်ချူးတွေကို ကူညီတိုက်ခိုက်ပေးနေတဲ့သူပါ၊ နောက်ပြီး ဂူထဲမှာ မင်းတို့ရဲ့ အိမ်ရှေ့မင်းသား အာပုမင်ပုန်းနေတယ်၊ တကယ်တမ်းဆိုရင် တို့ဟာ ရန်သူမဟုတ်ဘူး၊ မင်းတို့နားမှာ ရှိနေတဲ့ ဆရာမကြီးတို့ဟာ အနီးကပ်ရန်သူတွေပဲ"

ဆရွှန်မင်၏စကားကြောင့် စစ်သည်အချို့မှာ ထင်းများကို သယ်ယူနေခြင်းမှ ချက်ချင်း ရပ်လိုက်ကြလေ၏။

ထိုအခါ နန်းရင်းဝန် ဟာရန်က ...

"ဟေ့ကောင်တွေ ...သူ့စကားကို မယုံကြနဲ့၊ သူတို့ဟာ မင်းတို့ ရန်သူအစစ်ကွ ...၊ ဟေ့ ...ဘာလုပ်နေကြတာလဲ၊ မြားနဲ့ ပစ်ကြပါ တော့လားကွ"

သို့သော် စစ်သည်များက ငြိမ်မြဲငြိမ်လျက် ...။

ဆရွှန်မင်က ရုတ်တရက် ကိုယ်ဖော့ပညာသုံးကာ လူအုပ်ကြားရှိ ဆရာမကြီးထံသို့ ခုန်ပျံရင်း တိုက်ခိုက်လေတော့သည်။



ဒေါ်ယုမှာ ရှောင်တိမ်းရင်း ပြန်လည်၍ တိုက်ခိုက်၏။

ထိုအခါ ဓားရောင် လက်ခနဲပေါ်လာ၏။

ခုန်၍ထွက်လာသော လီစွမ်းမေသည် ဆရာမကြီး ချိုင်းနေရာသို့ ဓားဖြင့် ထောက်လိုက်၏။

ဒေါ်ယုမှာ လီစွမ်းမေ၏အစွမ်းကို သိပြီးဖြစ်သည်။ သူ့အတွက် မဟာနံမှန်း ရိပ်စားမိသောကြောင့် ခုခံရင်း ကိုယ်ဖော့ပညာသုံးပြီး ရှောင်ထွက်သွားသည်။

ဆရွှန်မင်က ဒေါ်ယုထံ လိုက်မည်ပြုစဉ် လီစွမ်းမေက ဟန့်တားလိုက်၏။

"ဆရွှန်မင် ...လူယုတ်မာ နန်းရင်းဝန် ဟာရန်ကိုသာ အမိဖမ်းပါ၊ ဒေါ်ယုအတွက် ငါ တာဝန်ယူတယ်"

လီစွမ်းမေမှာ ပြောပြီးသည်နှင့် ဒေါ်ယုနောက်သို့ အပြင်းလိုက်သွားတော့သည်။

ဆရွှန်မင်မှာ လူယုတ်မာ နန်းရင်းဝန်အား သုတ်သင်ရန် အပူတပြင်း လိုက်ရှာ၏။

သို့သော် သူရဲပေါကြောင်သော ဟာရန်က ရင်မဆိုင်ဝံ့ဘဲ မည်သည့်အချိန်က ထွက်ပြေးသွားသည်မသိပေ။

ထိုအခါ လူအုပ်ကြားမှ အရိပ်သဏ္ဍာန်နှစ်ခု ရုတ်တရက် ခုန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဂ်ိပ်သတ္တာန်နှစ်ခုမှာ အိန္ဒိယသိုင်းပညာရှင်များ ဖြစ်ကြသည်။

သူတို့၏လက်ထဲတွင် တစ်ယောက်က သံပြားဝိုင်းနှစ်ချပ်ကို ကိုင်ဆောင်ထား၏။

ကျန်တစ်ယောက်မှာ ပုဆိန်နှစ်လက်ကို ကိုင်ဆောင်ထားသည်။

အိန္ဒိယကိုယ်ရံတော်စစ်သားနှစ်ဦးသည် ဆ နီမင်ထံ ပူးပေါင်းတိုက်ကွက်ဖြင့် လျှပ်တစ်ပြက် ဝင်တိုက်သည်။

ပုဆိန်ကိုင်သူသည် တိုက်စစ်ကိုဆင်နွှဲပြီး သံပြားကိုင်ဆောင်သူက ခံစစ်ကို အဓိကထားပြီး တိုက်ခိုက်သည်။ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်ခြင်းဖြစ်သည်။

ဆချွန်မင်မှာ တွဲဆိုင်းမနေတော့ဘဲ နောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီး သံပြားလက်နက်ကိုင်ဆောင်ထားသူကို ပိုင်းချလိုက်သည်။

ထိုအခါ ပုဆိန်ကိုင်သူက ဓားချက်ကိုကန့်လန့်ဖြတ်၍ ပုဆိန်ဖြင့် ကာဆီးလိုက်သည်။

တစ်ဆက်တည်း သံပြားလက်နက် ကိုင်ဆောင်ထားသူမှာ ဆချွန်မင်၏ အောက်ပိုင်းသို့ ဝင်၍ တိုက်ခိုက်၏။

ဆချွန်မင်သည် ရုတ်ချည်းအပေါ်သို့ခုန်တက်ရင်း ဓားဖျားဖြင့် သံပြားဝိုင်းကို တစ်ချက်ဖောက်ပေးလိုက်ပြီး လေထုထဲသို့ ရှစ်ပေခန့် ထပ်မံ၍ခုန်တက်လိုက်၏။



ဆချွန်မင်မှာ ပေါ့ပါးစွာဖြင့် ၎င်းတို့နှစ်ဦး၏ ခေါင်းပေါ်မှ ကျော်ဖြတ်ပြီး နောက်ကျောဘက်သို့ အသာ ခုန်ဆင်းလိုက်သည်။

ထိုစဉ် အိန္ဒိယကိုယ်ရံတော်နှစ်ယောက်တို့သည် ၎င်းတို့၏ လက်နက်ကို ငုံ့ကြည့်မိ၏။

ဓားဖြင့်ထိမိသော နေရာတွင် လက်တစ်လုံးခန့် ပွန်းပဲ့သွားသည်ကို တွေ့ရသောကြောင့် ထိတ်လန့်သွားကြသည်။

အတန်ကြာ တိုက်ခိုက်မိသောအခါ အဓိကရန်သူမှာ သံပြားဝိုင်းလက်နက် ကိုင်ဆောင်ထားသူဖြစ်ပြီး ပုဆိန်ကိုင်ထားသူမှာ အလစ်ချောင်းပြီး တိုက်ခိုက်ရန်သာ ဖြစ်ကြောင်းကို လေ့လာသုံးသပ်မိသည်။ သူ အဓိကထားတိုက်ခိုက်ရမည့်သူမှာ သံပြားဝိုင်းလက်နက် ကိုင်သောသူဖြစ်ကြောင်း ဆချွန်မင် သိလိုက်လေ၏။

ထိုအချိန်တွင် ဒေါ်ယုနှင့် လီစွမ်မေတို့၏ အရိပ်အယောင်ကိုကား မတွေ့ရတော့ချေ။

ဆချွန်မင်သည် တိုက်ခိုက်ရင်း အိမ်ရှေ့မင်းသား အာပုမင်၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မိသည်။ ထို့ကြောင့် ရန်သူကို ဒလကြမ်း တိုက်ခိုက်ဟန် ပြင်လိုက်သည်။

ထိုအခိုက်မှာပင် သူ၏နားထဲသို့ အသံလွင်လွင် ပျံ့လွင့်လာသည်။

"ဆချွန်မင် ...မင်းက ဘာကြောင့် ဒီမှာအချိန်ဆွဲနေတာလဲ၊ ဟောဒီမှာ မင်းသံမီးဒေဇီလိရဲ့ အဖြစ်ကို ကြည့်ပါဦး"

www.burmeseclassic.com

www.burmesesclassic.com



အသံရှင်သည် ရှောင်ရိရှမ်း၏ အသံမှန်းသိသည်နှင့် ဆချွန် မင်မှာ အလန့်တကြားဖြစ်၍ လှည့်ကြည့်လိုက်၏။

ရှောင်ရိရှမ်းသည် ချိုင်းကြားတွင် ဆံပင်စုတ်ဖွားဖွားနှင့် အမျိုးသမီးတစ်ဦးကိုညှပ်၍ ဥယျာဉ်တော်သို့ အပြေးရောက်လာသည် ကို တွေ့ရသည်။

ရှောင်ရိရှမ်းသည် စိုးရိမ်ပူပန်စိတ်ကြောင့် မြို့တော်သို့ ခရီး ပြင်းနှင်ခဲ့ခြင်း ဖြစ်လေတော့သည်။

* * *

ရှောင်ရိရှမ်းမှာ မြို့တော်တွင်းသို့ ချက်ချင်း မဝင်သေးဘဲ စိတ်ရှည်ရှည်ဖြင့် မှောင်ရီပျိုးစအချိန်ကို စောင့်ဆိုင်းနေ၏။

သည့်နောက် သူမက ကိုယ်ဖော့ပညာသုံး၍ ဝိုင်းတံတိုင်းကို ကျော်လွှားပြီး နန်းတော်ထဲသို့ ဝင်ရောက်ခဲ့သည်။

သူမအနေနှင့် နန်းတော်တွင်းသို့ဝင်ရန်မှါ ခဲယဉ်းခြင်းမရှိပေ။ ရှောင်ရိရှမ်းမှာ နန်းတော်၏ အခြေအနေကို လုံးဝမသိရှိပေ။

သို့ဖြစ်၍ ရှောင်ရိရှမ်း နန်းတော်တွင်းသို့ ဝင်မိသောအခါ ကြီးမားခံ့ညားသော အိမ်ကြီးတစ်ဆောင်ဆီသို့ ရောက်လာသည်။

ထိုအဆောင်သည် ခန့်ညားကျယ်ဝန်းလှသော်လည်း ပန်းပု လက်ရာ စသည့်ဆေးသားများ ပျက်ပြယ်ကြကုန်ပြီ။ ထို့ပြင် လှေကား



ထစ်တွင် ရေညှိများ တွယ်ကပ်ပြီး အခန်းတစ်ခုလုံး၌ မှောင်အတိ ဖြစ်နေ၏။

"အင်း ...ဘုရင်မင်းမြတ်ရဲ့ နန်းတော်ဟာ ဘယ့်နှယ်ကြောင့် တိတ်ဆိတ်ခြောက်ကပ်နေရတာလဲ"

ရှောင်ရိရှမ်းက မှတ်ချက်ချမိသည်။

သူမသည် မြေအောက်အချုပ်ခန်းသို့ ရောက်လာမှန်းပင် မသိပေ။

ထိုမြေအောက်အချုပ်ခန်းတွင် ဘပြစ်ကျူးလွန်သော နန်းတွင်းသူ နန်းတွင်းသားများကို ချုပ်နှောင်ထားလေ့ရှိသည်။

အကြောင်းမသိသူ ရှောင်ရိရှမ်းမှာ ဇဝေဇဝါဖြစ်နေသည်။ ထို့နောက် ဆက်၍လာခဲ့ရာ ထောင့်ချိုးမှ မီးပုံးနှစ်လုံးကို မြင်၏။

မီးပုံးကိုင်ဆောင်သွားသူ အမယ်အိုနှစ်ဦးမှာ မျက်နှာမသာမယာ ဖြင့် ရှုံ့မဲ့နေ၏။

ဝဲဘက်မှ အမယ်အို၏လက်ထဲတွင် ငွေရောင်ပုလင်းတစ်လုံး ကိုင်ထား၏။ ၎င်းတို့နှစ်ဦး၏ နောက်ဘက်တွင် ကြမ်းကြုတ်သော အာဏာပါးကွက်သားနှစ်ယောက် ပါလာလေသည်။

၎င်းတို့နှစ်ဦး၏ခါးတွင် ဆောင်ဓားကိုယ်စီ ချိတ်လျက်စကား တစ်ခွန်းမျှ မပြောပေ။

သို့သော် သူတို့၏ပုံပန်းသဏ္ဌာန်က နီပေါလူမျိုးနှင့်တူ၍ ရှောင်ရိရှမ်း အံ့သြရင်း ဝေဖန်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလို ... တယ်ထူးဆန်းပါလား၊ နီပေါနိုင်ငံရဲ့ နန်းတွင်းမှာ ဘယ်လိုကြောင့် လူမျိုးခြားကို ကိုယ်ရံတော်အဖြစ် ထားရှိရတာလဲ"

ထိုအခိုက် နန်းတွင်းသူ အမယ်အိုက အချုပ်ခန်းရှေ့သို့ရောက်သည်နှင့် လှည့်ပြီး စကားပြောသည်။

"ဒီမှာ ရှင်တို့ ခဏစောင့်နေပါ၊ နန်းတွင်းထုံးစံအရဆိုရင် အချုပ်ခန်းထဲကို ယောကျ်ားတွေ မဝင်ရဘူး၊ အဲဒီတော့ ဟောဒီဆေးအရက်ကို ကျွန်မ သမီးတော်ကို တိုက်လိုက်ပါ့မယ်"

"အင်း ... သမီးတော်ဆိုတာ ဒေစီလီမင်းသမီးကို ဆိုလိုတာပဲ၊ ပြီးတော့ အဲဒီဆေးအရက်ဟာ တကယ်တမ်း ဆန်းစစ်ကြည့်ရင် လူကို သေစေနိုင်တဲ့ အဆိပ်အရက်ပဲ"

ထိုအဖြစ်ကိုမြင်သောအခါ ရှောင်ရီရှမ်းမှာ ထူးဆန်းအံ့ဩရင်း အဖြေရှာမရအောင် ဖြစ်နေသည်၊

မှန်ပေသည်။ ၎င်းအရက်ကို သောက်လိုက်မိပါက ချက်ချင်း သွေးအန်ကာ သေဆုံးသွားနိုင်သည်။

ဒါပေမယ့် တုရင်မင်းမြတ်မှာ ဘာကြောင့် ဤမျှ ရက်စက်ရသနည်း။ ရူးများနေပြီလော။ အဘယ်ကြောင့် သမီးတော်အရင်းကို အဆိပ်အရက်ဖြင့် သတ်ရသနည်း။

ရှောင်ရီရှမ်းသည် အံကိုတင်းတင်းကြိတ်ရင်း ဓားကို ကျစ်ကျစ်ပါအောင် ကိုင်၍ ခုန်ဆင်းမည်ဟု ဟန်ပြင်လိုက်၏။



ထိုကိုယ်ရံတော်နှစ်ဦးသည် ဆရာမကြီးဒေါ်ယုက နန်းတွင်းသို့ ခေါ်ဆောင်ခဲ့သော သက်တော်စောင့်များပင်ဖြစ်၏။

နန်းရင်းဝန် ဟာရန်၏ လျှို့ဝှက်အမိန့်အရ မင်းသမီးဒေစီလီကို လက်ဦးအောင် သတ်ဖြတ်ရန် လာခဲ့ကြခြင်းပင်။

အမယ်အို၏စကားကိုကြားသောအခါ အစောင့်နှစ်ဦးက ...

ထုံးစံတွေဘာတွေ နားမလည်ဘူး၊ တို့ဟာ နန်းရင်းဝန်ရဲ့ အမိန့်အရ မင်းသမီးဒေစီလီ သေနေတာကို မြင်သွားချင်တယ်၊ ခင်ဗျားတို့က ကျုပ်တို့ကို မဝင်စေချင်တာ ဘယ်လိုသဘောလဲ"

"ဟုတ်ကဲ့ရှင့် ... ဒါဖြင့် ကျွန်မတို့ အထဲကိုဝင်ပြီး တိုက်လိုက်ပါမယ်၊ ရှင်တို့ မှန်ပြတင်းက စောင့်ကြည့်ပါရှင်"

"ကောင်းပြီ ... ဒါဖြင့် မြန်မြန်သွား"

ပါးကွက်အာဏာသားနှစ်ဦးက ထက်ချပ်မကွာ လိုက်သွား၏။

သို့သော် တံခါးပေါင်ကို ကျော်လိုက်သွားသည်နှင့် ငွေရောင်ပုလင်း ကိုင်ဆောင်သူ အမယ်အိုသည် ပုလင်းဘူးဆို့ကို ရုတ်တရက် ဖွင့်လိုက်ပြီး သူမ၏ပါးစပ်ထဲသို့ အဆိပ်အရက်ကို လောင်းထည့်ရန် ဟန်ပြင်လိုက်၏။

အမယ်အိုသည် သစ္စာရှိနန်းတွင်းသူပီပီ မင်းသမီး ဒေစီလီအတွက် အသေခံလိုက်ခြင်းဖြစ်၏။

သို့သော် ထိုနှစ်ဦးက လျင်မြန်ဖျတ်လတ်သူပီပီ ဆေးပုလင်းကို ရုတ်တရက်လုပြီး သူမကို တွန်းထုတ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် …ခင်ဗျား ရူးနေပြီလား၊ ပေါ်ဒီအရက်ဟာ ဘုရင်မင်းမြတ်က သမီးတော်အတွက်ချိုးမြှင့်ထားတာ၊ ခင်ဗျားက ဘာကြောင့် လုသောက်ရတာလဲ"

"အို …သမီးတော်ဟာ ရူးနေပေမယ့် သူမရဲ့ဖခမည်းတော်ကို မစော်ကားပါဘူး၊ အဲဒီတော့ သူမကို ဘာကြောင့် အဆိပ်အရက်တိုက်ရတာလဲ"

ထိုစကားကိုကြားလိုက်သည်နှင့် ပါးကွက်အာဏာသားတို့က ဆောင်ဓားကို ထုတ်လိုက်ပြီး ပိုင်းချလိုက်ကြသည်။

ပါးကွက်အာဏာသားနှစ်ဦး၏ ဇက်ကြောမှာ ကျင်ခနဲခံစားလိုက်ရ၏။

ရှောင်ရီရှမ်းသည် အောက်သို့ တစ်ရှိန်ထိုး ဆင်းသက်ရင်း သွေးကြောဖမ်းချုပ်နည်းဖြင့် အစောင့်နှစ်ဦး၏ ဇက်ကြောကို တစ်ချိန်တည်း မိမိရရဖမ်းချုပ်လိုက်သည်။

ရှောင်ရီရှမ်းမှာ ဒေါသကြောင့် အစောင့်နှစ်ဦး၏ ဇက်ကြောကို အားကုန် ဖျစ်ညှစ်မိတော့သည်။

ထိုသို့ ဖျစ်ညှစ်လိုက်သည်နှင့် ထိုနှစ်ဦးမှာ တစ်ချက်သာအော်ပြီး သေဆုံးသွားလေတော့သည်။

နန်းတွင်းသူအမယ်အိုနှစ်ဦးမှာ မျက်လုံးများပြာဝေရင်း ထိတ်လန့်ငေးကြောင်မိလေသည်။



ထိုအခါ ရှောင်ရီရှမ်းက အဆိပ်အရက်ပုလင်းကို မြေပြင်မှ ကောက်ယူပြီး အိတ်ထဲသို့ထည့်ရင်း …

"ဒီမယ် …ရှင်တို့ ကျွန်မကို မင်းသမီးဆီကို အမြန်လိုက်ပို့ပါ"

"ရှင် …ရှင် သူ့ကို အရက်ထပ်တိုက်မလို့လား"

"မဟုတ်ပါဘူးရှင် …ကျွန်မ သူ့ကို လုံခြုံတဲ့နေရာမှာ ထားဖို့ ကယ်တင်မလို့ပါရှင်"

ထိုစကားကြားသောအခါ အမယ်အိုတို့၏ မျက်နှာထားမှာ ချက်ချင်း ပြုံးယောင်သမ်းလာလေသည်။ သို့သော် မကြာမီမှာပင်

"အို …မဖြစ်ဘူးရှင့် …၊ သမီးတော်ဟာ အခုရူးနေပြီ၊ တွေ့တဲ့ လူတွေကို လိုက်ပြီးကုတ်ဖဲ့ကိုက်နေတာရှင့်၊ ခေါ်သွားလို့ ဖြစ်မလား"

"အလို …သူ ရူးနေပြီလား၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်မမှာ နည်းရှိပါတယ်"

ထိုအခါ နန်းတွင်းသူ အမယ်အိုနှစ်ဦးက စကားဆက်မပြောတော့ဘဲ ရှေ့မှဦးဆောင်၍ ခေါ်သွားသည်။

အခန်းလွတ်အချို့ကို ဖြတ်ကျော်ပြီး ပန်းမျိုးစုံလင်စွာ ပွင့်ဖူးနေသော အခန်းတစ်ခုဆီသို့ ရောက်သွားကြ၏။

အခန်းထဲတွင် မှန်အိမ်မီးတစ်လုံး ထွန်းညှိထားပြီး မှန်ပြတင်းမှ ဆံပင်စုတ်ဖွား ဖြစ်နေသော အရိပ်သဏ္ဌာန်တစ်ခုကို မြင်ကြရသည်။

နန်းတွင်းသူ အမယ်အိုက ချက်ချင်း ခေါ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး ...သခင်မလေးကို ကယ်တင်မယ့်သူ ရောက်လာပြီရှင့် ..."

ထိုစကားသံကို ကြားသောအခါ အတွင်းဘက်မှလူက ချက်ချင်း မှန်ပြတင်းကို တွန်းဖွင့်လိုက်သည်။

မှန်ပြတင်းတွင် ပေါ်လာသူကား မင်းသမီးဒေစီလီပင် ဖြစ်၏။ သို့သော် ဆံပင်စုတ်ဖွားဖြစ်နေသည့်ပြင် မျက်နှာမှာ နုံးချိဖြူရော်လျက် မျက်လုံးအိမ်မှာ ဟောက်ပက်ဖြစ်နေ၏။

လွန်ခဲ့သော နှစ်လက တွေ့ခဲ့သော နတ်မိမယ်ပမာ လှပပြေပြစ်သည့် မင်းသမီးနှင့် ကွာခြားလွန်းလှသည်။

သူ့ကိုမြင်သည်နှင့် အမယ်အိုက ပျာပျာသလဲဖြင့် လောလိုက်၏။

"သခင်မလေး ...မြန်မြန်ထွက်ခဲ့စမ်းပါရှင် ...၊ ဟောဒီက သိုင်းအကျော်အမော်က သခင်မလေးကို ကယ်တင်မလို့ပါ"

ဒေစီလီသည် သူတို့ကို ငေးကြည့်ရင်း ရုတ်တရက် ချုံးပွဲချ ငိုကြွေးလေတော့သည်။

"အို ...ရက်စက်ပါ့ပေ့ ဖခမည်းတော်ရယ်၊ သမီးတော်ကို မညှာတာတော့ဘူးလား၊ အခုတော့ သမီးတော်ကို နှစ်ပေါင်းသုံးဆယ်တိတိ ဖမ်းချုပ်ထားပါပကော"

သူမက ကယောင်ကတမ်းပြောနေသည်။



ထိုအခါ ရှောင်ရိရှမ်းသည် တုန့်ဆိုင်းမနေတော့ဘဲ မှန်ပြတင်းမှ အထဲသို့ အမှတ်မထင် ဝင်လိုက်လေ၏။

ထို့နောက် လျှင်မြန်ဖျတ်လတ်စွာဖြင့် ဒေစီလီ၏ဇက်ကြောနေရာသို့ လက်ညှိုးဖြင့် လှမ်းပိတ်လိုက်သည်။

ဒေစီလီမှာ မူးမေ့သွားသည်နှင့် ရှောင်ရိရှမ်းက သူမ၏ကိုယ်လုံးကို ပွေ့လိုက်သည်။ ထို့နောက် မှန်ပြတင်းကို ထိုးဖောက်၍ ရုတ်တရက်ခုန်ထွက် သွားလေတော့သည်။

ရှောင်ရိရှမ်းသည် မင်းသမီးဒေစီလီကို ပွေ့ပိုက်ပြီး တစ်ရှိန်ထိုး ပြေးခဲ့သည်။

ထိုအခိုက်မှာပင် အရှေ့တောင်ထောင့်မှ ခေါင်းချင်းထိတွေ့သော အသံများ ပျံ့လွင့်ပေါ်ထွက်လာ၏။

"အင်း ...အဲဒီဘက်မှာ တိုက်ပွဲဖြစ်ပွားနေတယ်၊ မမတို့လဲ အဲဒီနေရာမှာ ရှိမှာပဲ ..."

ရှောင်ရိရှမ်းသည် တွေးတောရင်း ထိုအသံကြားရာ အရပ်သို့ လာခဲ့ရာမှ ဆရွှန့်မင်နှင့် တွေ့ဆုံရလေတော့သည်။

၎င်းအချိန်တွင် ဆရွှန့်မင်မှာ ဆရာမကြီးဒေါ်ယု၏ လူယုံတော ဖြစ်သော ကိုယ်ရံတော်နှစ်ယောက်နှင့် သဲသဲမဲမဲ အကြိတ်အနယ် ယှဉ်ပြိုင်နေကြ၏။

သူ၏အခြေအနေမှာ မဆိုးသော်လည်း ရန်သူနှစ်ဦးကိုအနိုင်ရရန်မှာမူ မလွယ်ကူပေ။

www.burmeseclassic.com

www.burmesesclassic.com



ရန်သူနှစ်ဦး၏ ပူးပေါင်းတိုက်ကွက်ကား ထိထိမိမိအချိတ်အဆက် ကောင်းလှပေသည်။

ဆရှုန်မင် ဓားဖြင့်ပိုင်းချလိုက်သော အချိန်မှာပင် ရန်သူတစ်ဦးက ဆရှုန်မင်၏ ခြေနှစ်ဖက်ကို ပုဆိန်ဖြင့် ဇွဲ၍ခုတ်ချလိုက်၏။

ငင်းအချိန်မှာပင် ရှောင်ရိရှမ်းက အချိန်မီဝင်ရောက် ကယ်တင်လိုက်၏။

သူမ၏သိုင်းပညာသည် တစ်ဖက်ကမ်းခတ် ထူးချွန်သည့်အတွက် ချိုင်းကြားတွင် လူတစ်ယောက်ညှပ်ထားသော်လည်း လှုပ်ရှားမှုမှာ သွက်လက်မြန်ဆန်လှသည်။

ထိုအခိုက် ရှောင်ရိရှမ်းက ရန်သူတစ်ဦး၏ သံချပ်ကာအင်္ကျီကို ခြေဖြင့် ခတ်ထုတ်လိုက်သည်။

ထို့နောက် ဝဲဘက်တွင် လွတ်နေသောလက်ဖြင့် ကျန်တစ်ဦး၏ ပုဆိန်နှစ်လက်ကို ရုတ်တရက် ဖမ်းဆွဲလိုက်ပြီး အဝေးသို့လွှင့်ပစ်လိုက်၏။

ဆရှုန်မင်က တအားတက်ကာ သိုင်းကွက်ကိုသုံးပြီး ဓားဖြင့် ဆင့်ကာဆင့်ကာ ပိုင်းချလိုက်၏။

ရန်သူနှစ်ဦး အော်ဟစ်ကာ ထွက်ပြေးလေတော့သည်။

✻ ✻ ✻

အခန်း (၆၀)

ဒဏ်ရာရသူ ကယ်မယူ

ဆရှုန်မင်က ရန်သူအား လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ရှောင်ရိရှမ်းက ဟန့်တားလိုက်လေ၏။

"ဆရှုန်မင် ...ရန်သူနောက် မလိုက်နဲ့၊ ဟိုမှာကြည့်စမ်း၊ အာပုမင် ရန်သူနဲ့တွေ့နေပြီ ..."

ဆရှုန်မင် ချာခနဲလှည့်ကြည့်လိုက်သောအခါ အိမ်ရှေ့မင်းသားမှာ အရေးနိမ့်နေသည်ကို တွေ့ရလေ၏။

ရှောင်ရိရှမ်း၏ သတိပေးသံကြားသည်ကြောင့် ဆရှုန်မင်သည် တစ်ရှိန်ထိုးအဟုန်ဖြင့် ခုန်အုပ်လိုက်တော့သည်။

ဆရှုန်မင်သည် ရန်သူတို့၏ ကျောပြင်သွေးကြောဆီသို့ ခပ်ပြင်းပြင်း ဆောင့်လိုက်လေ၏။

www.burmeseclassic.com

www.burmesesclassic.com



ထိုသိုင်းကွက်မှာ အိုမေဂိုဏ်းမှ နာမည်ကြီး သွေးကြောပိတ်ပညာရပ်ဖြစ်သောကြောင့် ရန်သူများမှာ ခုခံနိုင်စွမ်းမရှိဘဲ မြေပြင်ပေါ်သို့ ခွေလဲကျသွားသည်။

ဆချွန်မင်သည် အသေသတ်ရန် ဟန်ပြင်လိုက်စဉ် နံဘေးမှ အာပုမင်က ဟန့်တားလိုက်သည်။

နေဦး ...နောင်ကြီး၊ သူတို့ကို ချမ်းသာခွင့်ပေးပါ၊ ကျုပ်မေး စရာတွေရှိလို့ ..."

ထိုအခိုက်တွင် ရှောင်ရိရှမ်းလည်း မင်းသမီးဒေစီလိကို ခေါ်ဆောင်၍ အပြေးရောက်ရှိလာတော့၏။

နမတော်ဒေစီလိ မေ့နေသည်ကို မြင်တွေ့ရသောအခါ အိမ်ရှေ့မင်းသား အာပုမင်မှာ ထိတ်လန့်တုန်လှုပ်သွားသည်။

"ဆရာမ ...ကျွန်တော့်နမတော် ဘယ့်နှယ်နေသေးသလဲ၊ ဒဏ်ရာရတာတော့ မဖြစ်နိုင်ပါဘူးနော် ..."

ရှောင်ရိရှမ်းက ခေါင်းညိတ်၍ အဖြေအပေးရင်း ဖြစ်ကြောင်းကုန်စင်ကို ပြန်လည်ပြောပြလိုက်၏။

"အင်း ...ကံသီပေလို့၊ နို့မဟုတ်ရင်တော့ ..."

အိမ်ရှေ့မင်းသား အာပုမင်သည် သဲထိတ်ရင်ဖို ဇာတ်လမ်းကို ကြားမိသည်နှင့် ဓားချွေးပြန်ရင်း အာမေဍိတ်အသံဖြင့် ရေရွတ်မြည်တမ်းလိုက်သည်။



ငင်းအချိန်တွင် နီပေါကိုယ်ရံတော်တပ်သားတို့ ပျောက်ချင်းမလှ ပျောက်ကွယ်သွားကြကုန်သည်။

ထိုအခါ ရှောင်ရိရှမ်းမှာ မင်းသမီးဒေစီလိကို ဂူဝတွင် အသာချပြီး ထုံတူဂိတ်မှ အခြေအနေကို ပြောပြသည်။

တိုက်ပွဲတွင် အောင်ပွဲမခံခဲ့သော်လည်း ဆချွန်မင်၏ဆရာဖြစ်သူ ဆရာကျိချန်မှာ တိုင်းပြည်အတွက် တိုက်ပွဲတွင်ကျဆုံးရသည်။

မိဘသဖွယ် ကျေးဇူးကြီးမားသော ဆရာကျိချန် ကွယ်လွန်သည်ကို ကြားသောအခါ ဆချွန်မင် ဝမ်းနည်းကြေကွဲမိတော့သည်။

ထို့နောက် သုံးဦးသား အခြေအနေကို ပြန်လှန်တွေးမိကြ၏။

ရှောင်ရိရှမ်းက ရုတ်တရက် မေးလိုက်သည်။

"ဆချွန်မင် ...မမတစ်ယောက် မမြင်ပါလား၊ သူ ဘယ်ကိုရောက်နေပါလိမ့် ..."

"အို ...ဟုတ်ပါတယ် ဆရာမ ...၊ ဆရာမလီစွမ်းမေဟာ ဆရာမဒေါ်ယုနောက်ကို လိုက်သွားပြီထင်တယ်၊ ကျွန်တော်တို့ မြန်မြန်လိုက်မှ ..."

ရှောင်ရိရှမ်းက အလောတကြီး မလုပ်ချေ။

သူက အခြေအနေကို ရှင်းပြသည်။

"ဆချွန်မင် ...မမလီစွမ်းမေဟာ အဆင့်မြင့် သိုင်းပညာရှင်ဖြစ်တဲ့အတွက် စိုးရိမ်စရာမလိုပါဘူး၊ အခုအချိန်မှာ ရှေ့တန်းအတွက်

www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာအခက်တွေ့နေတယ်၊ အဲဒီတော့ ဘုရင်မင်းမြတ်ကို တွေ့မှ အားလုံးအဆင်ပြေနိုင်မယ် ..."

ငင်းစကားကို ကြားရသောအခါ ဆချွန်မင် စဉ်းစားရသည်။ သူက အိမ်ရှေ့မင်းသား မောင်နှမကို ညွှန်ပြလိုက်၏။

"ဆရာမ ...သူတို့မောင်နှမနှစ်ယောက်ကို ဘယ်လိုစီစဉ်ရင် ကောင်းမလဲ ..."

"အြော် ...သူတို့ကို ဘုရင်မင်းမြတ်နဲ့တွေ့ဖို့ တစ်ခါတည်း ခေါ်သွားသင့်တာပေါ့၊ သားအဖတွေတွေ့တာလောက် ဘယ်ကောင်း နိုင်ပါ့မလဲ ..."

"ဟုတ်ကဲ့ ...ဒါဖြင့် သွားကြစို့"

ရှောင်ရိရှမ်းသည် မင်းသမီးဒေစီလီကို ပွေ့၍ခေါ်သည်။ ဆချွန်မင်က ဆောင်မားဖြင့် လမ်းရှင်းပြီး ဘုရင်မင်းမြတ်၏ စံနန်းတော်သို့ ဦးတည်၍ ထွက်ခွာလာပေတော့သည်။

* * *

လီစွမ်းမေသည် ...

ဒေါ်ယု၏ ရက်စက်ကြမ်းကြုတ်မှုကို အလွန်ရှုံမုန်းသောကြောင့် ဆောင်မားကို မွှေ့ရမ်းရင်း ဒေါ်ယုအား အပြင်းလိုက်၍ ဒလကြမ်း တိုက်ခိုက်နေလေ၏။



သိုင်းပညာချင်းယှဉ်လျှင် ဒေါ်ယုမှာ လီစွမ်းမေနှင့် မယှဉ်သာ ပေ။

တိုက်ပွဲအချိန်ကြာလာသောအခါ ဒေါ်ယုမှာ သူမသုံးခဲ့သော အဆိပ်ဆေးမှုန့်များသည် လက်ဝါးမှတစ်ဆင့် ကိုယ်တွင်းသို့ ဝင် ရောက်မည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ထွက်ပြေးရန် ကြံမိသည်။

ထို့ကြောင့် တစ်ချက်ရှောင်ရင်း မြေပြင်ပေါ်သို့ တစ်ပတ်လှိမ့် လိုက်သည်။

ဒေါ်ယုသည် အခွင့်ကောင်းယူ၍ တစ်ပတ်ကျွမ်းထိုးပြီး အဝေး သို့ ထွက်ပြေးလေတော့သည်။

"ဟိတ် ...မိန်းမယုတ် ဘယ်ပြေးမလို့လဲ၊ မင်း ပြေးလို့လွတ် မယ်များ ထင်နေသလား"

လီစွမ်းမေက ဒလကြမ်းလိုက်သည်။ ဒေါ်ယုက ...

"ဟား ...ဟား ...ဟား ...သတ္တိရှိရင် နန်းတွင်းထဲလိုက်ခဲ့"

သူမသည် ပြောဆိုရင်းက နန်းတော်အဆောင်တစ်ခုထဲသို့ ဝင်ပြေးသွားလေတော့၏။

လီစွမ်းမေသည် သိုင်းပညာရှင်ပီပီ ချက်ချင်းနောက်ယောင်ခံ လိုက်သွားသည်။

အဆောင်တွင်းသို့ဝင်မိသည်နှင့် လူရိပ်နှစ်ခု ပေါ်လာကာ လီစွမ်းမေကို ဓားဖြင့်ပိုင်းလိုက်၏။

သို့သော် လီစွမ်းမေ ရှောင်နိုင်သည်။ သူက ပြန်တိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ ကိုယ်ရှေတော်စစ်သည်တို့မှာ လက်ကောက်ဝတ်ကို ထိုးမိသွားပြီး ဓားလွတ်ကျသွားတော့သည်။

လီစွမ်းမေသည် သူတို့ကို လှည့်မကြည့်ဘဲ ဒေါ်ယုဆီသို့ တစ်ဟုန်ထိုး ပြေးသွားသည်။

ထိုအခါ ဒေါ်ယုမှာ အခန်းတစ်ခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။

လီစွမ်းမေသည် ထိုအခန်းရှေ့သို့ ရောက်သွားပြီး သစ်သားတံခါးကို ခြေဖြင့်ကန်လိုက်သည်။

တံခါးပွင့်ထွက်သွားသည်နှင့် ဆောင်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ပြေးဝင်သွားလေ၏။

သို့သော် အတွင်းဘက်သို့ရောက်သောအခါ ထောင်ချောက်ဖြစ်နေကြောင်း သိလိုက်သည်။ အခန်းလေးဘက်မျက်နှာဆီမှ လူဆယ်ယောက်ကျော်သည် သူ့ဆီသို့ ခုန်အုပ်လိုက်သည်ကို မြင်တွေ့လိုက်ရ၏။

လီစွမ်းမေသည် အသင့်ပြင်ရင်း တံခါးဘက်သို့ ချက်ချင်းနောက်ဆုတ်လိုက်သည်။

သေချာစွာ အကဲခတ်သောအခါ ၎င်းအားထက်ရယ်အားသန်မိလေတော့၏။ အဘယ်ကြောင့်ဆိုသော် ...

အခန်း၏ လေးဘက်လေးမျက်နှာတွင် အုတ်နံရံနှင့်ကပ်၍ မှန်ဘီလူးများ ငုံ၍တပ်ဆင်ထားသောကြောင့်တည်း။



ထိုဆယ်ယောက်၏အရိပ်သည် သူမ၏အရိပ် ကိုယ်ပွားများသာ ဖြစ်ပြီး မှန်ဘီလူးကြောင့် အလွန်အမင်း အကျည်းတန်နေသည်။

သို့သော် အခန်းအနှံ့ရှာဖွေသော်လည်း ဒေါ်ယု၏ အရိပ်အယောင်ကို လုံးဝမမြင်ရတော့ပေ။

၎င်းအချိန်တွင် လီစွမ်းမေသည် စဉ်းစားသည်။ ဆောင်ဓားဖြင့် မှန်ဘီလူးများကို အားကုန်ထိုးချလိုက်သည်။

မှန်ဘီလူးများ ကွဲအက်သွားသည်နှင့် မှန်၏နောက်ဘက်တွင် အုတ်နံရံများကိုသာ တွေ့ရ၏။

သို့သော် သူမက ဖွဲမလျှော့သေးဘဲ ကျန်မှန်ဘီလူးနှစ်ချပ်ကို ဆက်ခွဲလိုက်၏။

တတိယအချပ်ကို ခွဲလိုက်သောအခါ ကြိုတင်တွက်ဆထားသလို တံခါးအရှင်တစ်ချပ် ပေါ်လာတော့၏။

လီစွမ်းမေမှာ တအားကုန် ဆောင့်တွန်းလိုက်သောအခါ ရှံခါးချပ်သည် တဖျောင်းဖျောင်းမြည်ဟီး၍ ပွင့်သွား၏။

လက်နက်ပုန်းနှစ်ခုသည် လီစွမ်းမေ၏ မျက်နှာဆီသို့ ပြေးဝင်လာလေ၏။

သူမသည် ဓားကိုငုံ့ယမ်းပြီး တစ်ဟုန်ထိုးရောက်လာသော ဓားပျံနှစ်လက်ကို ခါထုတ်လိုက်သည်။

ထို့နောက် အမြင့်သုံးပေကျော် အကျယ်နှစ်ပေကျော်ရှိသော အခန်းထဲသို့ ခုန်ဝင်လိုက်သည်။

www.burmeseclassic.com

www.burmesesclassic.com



သူမသည် ဆရာမကြီး တံခါး၏နောက်တွင် ရှိမည်ဟုထင်မှတ်၍ စားကိုင်ပြီး တစ်ဟုန်ထိုး ပြေးသွားသည်။

သို့သော် သူမအခန်းတွင်းသို့ ရောက်သွားသည်နှင့် မြည်ဟီးသံကို အဆက်မပြတ် ကြားရတော့သည်။

ထိုပြင် သူမနင်းထားသော နေရာမှာ တဖြည်းဖြည်း နိမ့်ဆင်းသွားသောကြောင့် အလန့်တကြားဖြစ်သွားသည်။

သူမဝင်မိသော အခန်းသည် စက်ယန္တရားတပ်ဆင်ထားသော အခန်းပင် ဖြစ်၏။

သူမ အကဲခတ်မိသောအခါ အချိန်နှောင်းသွားလေပြီ။

စက်ခလုတ်တပ်ဆင်ထားသော အခန်းသည် ထုံးဖြူသုတ်ထားသော သံပြားဖြင့် ပြုလုပ်ထားသည့်အခန်းဖြစ်၍ ရန်သူဝင်လာသည်နှင့် စက်ခလုတ်ကို နှိပ်ပြီး သံပြားအခန်းသည် ထောင်ချောက်သဖွယ် ဖြစ်ပြီး မြေအောက်သို့ နိမ့်ဆင်းသွားခြင်းဖြစ်သည်။

ထိုအခါ သူမက အလောတကြီးဖြင့် ဆောင်စားနှင့် နံရံကို ထိုးဖောက်လေသည်။

သို့သော် သွပ်နံရံမှာ သံမဏိပမာ ထူထဲခိုင်ခံ့သောကြောင့် ထိုးဖောက်၍ မရပေ။

၎င်းအချိန်မှာပင် အသံမြည်ရင်း အောက်သို့ကျသောအရှိန် မျက်နှာပြင်နှင့် တွေ့ထိ၍ တန့်သွားလေတော့၏။

တစ်ချိန်တည်းမှာ အခန်းခေါင်မိုးဘက်မှ ကွမ်းသီးလုံးခန့်



အပေါက်ငါးပေါက်ပေါ်လာရင်း ရယ်သံပါ တစ်ပြိုင်နက် ကြားလိုက်ရသည်။

"ဟား ...ဟား ...ဟား ...နာမည်ကြီး သိုင်းဆရာမ ဒီတစ်ခါတော့ ခံလိုက်ရပြီ မဟုတ်လား၊ ကဲ ...ရှင် ဘာပြောချင်သလဲ"

ထိုစကားကြားသော်အခါ လီစွမ်းမေမှာ မခံမရပ်နိုင်ဖြစ်ပြီး အိပ်ထဲမှ လက်နက်ပုန်း ရွှေအပ်များကို ချက်ချင်းနှိုက်၍ အပေါက်ကြားမှ ဆရာမကြီးဒေါ်ယုထံသို့ ပစ်လိုက်လေ၏။

သို့သော် လက်နက်ပုန်း ရွှေအပ်များသည် တဗိုဗိုမြည်ဟီးရင်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန်၏။

"ဟား ...ဟား ...ဟား ...လီစွမ်းမေ၊ ရှင်ဟာ သေခါနီးတောင်မှ မမှတ်သေးဘူးလား၊ ဒါဆို ငါ့ရဲ့အစွမ်း ပြရမှာပေါ့ကွယ်"

ဒေါ်ယု၏စကားဆုံးသည်နှင့် အပေါက်ငါးခုမှ ရေများယိုစီးကျဆင်းပြီး လေးဘက်ထောင့်မှလည်း ရေများ ဒလဟောပင် ဝင်လာ၏။

ထိုအဖြစ်ကို မြင်သောအခါ သူမမှာ လက်မှိုင်ချကာ သက်ပြင်းချမိတော့ပေသည်။

"အင်း ...အပွဲပွဲဆင်နွှဲခဲ့သမျှ ဒီတစ်ချီမှ အနုပ်ခံလိုက်ရတယ်၊ ကော့ဒီ ရေလှောင်ခန်းမှာ ငါ အသက်ပျောက်မယ် ထင်တယ်"

သူမ တွေဝေချင့်ချိန်နေသော အခါမှာပင် ရေများမှာ ရှစ်ပေ နန့်ဝင်ပြီးသည်နှင့် အစီးရပ်သွားလေ၏။

www.burmeseclassic.com

www.burmesesclassic.com



ထိုအခါ ဒေါ်ယုသည် ခေါင်မိုးဘက်မှ ပြက်ရယ်ပြု၍ ဆိုပြန်သည်။

"လီစွမ်းမေ ...ငါသာ ရေများကို ပြည့်လျှံအောင် လွှတ်လိုက်ရင် မကြာခင်မှာ မင်းရေနစ်ပြီးသေမှာပဲ၊ ဟား ...ဟား ...ဟား ...မင်း ငါ့လို ရေငုပ်တတ်ရင် မသေဘူးပေါ့ကွာ"

ဆရာမကြီးဒေါ်ယု၏ နောက်ဆုံးစကားတစ်ခွန်းကို ကြားသောအခါ လီစွမ်းမေ အကြံတစ်ခုရလိုက်၏။

"အိမ်း ...ဟုတ်ပြီ၊ သူမသာ ရေတွေဆက်လွှတ်လိုက်ရင် ငါဟာ အတွင်းအားနှင့် အသက်အောင့်ထားမယ်၊ ပြီးတော့ ...သေချင်ယောင်ဆောင်ပြီး သူမကိုတစ်ဖန် ပြန်လှည့်ဖြားမယ်"

လီစွမ်းမေသည် ထိုသို့ ကြိတ်၍ဆုံးဖြတ်ချက်ချပြီးသည်နှင့် အသက်အောင့်၍ ငြိမ်သက်စွာ နေလိုက်၏။

"ဟင့် ...အခုမှတော့ မထူးပါဘူး၊ သူ့ကို သေစေရာပို့တာပဲကောင်းပါတယ်"

ဒေါ်ယုသည် ခလုတ်ကိုနှိပ်လိုက်ပြန်၏။

ခဏအတွင်း အခန်းထဲသို့ ရေများဒလဟော စီးဝင်ပြီး နာရီဝက်ကျော်ကျော်အချိန်မှာပင် အခန်းတစ်ခုလုံး ရေများ ပြည့်လျှံသွား၏။

လီစွမ်းမေလည်း အသက်အောင့်ပြီး ရေနစ်သော ဒဏ်ကို ကြံ့ကြံ့ခိုင်ခိုင် ခံနေလေတော့သည်။ သူသည် အိန္ဒိယမှ ယောဂအတတ်



လို အတတ်မျိုးကို တတ်မြောက်ထားသည်။ အသက်အောင့်ပြီး နာရီပေါင်းများစွာ နေနိုင်စွမ်းရှိပေသည်။

✱ ✱ ✱

ဆချွန်မင်တို့လူသိုက်သည် ဘုရင်မင်းမြတ်၏ စံမြန်းရာနန်းတော်သို့ သွားရာတစ်လျှောက်တွင် ဘေးရန်ကင်းရှင်းပြီး ရောက်များကြလေ၏။

နီပေါကိုယ်ရံတော်တပ်သားတို့သည် အကြံသမား ဟာရန်၏ ယုတ်မာရက်စက်မှုကို မခံမရပ်နိုင်ဖြစ်ပြီး ရှောင်တိမ်းသွားကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အစောင့်အရှောက်မှာ ကင်းရှင်းကုန်သည်။

အာပုမင်က အရှေ့မှလမ်းညွှန်ရင်း ဘုရင်၏ စံနန်းတော်ရှိရာ အပြင်ဘက်သို့ ရောက်လာကြတော့၏။

ထိုအခိုက် ဆချွန်မင်က ခုန်ကျော်၍ ဝင်ရန်ဟန်ပြင်လိုက်သည်။

ထိုအခါ အိန္ဒိယကိုယ်ရံတော် တပ်သားတစ်ဦးက အပြေးရောက်လာရင်း အော်ငေါက်လိုက်၏။

"ဟေ့ ...လူသတ်တရားခံတွေ ...မင်းတို့ အတင့်ရဲလှချည့်လား၊ ...ဘုရင်မင်းမြတ်ကို လုပ်ကြံမလို့လား"

ထိုစကားကြားသည်နှင့် အာပုမင်မှာ ဒေါသအိုးပေါက်ကွဲသွားသည်။

www.burmeseclassic.com

www.burmesesclassic.com



"တောက် ...ငါဟာ အိမ်ရှေ့မင်းသား အာပုမင်ကွ၊ အခု အရေးကြီးတဲ့ကိစ္စ သံတော်ဦးတင်စရာရှိလို့ ဖခမည်းတော်နဲ့ တွေ့ရအောင် လာခဲ့တာပါ၊ မင်းက ဘာကောင်မို့ ဝင်တားရတာလဲ ..."

မင်းသား အာပုမင်၏စကားကိုကြားသော်လည်း အိန္ဒိယကိုယ်ရံတော်က ပြက်ရယ်ပြုလိုက်၏။

"ဟော့ ...မင်းသားတွေဘာတွေ ငါ နားမလည်ဘူး၊ ငါဟာ နန်းရင်းဝန် ဟာရန်ရဲ့အမိန့်အရ ဘုရင့်လုံခြုံရေးအတွက် စောင့်ကြပ်နေတာကွ၊ ဒီတော့ ...ဘယ်သူမှ အထဲကိုဝင်ခွင့်မပေးနိုင်ဘူး"

သူ၏စကားကြောင့် အာပုမင်သည် ဒေါသအလွန်အမင်းထွက်သွားသည်။ ထို့ကြောင့် တွန်းလိုက်သည်။

ကိုယ်ရံတော်နှစ်ဦးမှာ သိုင်းပညာရှင်များဖြစ်သောကြောင့် ပေါင်နှစ်ချောင်းကို ကြံ့ကြံ့ခိုင်ထားသည့်အတွက် ၎င်းတို့၏ ကိုယ်ခန္ဓာကို ရွေ့လျားအောင် မစွမ်းဆောင်နိုင်ပေ။

ဆချွန်မင် အံ့ဩသွားသည်။ ထို့ကြောင့် ခြေထောက်ဖြင့် ဘယ်ဖြောင့် ခတ်ထုတ်လိုက်သည်။

ထိုအချိန်တွင် သူတို့၏အာရုံမှာ အာပုမင်ထံသို့သာ ဂရုစိုက်နေ၍ အငိုက်ခံလိုက်ရသည်။

ဆချွန်မင်၏ ပြင်းထန်လှသော ခြေခတ်ဒဏ်ကြောင့် သူတို့နှစ်ယောက် ယိုင်လဲသွား၏။ တစ်ချိန်တည်းမှာပင် ဆချွန်မင်က အတွင်းအားထုတ်လိုက်ပြီး သူတို့ကို ရိုက်ချလိုက်သည်။

BURMESE CLASSIC



ထိုအခါ ကိုယ်ရံတော်နှစ်ယောက်မှာ ထိန်းထားနိုင်စွမ်းမရှိတော့ဘဲ အပေါ်သို့ လွင့်တက်သွားရင်း ဝရန်တာပေါင်ကို ကျော်ဖြတ်ပြီး မြေပြင်သို့ လဲကျကာ မူးမေ့သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ပြေးဝင်လာသူ ကိုယ်ရံတော်နှစ်ယောက်ကိုလည်း ဆချွန်မင်က ဆောင်ဓားဖြင့် ပက်ထုတ်လိုက်၏။

ဆချွန်မင်၏ အံ့မခန်းလောက်အောင် ထက်မြက်လှသော ပညာရပ်ကို မြင်ရသောအခါ ကိုယ်ရံတော်များ တုန်လှုပ်သွားပြီး ရှောင်ပြေးသွားကြတော့သည်။

ရန်သူများကို ဖြိုခွင်းပြီးသော် အိမ်ရှေ့မင်းသားက ဝရန်တာသို့ ပြေးလာရင်း အသံမြှင့်၍ ပန်ကြားလိုက်သည်။

"ခမည်းတော်ဘုရား ...သားတော် ရောက်လာပါပြီဘုရား"

သို့သော် လေး, ငါးခွန်း ဆင့်၍ခေါ်သော်လည်း အခန်းထဲမှ တုန့်ပြန်မှုကို မကြားရပေ။ ဘုရင်မရှိ၍လော ...။

သို့ဖြစ်၍ ဆချွန်မင်က စိတ်တိုစွာ ပြောလိုက်၏။

"အဆွေတော် ...အော်နေတာ ကြာပါတယ်၊ အထဲဝင်ကြည့်ကြရို့ ..."

"မဖြစ်ဘူးနော် နောင်ကြီး ...၊ ဘုရင်၏စံနန်းတော်ကို အရမ်းဝင်ရင် သေဒဏ်ကျခံရလိမ့်မယ်"

"ဟား ...ဟား ...ဟား ...နန်းတွင်းစည်းမျဉ်းဥပဒေဆိုတာ အခြေအနေကို ကြည့်ရတယ်၊ ခုနက လူယုတ်မာ နန်းရင်းဝန်ဟာ

www.burmeseclassic.com

www.burmesesclassic.com



အဆွေတော်ကို သတ်ဖြတ်ဖို့ အမိန့်ပေးခဲ့ပြီးပြီ မဟုတ်လား၊ အဲဒီတော့ ...ဘုရင်မင်းမြတ်ကို သူတို့လုပ်ကြံရင် ဘယ့်နှယ်လုပ်မလဲ"

"ဟုတ်သားပဲ ...ဒါဖြင့် အထဲကို ထိုးဖောက်ဝင်သွားဖို့ နောင်ကြီး စစ်ကူအဖြစ် လိုက်ခဲ့ပါ"

"ဟုတ်ကဲ့ ...အဆွေတော်"

ဆချွန်မင်သည် မှန်ပြတင်းကို လက်ဝါးဖြင့် အင်အားစုစည်း၍ ရိုက်ချလိုက်သည်။

ထိုအခါမှ မှန်ပြတင်းမှာ ကွဲသွားလေသည်။

သည့်နောက် အိမ်ရှေ့မင်းသား အာပုမင်သည် အတွင်းသို့ ခုန်ဆင်းလိုက်၏။

ဆချွန်မင်က နောက်မှ ထက်ချပ်မကွာလိုက်ဝင်မိသောအခါ သလွန်ထက်တွင် နတ်မိမယ်တစ်ပါးပမာ ချောမော၍ လှပသော မိန်းမချောတစ်ဦးကို တွေ့လိုက်ရလေ၏။

သူမသည် နီပေါနန်းတွင်းဝတ်စုံကိုဝတ်ပြီး တစ်ကိုယ်လုံးရှိ လက်ဝတ်ရတနာများက တဖိတ်ဖိတ်တောက်ပနေသည်။

မိန်းမချောမှာ နန်းရင်းဝန် ဟာရန့်၏နှမပင် ဖြစ်သည်။

သူမကိုမြင်သည်နှင့် အာပုမင်မှာ ရွှံမုန်းသောစိတ်ကို မနည်းချုပ်တည်းရင်း မေးလိုက်သည်။

"ခမည်းတော် ဘယ်လိုရောက်နေသလဲ"

"ဟဲ ...ဟဲ ...ဟဲ ...အသင်မင်းသားက ဓားကိုင်ပြီး ဘုရင့်နန်း

BURMESE CLASSIC .com



တော်ကို လုယူမလို့လား၊ ခမည်းတော်ကို လုပ်ကြံမည့် သားတော်ဆိုတော့ ဘုရင်မင်းမြတ်ဟာ သင်တို့ရန်က ဝေးရာကို ရှောင်တိမ်းသွားခဲ့တာပေါ့ရှင် ..."

အာပုမင်သည် ဒေါသကို မချုပ်တည်းနိုင်ဘဲ ဓားဖြင့် ထိုအမျိုးသမီးကိုပိုင်းရန် ရွယ်လိုက်သည်။

သို့သော် မာလကျားခေါ်သော ထိုအမျိုးသမီးက ခပ်အေးအေးပင် ဦးခေါင်းကို မော့ကာမေးသည်။

"ရှင်ဟာ မိထွေးကို သတ်ဝံ့တယ်ပေါ့၊ ရှင်သတ်ရဲရင်သတ်လိုက်စမ်းပါ"

သူမ၏စကားကိုကြားသည်နှင့် အာပုမင်၏ ဓားမြှောက်ထားသောလက်သည် မခုတ်ဝံ့တော့ဘဲ လေထုထဲတွင် တန့်သွားတော့သည်။

ငင်းအချိန်မှာပင် ဆချွန်မင်က တစ်ရှိန်ထိုး ပြေးသွားရင်း သူမ၏သွေးကြောကို လှမ်းပိတ်လိုက်သည်။

"ရှင် ...ရှင် ...ရိုင်းစိုင်းလှချည့်လား"

မာလကျားခေါ်သော အမျိုးသမီးမှာ စကားမဆုံးမီ သွေးကြောပိတ်ခံရသောကြောင့်တစ်ကိုယ်လုံး ပျော့ခွေပြီး ယိုင်လဲ၍ကျသွားလေတော့သည်။

မင်းသား အာပုမင်သည် သက်ပြင်းချမိ၏။ မိထွေးကိုမသတ်တော့ဘဲ ဆောင်ဓားကို ဓားအိမ်သို့ပြန်သွင်း၍ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီး ...ဖခမည်းတော်ဟာ စံနန်းတော်ထဲမှာ ရှိရမယ် ဗျ ...၊ ဒါပေမယ့် မျက်စိတစ်မှိတ်အတွင်းမှာ ဘယ်ကိုပျောက်သွားပါလိမ့်"

ဆချွန်မင်သည် ခေတ္တနားစွင့်၍ နားထောင်ပြီး အရှေ့မှန်ပြတင်းဘက်မှ ကတ္တီပါခန်းဆီးကို လက်ညှိုးထိုးပြ၏။

ထိုကတ္တီပါခန်းဆီးသည် လူတစ်ရပ်ခန့်မြင့်၍ လူတစ်ယောက်အတွက် လုံခြုံစွာ ပုန်းအောင်းနိုင်သော နေရာပင်။

မင်းသားအာပုမင် ခန်းဆီးဆီသို့ ချက်ချင်းပြေးသွားပြီး ခန်းဆီးကို ဆွဲဖယ်လိုက်သည်။

အမှန်တကယ်ပင် ဖခမည်းတော်ကို ခန်းဆီး၏ နောက်ကွယ်တွင် ရပ်နေခြင်းကို တွေ့ရ၏။

အာပုမင်သည် ဖခမည်းတော်ကို တွေ့လိုက်သည်နှင့် မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ကန်တော့၍ ပန်ကြားလိုက်သည်။

"ခမည်းတော် ...သားတော်ကို ခွင့်လွှတ်ပါဘုရား၊ သားတော်မှာ အရေးပေါ်ကိစ္စအတွက် သံတော်ဦးတင်စရာရှိလို့သာ ..."

အာပုမင်သည် ငိုရှိုက်ရင်း စကားကို သဲသဲကွဲကွဲမဆိုနိုင်ပေ။

ထိုစဉ် နံဘေးမှ ဆချွန်မင်က ရုတ်တရက်သတိပေးလိုက်သည်။

"အစ္ဆေတော် ...စကားပြောဖို့ချည်း မလောနဲ့လေ၊ ဘုရင်မင်းမြတ်၏ အမူအရာကိုလဲ အကဲခတ်ကြည့်ပါဦး"

ထိုအခါ အာပုမင်သည် ကန်တော့နေရာမှ ပင့်ကြည့်လိုက်



သောအခါ ခမည်းတော်၏ ထူးခြားသော အမူအရာကို မြင်သည်နှင့် အလန့်တကြား ဖြစ်သွားလေတော့သည်။

ဘုရင်မင်းမြတ်သည် မတ်တတ်ရပ်နေသော်လည်း မျက်နှာဖြူလျော်ပြီး မျက်လုံးမပွင့်တပွင့်နှင့် အိပ်မွှံစုံမွှား အသွင်ကို ဆောင်နေသည်။

"ခမည်းတော် ...ခမည်းတော် ...ဘယ့်နှယ်နေသေးသလဲဟင်၊ အလို ...လုပ်ကြံခံရတာများ ဖြစ်နေမလား"

ဆချွန်မင်သည် ဘုရင်မင်းမြတ်ဆီသို့ကပ်သွားရင်း သေချာလေ့လာသုံးသပ်ကာ ဖြေလိုက်သည်။

"စိုးရိမ်စရာမလိုပါဘူး အစ္ဆေတော်၊ အစ္ဆေတော်ရဲ့ ခမည်းတော်ဟာ ဆရာမကြီးရဲ့စိတ်ညှို့ပညာကြောင့် မိန်းမောနေတာပါ"

"အလို ...အဖြစ်ဆိုးလှချည်လားနောင်ကြီး၊ ဒါဖြင့် ကျုပ်တို့ ဘယ့်နှယ်လုပ်ကြရင် ကောင်းမလဲ"

"အင်း ...ဖြေနည်းတော့ရှိပါတယ်၊ ဒါပေမယ့် အန္တရာယ်စက်ကွင်းမှာ ရှိနေသေးတော့ ဘုရင်မင်းမြတ်ကို အချိန်ယူပြီး မကုသနိုင်ဘူးကွ၊ ဒီတော့ အစ္ဆေတော်ရဲ့ ခမည်းတော်ကို အပြင်သို့ပင့်ခေါ်သွားမှ ဖြစ်မယ်"

"ကောင်းပြီလေ ...၊ ခမည်းတော်ကို ကုသဖို့ရာ ဒီတစ်နည်းတည်းရှိတော့တယ်"

အာပုမင်၏ သဘောတူညီချက်ကိုရသည်နှင့် ဆချွန်မင်မှာ

www.burmeseclassic.com

www.burmesesclassic.com



ချက်ချင်း ဓားကိုင်ပြီး ဘုရင်မင်းမြတ်ကို ကျောပြင်တွင် ချက်ချင်း ပိုးတင်လိုက်သည်။

၎င်းအချိန်တွင် ဘုရင်မင်းမြတ်၏ ခန္ဓာကိုယ်တစ်ခုလုံး အင်အား ချိနဲ့နေသည်။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် မှန်ပြတင်းမှ ခုန်ထွက်၍ ဘုရင်းမြတ်၏ စံနန်းတော်မှ ပြေးထွက်ခဲ့ကြသည်။

ဆရွှန်မင်မှာ ဘုရင်မင်းမြတ်ကို ကျောပိုး၍ အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်သည်နှင့် လေးဘက်လေးတန်မှ အော်ဟစ်ကြိမ်းမောင်းသံများ ချက်ချင်းပြန့်လွင့်လာသည်။

"ဘုရင်မင်းမြတ်ကို ဖမ်းဆီးခေါ်သွားပြီဗျို့ ...၊ ဘုရင်မင်းမြတ်ကို ကယ်တင်ဖို့ မြန်မြန်လာကြပါ"

အော်သံဆုံးသည်နှင့် သူတို့ရှိရာသို့ မြားများ ဆက်တိုက်ပျံ့ဝဲလာသည်။

မြားများကို ဆရွှန်မင်က မမှုသော်လည်း ဘုရင်မင်းမြတ်အား ထိခိုက်မည်စိုးရိမ်သောကြောင့် လွတ်နေသော ညာလက်ဖြင့် ဆောင်ဓားကို မွှေ့ရမ်းရင်း ဒလကြမ်း ခုတ်ထုတ်လိုက်၏။

မြားများ မြေပြင်ပေါ်တဖွဲဖွဲကျရောက်သွားသောအခါ သူ၏နံဘေးမှ အမလေးအော်သံကို ကြားလိုက်ရ၏။

ဆရွှန်မင် လိုက်ကြည့်လိုက်သောအခါ အာပုမင်၏ ယာဘက်ပခုံးကို မြားတစ်စင်းထိမှန်သွားသည်ကို တွေ့ရ၏။



"အဆွေတော် ...ဘယ့်နှယ်နေသလဲ"

ထိုမြားသည် နက်ရှိုင်းစွာစိုက်ဝင်၍ သွေးများ ဒဏ်ရာမှ ဒလဟော ပန်းထွက်နေသည်။

ဆရွှန်မင်သည် မင်းသားထံသို့ ပြေးသွားပြီး ဒဏ်ရာကို သွေးကြောပိတ်လိုက်လေ၏။

၎င်းအချိန်မှာပင် လေတိုးသံနှင့်အတူ မြားတစ်စင်းသည် အဟုန်ပြင်းစွာဖြင့် အာပုမင်၏ ကျောပြင်ဆီသို့ ဦးတည်၍လာနေချေသည်။

ထိုမြားကို ဆရွှန်မင်က လျှင်မြန်စွာ ခုတ်ထုတ်လိုက်သည်။ မြားမိုးများ အဆက်မပြတ်ရွာလာသည်။

ဆရွှန်မင်မှာ မျက်မှောင်ကြုတ်၍ အံကြိတ်နေမိသည်။

"အင်း ...ဒုက္ခတော့ရောက်ကုန်တော့မှာပဲ၊ တစ်ယောက်က ဒဏ်ရာရပြီး၊ ကျန်တစ်ယောက်က အရူးလိုဖြစ်နေတယ်၊ အဲဒီတော့ သူတို့ကို နန်းတော်က ဘယ်လိုထုတ်ရမလဲ"

ဆရွှန်မင် ဘောကျပ်နံကျပ်ဖြစ်နေစဉ်မှာပင် မျက်နှာချင်းဆိုင်အိမ်ခေါင်မိုးမှ လူရိပ်နှစ်ခု ခုန်တက်လာသည်ကို တွေ့ရ၏။

ရန်သူဟုထင်မှတ်၍ ဆရွှန်မင်က အသင့်ပြင်ထားသည်။

သို့သော် ထိုအရိပ်နှစ်ခုမှာ အောက်သို့ ဒလိမ့်ကောက်ကွေးကျသွားသည်။

www.burmeseclassic.com

www.burmesesclassic.com



တစ်ဆက်တည်းမှာပင် လူရိပ်သဏ္ဌာန်တစ်ခုက ပုံလွှားပမာ လျှင်မြန်ပေါ့ပါးစွာဖြင့် သက်ဆင်းလာသည်ကို တွေ့ရ၏။

ရှောင်ရီရှမ်း …မျိုင်းကြားတွင် မင်းသမီးဒေစီလီကို ညှပ်၍ ရောက်လာသည်ကို မြင်ရခြင်းကြောင့် ဆချွန်မင်မှာ ဝမ်းသာအားရ ဖြစ်သွားသည်။

"ဆရာမရောက်လာတာနဲ့ အတော်ပဲ၊ ကျွန်တော်တို့ လူချင်း ပေါင်းပြီး လမ်းရှင်းကြစို့ …"

ထိုခဏ ရှောင်ရီရှမ်းသည် မင်းသမီးဒေစီလီကို ပိုက်၍ သူ၏ နံဘေးသို့ ချက်ချင်းရောက်လာသည်။

ဘုရင်မင်းမြတ်မှာ မူးဝေပြီး အိမ်ရှေ့မင်းသား အာပုမင်မှာ မြားဒဏ်ရာ ရထားသည်။ တို့ကြောင့် ထိုတ်လန့်တုန်လှုပ်မိသည်။

"ဆရာမ …သွားကြစို့ …"

ဆချွန်မင်က ပြောလိုက်လေသည်။

ရှောင်ရီရှမ်းက သူတို့နှစ်ယောက်ကို တစ်ဖက်တစ်ချက်စီညှပ်၍ ကိုယ်ဖော့ပညာဖြင့် လေထုထဲသို့ ခုန်တက်၍ ပြေးသွားတော့သည်။

ဆချွန်မင်မှာ ဘုရင်မင်းမြတ်အား ကျောပိုး၍ နန်းတော် အပြင်သို့ တစ်ဟုန်ထိုးပြေးသွားသည်။

ထိုအခါ နီပေါကိုယ်ရံတော်တပ်သားများက သူတို့နောက်သို့ မြားကိုယ်စီဖြင့် ပစ်ခတ်ကြသည်။

ရှောင်ရီရှမ်းနှင့် ဆချွန်မင်တို့က ခုန်ပျံကျော်လွှားရင်း မြား



များကို ဓားဖြင့်ပက်ထုတ်ကြကာ တံတိုင်းအပြင်သို့ ရောက်သွားကြသည်။

အပြင်သို့ရောက်သည်နှင့် ဆချွန်မင်က သူ့ဆရာမအား လှည့်၍ မေးလိုက်သည်။

"ဆရာမ …ကျွန်တော်တို့ ဘုရင်မင်းမြတ်ကို ဘယ်မှာ သိပ်ထားရင်ကောင်းမလဲ …"

"ဆရာမတို့ ကျောက်စေတီဆီ သွားကြရအောင် …"

သူမ၏စကားမဆုံးမီ ဆချွန်မင်က …

"ဩော် …ကျောက်စေတီတောင်ကို ဆိုလိုတာလား …၊ အဲဒီ ကျောက်စေတီတောင်မှာ ကျွန်တော်တို့ အနားယူနိုင်တယ်၊ ဒါဖြင့် ကျွန်တော်တို့ မြန်မြန်သွားကြစို့ …"

ထိုသို့ ဆုံးဖြတ်ချက်ချပြီးသည်နှင့် ၎င်းတို့သည် ကျောက်စေတီ တောင်သို့ ဦးတည်သွားကြလေတော့သည်။

✳ ✳ ✳

www.burmeseclassic.com

www.burmesesclassic.com

## အခန်း (၆၁)

### အမြင်မှန်

လီစွမ်းမေသည် မြေအောက်ရေလှောင်ကန်ထဲတွင် လေးနာရီတိတိ ရေနစ်ခံနေရသည်။

သူမသည် ရေထဲတွင် အသက်အောင့်ပြီး တောင့်ခံနေသော်လည်း ထူးခြားမည်မဟုတ်ဟု တွက်ဆပြီးသည့်နောက် ရေအောက်သို့ ချက်ချင်း ငုံ့လျှိုးလိုက်၏။ သုံးနာရီခန့်ကြာသောအခါ အပေါ်သို့ ပြန်မတက်မီမှာပင် ရေကို တဝသောက်လိုက်သည်။

ထို့ကြောင့် လီစွမ်းမေ ပြန်တက်လိုက်သောအခါ ရေနစ်သေသူနှင့် မခြားတော့ပေ။

ထိုအနိုက် အပေါက်မှ ချောင်းကြည့်နေသော အစောင့်က ဆရာမကြီးဒေါ်ယုဘက်သို့ ချက်ချင်းလှည့်၍ အစီရင်ခံသည်။

"ဆရာမကြီး ...အခု အလောင်း တကယ်ပွနေပြီ"



ထိုစကားကြားသောအခါ ဒေါ်ယုမှာ ဝမ်းသာအားရဖြင့် နံဘေးသို့ ချက်ချင်းကပ်၍ လေ့လာသုံးသပ်လိုက်သည်။

သူမ၏ပုံစံမှာ ရေနစ်သေသူအလားပင်။

ဆရာမကြီးဒေါ်ယုက ချက်ချင်းပင် အမိန့်ပေးလိုက်၏။

"ဟေ့ ...စုအာထိန်နဲ့ ကျူဗွာနန်တို့၊ ရေလှောင်ကန်ထဲက ရေတွေကို ချက်ချင်းပြန်ထုတ်လိုက်"

ကိုယ်ရံတော်တပ်သားနှစ်ယောက်တို့သည် အမိန့်ကိုနာခံပြီး ရေများကို ပြန်ထုတ်လိုက်သည်။

ခလုတ်ကိုနှိပ်လိုက်သည်နှင့် နာရီဝက်အတွင်းမှာပင် ရေများ ခန်းခြောက်သွားလေသည်။

ထိုအခါ ဒေါ်ယုက သူတို့ဘက်သို့လှည့်၍ အမိန့်ပေးပြန်၏။

"ဟိတ် ...မင်းတို့ နားထောင်စမ်း၊ ငါ့ စက်ယန္တရားက အခန်းတံခါးကို ဖွင့်လိုက်တာနဲ့ အလောင်းကို မင်းတို့ဝင်ပြီး ထမ်းထုတ်ကြ၊ သူ့ရဲ့အလောင်းဟာ ငါ့အတွက်အသုံးဝင်တယ်"

ထိုစဉ်မှာပင် အသက်အောင့်ပြီး သေချင်ယောင်ဆောင်နေသော လီစွမ်းမေမှာ အတိုင်းသားကြားရ၍ ကြိတ်ပြီးဝမ်းသာနေသည်။

သို့ဖြစ်၍ မလှုပ်မယှက် လှဲမြဲလှဲ၍ အသက်ကို ဖြည်းဖြည်းချင်း ပုံမှန်ပြန်ရှူနေ၏။

အတန်ကြာတွင် စက်ခလုတ်အသံ တဝုန်းဝုန်းမြည်လာသည်။

www.burmeseclassic.com

www.burmesesclassic.com



တစ်ချိန်ကည်းမှာ စက်ယန္တရားအခန်းတစ်ခုလုံး တုန်ခါပြီး တံခါးချပ်မှာ ဖြည်းညင်းစွာ ပွင့်သွားသည်။

အင်း ...ဒီအခန်းကို တီထွင်မွမ်းမံတဲ့လူဟာ စိတ်ကူးမဆိုးပါလား ...။

လီစွမ်းမေ ကြိတ်၍မှတ်ချက်ချမိ၏။

အခန်းထဲသို့ လူနှစ်ယောက်အပြေးရောက်လာတော့၏။ အိန္ဒိယကိုယ်ရံတော်များပေတည်း။

စုအာထိန်နှင့် ကျူဝှာနန်တို့သည် ဒေါ်ယု၏အမိန့်အရ သူတို့သည် လီစွမ်းမေ၏နံဘေးသို့ ရောက်လာပြီး ခါးကိုင်း၍ စစ်ဆေးလိုက်သည်။

သို့သော် သူတို့ခါးကိုင်းလိုက်သည်နှင့် ရေများ အဝသောက်ထားသော လီစွမ်းမေက အတွင်းအားကိုဖျစ်ညှစ်၍ ပါးစပ်ဟပြီး ရေများဖြင့် ၎င်းတို့၏မျက်နှာဆီသို့ မှုတ်ထုတ်လိုက်သည်။

ပြင်းထန်ခက်ထန်လှသော အရှိန်ဖြစ်သောကြောင့် မျက်စိမဖွင့်နိုင်ဘဲ အလွန်နာကျင်သွားကြလေတော့သည်။

၎င်းတို့နှစ်ယောက် အလန့်တကြားဖြင့် နောက်ဆုတ်လိုက်စဉ် လီစွမ်းမေက ရုတ်ခြည်းခုန်ထ၍ ဝဲဘက်လက်ဖြင့် စုအာထိန်၏ ကုတ်ကို ဖမ်းဆွဲပြီး ယာဘက်လက်ဖြင့် ကျူဝှာနန်၏ဇာက်ကြောသွေးကြောဆီသို့ လှမ်းရိုက်လိုက်သည်။

အိန္ဒိယကိုယ်ရံတော်တပ်သားနှစ်ဦးတို့၏ ပညာက မခေလှပေ။



သို့သော် အငိုက်မို့ လီစွမ်းမေ၏ ထိထိမိမိတိုက်ကွက်ကို ခံလိုက်ရသည်။

ကိုယ်ရံတော်တပ်သားနှစ်ယောက် မူးမေ့သွားသည်နှင့် လီစွမ်းမေမှာ ထိုလူနှစ်ယောက်၏ ကိုယ်လုံးကို လက်နက်အဖြစ် ခေါင်းပေါ်သို့ မ,တင်ရင်း အပေါ်သို့ခုန်တက်လိုက်၏။

ဆရာမကြီး ဒေါ်ယု ထိတ်လန့်သွားသည်။ ခလုတ်ကို ပြန်ပိတ်ရန်ကြိုးစားသော်လည်း အချိန်နှောင်းခဲ့လေပြီ။

လီစွမ်းမေမှာ အပေါ်သို့ရောက်သွားသည်နှင့် အစောင့်ချထားသော ကိုယ်ရံတော်တပ်သားဆယ်ယောက်တို့က အော်ဟစ်၍ သူမကို လက်နက်မျိုးစုံဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

သို့သော် လီစွမ်းမေက စုအာထိန်တို့၏ ကိုယ်ခန္ဓာကို လက်နက်အဖြစ် ဝှေ့ယမ်း၍ ရင်ဆိုင်ခုခံ၏။ မိမိ၏လူများကို ထိခိုက်မည်စိုးသောကြောင့် ကိုယ်ရံတော်တပ်သားတို့မှာ ချက်ချင်းဆုတ်ခွာသွားကြ၏။ ထိုအခိုက် ဒေါ်ယုက ရက်စက်ကြမ်းကြုတ်သံ့ပိပိ အမိန့်ပေးလိုက်ပြန်၏။

"ဟိတ်ကောင် ...မင်းတို့ ဘာငေးနေတာလဲကွ၊ သူတို့နှစ်ယောက်ရဲ့ အသက်အန္တရာယ်ကို မှုစရာမလိုပါဘူး၊ ငါ့ရဲ့အမိန့်အတိုင်း ဝိုင်းတိုက်ကြ"

ထို့နောက် ဒေါ်ယုမှာ လူယုံတော်တပ်သားများနှင့်အတူ လီစွမ်းမေအား ဝိုင်းတိုက်ကြတော့သည်။

www.burmeseclassic.com

www.burmesesclassic.com



စတင်ပြေးဝင်လာသော ကိုယ်ရံတော်တပ်သားတစ်ဦးအား ခြေဖြင့် ခတ်ထုတ်လိုက်၏။ ထိုတပ်သား၏ကိုယ်လုံးမှာ လေထဲသို့ လွင့်စဉ်သွားသည်။ ထိုအခါ ဝိုင်းဝန်းတိုက်ခိုက်သော သူများမှာ နောက်သို့ ကပျာကယာဆုတ်ခွာသွားကြတော့၏။

ထိုအခါ လီစွမ်းမေက စုအာထိန်၏ကိုယ်လုံးကို မြေပြင်ပေါ်သို့ ပစ်ချရင်း ခေါ်ယုထံသို့ ခုန်အုပ်လိုက်သည်။

သို့ပေမယ့် ခေါ်ယုက ရင်မဆိုင်ဝံ့ဘဲ ထွက်ပြေးသွားသည်။ အစောင့်များလည်း ထွက်ပြေးကြသည်။

ရန်သူများ ကင်းရှင်းသဖြင့် လီစွမ်းမေသည် တုန့်ဆိုင်းမနေတော့ဘဲ အပြင်သို့ တစ်ရှိန်ထိုး ပြေးထွက်သွားလေ၏။

သို့သော် လမ်းခုလတ်မှာပင် မူးဝေရင်း မိုက်ခနဲဖြစ်သွားသည်။

"တောက် ...မိန်းမယုတ် ခေါ်ယု၊ ဒင်းကို ခေတ္တချမ်းသာခွင့် ပေးလိုက်မယ်"

လီစွမ်းမေသည် ကြိတ်၍ မှတ်ချက်ချရင်း တစ်နေရာသို့ အနားယူရန် စိတ်ကူးမိလေသည်။

မှန်ပေသည်။ သူမသည် မြေအောက်ရေလှောင်ကန်ထဲတွင် အစာရေစာပြတ်ပြီး ပိတ်လှောင်ခံရ၍ မောဟိုက်နေပြီ။

တိုက်ပွဲအတွက် အနားယူရင်း အားသစ်ပြန်မွေးရပေမည်။

✱ ✱ ✱



ဆချွန်မင်တို့လူသိုက်မှာ ခရီးအပြင်းနှင်လာရင်း နောက်နေ့ မွန်းလွဲပိုင်းအချိန်တွင် ကျောက်စေတီတောင်သို့ ရောက်လာကြ၏။

ထို့နောက် ကျောက်စေတီ၏နောက်ဘက်ရှိ သဘာဝလိုဏ်ဂူကြီးတစ်ခုကို တွေ့ရ၏။

လိုဏ်ဂူ၏ဝဲဘက်တွင် ကြည်လင်သော စမ်းချောင်းကလေး တစ်ခု ရှိသည်။

၎င်းစမ်းချောင်းကလေး၏ ရေပြင်သည် ကြည်လင်လွန်းသောကြောင့် ကန်၏အောက်ဘက်ကို အတိုင်းသားမြင်နေရသည်။

ထို့ပြင် ရေပူ ပူပေါင်းကလေးတွေ ပလုံစီထ၍ ပုလဲသွယ်ပမာ စမ်းချောင်းအောက်မှ တလိပ်လိပ်တက်လာသည်။

ရှောင်ရိရှမ်းသည် ဘုရင်မင်းမြတ်နှင့် မင်းသမီးလေးဒေစီလီကို တောင်ပေါ်သို့ အသာချ၍ ဆချွန်မင်ဘက်လှည့်ကာ ...

"ဆချွန်မင် ...သူတို့သားအဖဟာ အဆိပ်တစ်မျိုးမိထားတဲ့အတွက် အခုလို မူးမေ့နေတာပါ၊ သူတို့ကို သတိရအောင် အရင်လုပ်ဖို့အရေးကြီးတယ်၊ ဒါပေမယ့် မင်းသမီးဒေစီလီကို လီစွမ်းမေကိုယ်တိုင်ကုမှ ဖြစ်မယ်"

"ဟုတ်တယ် ဆရာမ ...ကျွန်တော်လဲ ဒီအတိုင်းပဲ ထင်တယ်"

ထို့နောက် မင်းသမီးဒေစီလီအား လိုဏ်ဂူထဲသို့ ရွှေ့ပေးလိုက်သည်။

www.burmeseclassic.com

www.burmesesclassic.com



ထို့နောက် အာပုမင်ကို ဆေးထည့်ပေးပြီး ဒဏ်ရာကို စည်းပေးလိုက်သည်။

ဘုရင်မင်းမြတ်အား သတိပြန်ရလာစေရန် မီးဖိုဖြင့် အပူခတ်ပေးပြီး ရေခဲကို ခေါင်းအုံးလုပ်ပေးသည်။

ထိုနေရာတွင် မီးဖိုမရှိသောကြောင့် ထင်းပုံများကို မီးရှို့လိုက်သည်။ ထို့နောက် အေးစိမ့်နေသော စမ်းရေဖြင့် ဘုရင်မင်းမြတ်၏ ဦးခေါင်းကို ပက်ဆေးပေးနေသည်။

အတန်ကြာသော် ဘုရင်မင်းမြတ်မှာ ညည်းညူလေတော့၏။

ထိုအဖြစ်အပျက်ကို မြင်သောအခါ ရှောင်ရိရှမ်းမှာ ဝမ်းသာအားရဖြင့် ပြောလိုက်မိသည်။

"ဆချွန်မင် ...ဆရာမတို့ တစ်နာရီလောက် ကြိုးစားပြီးကုပေးလိုက်ရင် ဘုရင်မင်းမြတ် သတိရလာမှာပါ"

မင်းသားအာပုမင်၏ ဒဏ်ရာမှာ သက်သာလာသည်။

ထိုအခိုက် ကျောက်စေတီ၏နောက်ဘက် တောင်ခြေရင်းမှ ခြေသံများကြားလိုက်ရသည်။

ဆချွန်မင်မှာ အလန့်တကြား ဖြစ်သွားမိ၏။ အဘယ်ကြောင့်နည်း ...။

တောင်ခြေရင်းတွင် အလံကိုင်ဆောင်သော နီပေါကိုယ်ရံတော်တပ်ဖွဲ့ ချီတက်လာသောကြောင့်ပေတည်း။

ရှေ့ဆုံးမှ ကိုယ်ရံတော်တပ်ဖွဲ့သည် ဆယ်ယောက်ကျော်ခန့်



ရှိ၍ နောက်ဘက် ခပ်လှမ်းလှမ်းမှ ထက်ချပ်မကွာ လိုက်ပါလာသော နီပေါတပ်သားများမှာ အယောက်ငါးရာခန့်ရှိသည်။ တပ်ဖွဲ့မှူးဗိုလ်မှူးကြီး လူခန်းဝါအမှူးပြုသော နီပေါတပ်ဖွဲ့တို့သည် ဘုရင်မင်းမြတ် ပျောက်ဆုံးသောကြောင့် သစ္စာဖောက် နန်းရင်းဝန် ဟာရန်၏ အမိန့်အရ ဆချွန်မင်တို့ကို သုတ်သင်ရှင်းလင်းရန် အပူတပြင်း လိုက်လံရှာဖွေနေခြင်း ဖြစ်တော့သည်။

ဆချွန်မင် စဉ်းစားနေစဉ် ရှောင်ရိရှမ်းက အသံဗလံကြား၍ အော်ပြောလိုက်၏။

"ဆချွန်မင် ...ရန်သူ့ဘက်က ဘယ်လောက်ပဲလာလာ၊ မင်းနိုင်အောင် ထိန်းသိမ်းရမယ်ကွယ်၊ ငါကတော့ ဘုရင်မင်းမြတ်ရဲ့ ရောဂါကို ပျောက်တဲ့အထိ ကုသမယ်"

သူမသည် ပြောဆိုရင်းက မင်းသား အာပုမင်ဘက်လှည့်၍ ပြောသည်။

"အဆွေတော်က ထင်းပုံကို မီးထည့်ဖို့တာဝန်ယူပါ၊ အပြင်ဘက်မှာ ဘယ်လောက်ပဲတိုက်ပွဲပြင်းထန်နေပါစေ၊ အသင်မင်းသားဘာမှ ဝင်မကူညီပါနဲ့၊ အားလုံးကို ဥပေက္ခာပြုပါ ..."

ရှောင်ရိရှမ်းမှာကြားချက်ကို ကြားသောအခါ ဆချွန်မင် အကြံတစ်ခုရလိုက်၏။

"ငါတစ်ယောက်တည်းနဲ့ ခုခံဖို့မလွယ်ပါလား၊ အဲဒီတော့ ပရိယာယ်သုံးပြီး သူတို့ကို နှင်ထုတ်မှ"

www.burmeseclassic.com

www.burmesesclassic.com



ဆချွန်မင်သည် ထိုသို့အကြံရသည်နှင့် အတွင်းအားစုစည်းပြီး တောင်ခြေရင်းသို့ အသံကုန်အော်လိုက်သည်။

"ဟေ့ ...လူခန်းဝါ၊ ခင်ဗျားဟာ တပ်ဖွဲ့မှူးကြီးဖြစ်နေပြီးတော့ အသိဉာဏ်ခေါင်းပါးလှချည်လား၊ ကျွန်တော်တို့ဟာ ခင်ဗျားတို့အတွက် ကျူးကျော်သူ မန်ချူးတွေကို ဝိုင်းတိုက်ပေးနေတာပါ၊ အခုတော့ ခင်ဗျားတို့ဟာ ကျေးဇူးကန်းပြီး သစ္စာဖောက်ဟာရန်ကို သခင်အဖြစ် ကိုးကွယ်နေတယ်၊ တကယ်တမ်းဆိုရင် ခင်ဗျားဟာ အမှန်တရားဘက်က ရပ်တည်သင့်ပါတယ်"

သူ၏အော်သံကို ကြားသောအခါ တပ်ဖွဲ့မှူးလူခန်းဝါက အပေါ်သို့ မော့ကြည့်ရင်း ပြန်လည်ချေပလိုက်၏။

"ဒီမှာ ဆချွန်မင် မင်းပြောတာ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဘာကြောင့် ညနက်သန်းခေါင်မှာ နန်းတော်ထဲ တိတ်တဆိတ်ဝင်ပြီး ဘုရင်မင်းမြတ်ကို ပြန်ပေးဆွဲသွားရဟာလဲ၊ အဲဒါကို ဖြေရှင်းရမယ် ..."

"ဟား ...ဟား ...ဟား ...ခင်ဗျားဟာ အလွန်နုံအတဲ့လူပဲဗျ၊ ကျုပ်တို့တစ်တွေဟာ ရှေ့တန်းမှာ သက်စွန့်ဆံဖျားတိုက်နေရတယ်၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ နန်းရင်းဝန် ဟာရန်ဟာ လူမျိုးနဲ့နိုင်ငံကို သစ္စာဖောက်ပြီး မန်ချူးတွေနဲ့ လျှို့ဝှက်ဆက်သွယ်ပြီး တိုင်းပြည်ကို ရောင်းစားနေတယ်၊ ပြီးတော့ ရှေ့တန်းစစ်သည်တွေကို ရိက္ခာပြတ်အောင် ဖြတ်တောက်ခဲ့တယ်၊ ကျုပ်တို့ မြို့တော်ကိုပြန်လာတာဟာ



ရိက္ခာတောင်းခံဖို့ ပြန်လာတာပါ၊ ဒါမေယ့် အကြံသမားဟာရန်ဟာ ကျုပ်တို့ကို လူသတ်ကောင်လို့စွပ်စွဲပြီး သတ်ဖြတ်ဖို့ ကြံပါတယ်၊ အဲဒါတွေကို ခင်ဗျားယုံချင်မှယုံပါ၊ ကျုပ် ရှင်းရှင်းပဲပြောမယ်၊ ဟောဒီတောင်ပေါ်တစ်ဝိုက်မှာ ကျုပ်စစ်သည် လေးငါးထောင်ခန့် အစောင့်ချထားတယ်၊ ခင်ဗျားတို့ အပေါ်ကိုတက်ဝံ့ရင် တက်ခဲ့ကြပေါ့ကွာ"

ဆချွန်မင်သည် ပြောပြောဆိုဆိုဖြင့် နောက်သို့ ဟန်ပါပါဖြင့် လှည့်၍ အချက်ပြလိုက်၏။

"ဟေ့ကောင်တွေ ...အချက်ပေးခရာမှုတ်ကွာ"

သူ၏အော်သံကိုကြားရသောအခါ ရှောင်ရိရှမ်းမှာ နားလည်မိသည့်အတွက် ချက်ချင်းမတ်တတ်ထရပ်လိုက်ပြီး ခရာပမာ ကျယ်လောင်စွာ မှုတ်လိုက်လေတော့သည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး ပဲ့တင်သံထပ်သွားစေ၏။

ထို့ပြင် အသံတုဖြင့် စစ်သည်တို့က ညာသံပေးလိုက်သောအခါ တပ်ဖွဲ့မှူးလူခန်းဝါသည် ကင်းပုန်းများ မြောက်မြားစွာချထားသည်ဟု ထင်မှတ်၍ ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

ထိုအခါ လူခန်းဝါသည် နီပေါစစ်သည်တို့ကို အနောက် ပေငါးဆယ်ခန့် ဆုတ်နိုင်းလိုက်တော့သည်။

သူ၏ပရိယာယ် ထမြောက်အောင်မြင်သွားသဖြင့် ဆချွန်မင် ဝမ်းမြောက်ဝမ်းသာ ရယ်မိလေသည်။

www.burmeseclassic.com

www.burmesesclassic.com



သို့သော် သူ၏ပရိယာယ်သည် ရေရှည်ခံမည်မဟုတ်မှန်း ဆချွန်မင် တွက်ဆမိလေ၏။

ထိုနည်းသည် ကံစမ်းသဘောမျိုးဖြစ်၍ ရန်သူတို့ကို အချိန်ဆွဲထားခြင်းသာဖြစ်သည်။

အတန်ကြာသောအခါ တပ်ဖွဲ့မှူးလူခန်းဝါတို့အတွက် စစ်ကူထပ်ရောက်လာတော့သည်။

ထိုအခါ ဆချွန်မင်က စိုးရိမ်ပူပန်စွာ ရှောင်ရိရှမ်းထံသို့ ပြန်လာလေ၏။

"ဆရာမ ...ရန်သူ့ဘက်က စစ်ကူထပ်ရောက်လာပြီဗျ၊ အခု သူတို့ တောင်ကုန်းကို ဝိုင်းထားကြတယ်၊ ဘုရင်ကြီး မနိုးသေးဘူးလား ...ဟင် ..."

"မလောပါနဲ့၊ ဘုရင်မင်းမြတ် သတိပြန်ရခါနီးပါပြီ"

ထိုအခါ ဆချွန်မင် တွေးလေ၏။

"အင်း ...သူတို့တစ်တွေ တောင်ပေါ်ကိုတက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်တော့မှာ၊ ငါတစ်ယောက်တည်း ဘယ့်နှယ်လုပ်ရပါမလဲ"

ထိုစဉ်မှာပင် ထင်းပုံနှင့် တောအုပ်ကို ဆချွန်မင် ရုတ်ခြည်း အမှတ်ရလိုက်၏။

"ဟုတ်ပြီ၊ ရန်သူကိုဟန့်တားဖို့ မီးနဲ့တိုက်ခိုက်နည်းကို အသုံးပြုရမယ်"



ထိုအကြံရသည်နှင့် ဆချွန်မင်က ဆောင်ဓားကို ချက်ချင်းထုတ်ပြီး သစ်ကိုင်းခြောက်အချို့ကို ခုတ်ချလိုက်၏။

ထို့နောက် မီးရှို့၍ အပေါ်မှပစ်ချသည်။ တောင်တန်းပေါ်ရှိ သစ်ပင်ချုံနွယ်တို့ မီးဟုန်းဟုန်းတောက်သည်ကို မြင်သောအခါ လူခန်းဝါမှာ တုန်လှုပ်ရင်း ဝေခွဲ၍မရနိုင်အောင်ပင် ဖြစ်သွားသည်။

ဆချွန်မင် ထိုသို့မီးရှို့လိုက်သည်နှင့် မမျှော်လင့်သော အကျိုးတစ်ခု ဖြစ်ထွန်းခဲ့သည်။

မီးရှိန်များ ဟပ်လာသောကြောင့် မူးမေ့နေသော ဘုရင်မင်းမြတ်မှာ မျက်လုံးကို ပြန်ဖွင့်၍အော်လိုက်သည်။

"အမလေး ...မီး ...မီး ...ကယ်တော်မူကြပါ ..."

ဘုရင်မင်းမြတ်သည် မျက်လုံးအစုံကို ဖွင့်လိုက်သည်နှင့် သားတော် အာပုမင် ထင်းပုံ၏နံဘေးတွင်ရပ်၍ မီးပုံကို ထင်းထပ်ထည့်နေသည်ကို တွေ့ရ၏။

"အို ...သားတော် ...မင်း ဘယ့်နှယ်ကြောင့် ဒီရောက်နေတာလဲ၊ တို့ ဘယ်နေရာကို ရောက်နေသလဲ"

ဖခမည်းတော် သတိပြန်ရလာသည်ကို မြင်သည်နှင့် မင်းသား အာပုမင်က ဝမ်းသာအားရဖြင့် ပြေးဖက်လိုက်၏။

"ဖခမည်းတော် ...သားတော်နဲ့ အခုလို ပြန်လည်ဆုံတွေ့နိုင်တာဟာ ကံကောင်းထောက်မလို့ပါပဲ ဘုရား ..."

www.burmeseclassic.com

www.burmesesclassic.com



ဘုရင်မင်းမြတ်သည် ဆရာမကြီးဒေါ်ယု၏ ဆေးခတ်ခြင်းခံရသည်များကို အမှတ်မရတော့ပေ။

ယခုအချိန်တွင် ဘုရင်မင်းမြတ်က ဦးနှောက်အနည်းငယ်ပြန်ရှင်းလာ၍ သားတော်၏ ပခုံးမှ ဒဏ်ရာကိုမြင်သောအခါ အလန့်တကြားဖြစ်၍ ထပ်မေးလိုက်သည်။

"သားတော် ...မင်းက ရှေ့တန်းမှာ ကွပ်ကဲအုပ်ချုပ်နေတာ မဟုတ်လား၊ ဘယ့်နှယ်ကြောင့် ဒီကိုပြန်ရောက်နေတာလဲ၊ ပြီးတော့ မင်း ဒဏ်ရာက ဘယ်လိုကြောင့် ..."

ခမည်းတော်၏ မိန့်ကြားချက်ကို ကြားသောအခါ အာပုမင်းက မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ဖြေလိုက်၏။

သူသည် သစ္စာဖောက် နန်းရင်းဝန်ဟာရန်၏ ရက်စက်ကြမ်းကြုတ်မှုကို ဖော်ပြသည့်ပြင် ကျူးကျော်သူ မန်ချူးတို့နှင့်ပေါင်းစပ်ပြီး တိုင်းပြည်ကို 'ရောင်းစားသည့်အကြောင်းများပါ အကျယ်တဝင့် ရှင်းလင်း၍ လျှောက်တင်လိုက်၏။

နမတော်ဒေစီလီကို အရူးဖြစ်ရန် ဆေးခတ်ခဲ့သည့်ပြင် သူ့ကိုလည်း သုတ်သင်ရှင်းလင်းရန် လုပ်ကြံခဲ့ကြကြောင်း တင်ပြလိုက်သည်။

သားတော်အာပုမင်၏ မကျေမချမ်း တင်ပြချက်များကို ကြားရသောအခါ ဘုရင်မင်းမြတ် သတိတရားပြန်ရ၍ ကြိမ်းဝါးလိုက်သည်။



"တောက် ...ဟာရန်ဟာ ယုတ်မာလှချည်လား ...၊ ဒါဆိုရင် ငါ့ရဲ့ထီးနန်းတွေ သူ့ကြောင့် ပျက်စီးဆုံးရှုံးတော့မှာပဲ ..."

ထိုစဉ် နံဘေးမှ ရှောင်ရီရှမ်းက ကြားဝင်ထောက်လိုက်၏။

"အရှင်မင်းကြီး ...လူယုတ်မာဟာရန်ဟာ ကိုယ်ရံတော်တပ်ဖွဲ့ကို စေလွှတ်ပြီး ကျွန်တော်မျိုးမတို့တစ်တွေကို ဖမ်းမလို့ပါဘုရား"

"တောက် ...ဒီကောင် အကြံပက်စက်ပါပေ့၊ ကိုင်း ...ငါ့ကို တောင်အောက်ကိုပို့ဆောင်ပါ၊ ဒီကောင်တွေကို ငါအမိန့်ပေးမယ်"

ထိုအခါ မင်းသားအာပုမင်က ဖခမည်းတော်ကို တွဲခေါ်ပြီး ချောက်ကမ်းပါးသို့ လျှောက်လှမ်းလာသည်။

ဆချွန်မင်မှာ မီးပုံကို ချက်ချင်းငြိမ်းသတ်လိုက်သည်။

ဘုရင်မင်းမြတ်မှာ တောင်အောက်သို့ အပေါ်မှမိုးကြည့်ရင်း ကြိမ်းဝါးမာန်မဲလိုက်သည်။

"လူခန်းဝါ ...မင်းစစ်သည်အလုံးအရင်းနဲ့ ဘာလာလုပ်တာ လဲကွယ် ..."

ဘုရင်မင်းမြတ်၏ ဩဇာကို လူခန်းဝါ ပမာမခန့်မပြုရဲချေ။ တပ်ဖွဲ့လူခန်းဝါသည် အလန့်တကြားဖြစ်ကာ မြင်းပေါ်မှခုန်ဆင်းလိုက်သည်။

ထို့နောက် ဦးချကန်တော့ရင်းက လျှောက်တင်လိုက်သည်။

"ရေမြေ့သခင် ကျေးဇူးရှင် ...၊ လူယုတ်မာတွေဟာ ငါ့ရှင်မင်းကြီးကို အကြပ်ကိုင်သလားဘုရား ..."

www.burmeseclassic.com

www.burmesesclassic.com



"တောက် ...ဘယ်ကလူယုတ်မာလဲ ...၊ သူတို့တစ်တွေဟာ သားတော်အာပုမင်နဲ့ ဆရွန်မင်တို့ကွ၊ မင်းတို့တစ်တွေ ရူးနေပြီလား၊ အခုချက်ချင်း တပ်ခေါက်ပြီး သစ္စာဖောက်ဟာရန်ကို ကွက်မျက်လိုက်"

ဘုရင်မင်းမြတ်၏ အမိန့်တော်ကိုကြားသည်နှင့် လူခန်းဝါသည် အမိန့်ကိုနာခံပြီး တပ်ဖွဲ့ကို ဦးစီးကာ ပြန်လှည့်သွားတော့သည်။

သူသည် သစ္စာရှိတပ်ဖွဲ့မှူးပီပီ ရန်သူအစစ်အမှန်ကို သိသည်နှင့် ရှုပ်ရှုပ်ရွှံရွှံ တိုက်ခိုက်မည့်ပုဂ္ဂိုလ် ဖြစ်သည်။

ရှောင်ရိရှမ်းမှာ ဒေစီလီမင်းသမီးကို ဖေးတွဲပြီး ဘုရင်မင်းမြတ်တို့နှင့်အတူ တပ်ဖွဲ့၏နောက်မှ လိုက်၍ မြို့တော်သို့ ခရီးပြင်းနှင့် လေတော့သည်။

* * *

## အခန်း (၆၂)

### ဆုံးရှုံးခြင်း

လီစွမ်းမေမှာ အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့လေပြီ။ သူ့ကို ဒေါ်ယုက ဖမ်းဆီးချုပ်နှောင်ရန် မတတ်နိုင်ခဲ့ချေ။

လီစွမ်းမေ ထွက်ပြေးသွားသည်ကို သိသောအခါ ဆရာမကြီးနှင့် နန်းရင်းဝန်ဟာရန်မှာ အလွန်အမင်း စိုးရိမ်ပူပန်မိသည်။ ဆရာမကြီးကိုယ်တိုင် ရှောင်ပြေးခဲ့သည် မဟုတ်ပါလား။

လီစွမ်းမေမှာ အဆင့်မြင့်သိုင်းပညာရှင် ဖြစ်သည့်ပြင် စိတ်ညှို့အိပ်ဆေး့ချဖြေနည်းကိုလည်း တတ်ကျွမ်းသည်။

အကြံသမားဟာရန်သည် အခွင့်ကောင်းကိုလက်လွှတ်မခံဘဲ ယတိပြတ်ဆုံးဖြတ်လိုက်သည်။

"အခုဆိုရင် ဘုရင်မင်းမြတ် ထွက်ပြေးတာနဲ့ အတော်[illegible] ကျူပ်ဟာ မန်ချူးတို့ဆီက ကျောထောက်နောက်ခံ ရ[illegible]တော့

www.burmeseclassic.com

www.burmesesclassic.com



ကိုယ့်ဘာသာ ၊င်းမြှောက်လိုက်မယ်၊ ပြီးတော့ မန်ချူးတို့ကို လက်နက်ချ အညံ့ခံရင် ဒီနိုင်ငံကို ကျုပ် ကြီးစိုးမင်းမူနိုင်ပြီဗျ ...”

ထိုအခိုက်မှာပင် အမတ်ကြီးတစ်ဦးက လာရောက်အစီရင်ခံလေသည်။ အမတ်ကြီးမှာ သူ့လူဖြစ်သည်။

“နန်းရင်းဝန်ကြီး ...၊ ကျွန်တော်တို့ ခုနကလွှတ်လိုက်တဲ့တပ်ဖွဲ့ဟာ ဘုရင်မင်းမြတ်ပြန်ပင့်ပြီး မြို့တော်ကို ဦးတည်၍ ချီတက်လာနေပြီဗျ ...”

“အလို ...ကိုယ်ကျိုးနည်းကုန်ပါပြီ ...၊ ဟိတ် ...မြို့ရိုးတံခါးမကြီးကို မြန်မြန်ပိတ်လိုက်ကြစမ်း”

နန်းရင်းဝန်ဟာရန်သည် အလန့်တကြားဖြစ်ရင်း ချက်ချင်းအမိန့်ပေးလိုက်၏။

နံဘေးတွင်ရှိသော ဆရာမကြီးက ပြက်ရယ်ပြုဆိုလိုက်၏။

“ဟား ...ဟား ...ဟား ...မင်း မြို့ရိုးတံခါးပိတ်နိုင်းလဲ အချည်းနှီးပါပဲ၊ အခုလာတာ ဘုရင်မင်းမြတ်ကွယ့် ...၊ အဲဒီတော့ သူအမိန့်ပေးလိုက်ရင် မြို့ရိုးတံခါး ဖွင့်ပေးကြမှာပဲ”

“အို ...ခုမှတော့ မထူးတော့ပါဘူး၊ ဘုရင်မင်းမြတ်ကို ကျုပ်နန်းချတယ်ဗျာ၊ ပြီးတော့ ကျုပ်ကိုယ်တိုင် ဦးစီးပြီး တန်ပြန်ခုခံမယ်၊ မန်ချူးဘက်မှ စစ်ကူကို စောင့်မယ် ...”

နန်းရင်းဝန် ဟာရန်သည် သူစည်းရုံးသိမ်းသွင်းထားသော စစ်သည် ဗိုလ်ပါတို့ကို နန်းရင်ပြင်ပေါ်တွင် စုရုံးစေပြီး ဘုရင်သစ္စာ



တော်ခံ မှူးကြီးမတ်ကြီး အမြောက်အမြားကို ဖမ်းဆီးချုပ်နှောင်လိုက်တော့သည်။

ထို့ပြင် မြို့ရိုးတံခါးကို ဖွင့်မပေးဘဲ မြို့တော်တစ်ခုလုံးကို တိုက်ပွဲဝင်ရန် အမိန့်ပေးလိုက်လေ၏။ သူတကယ်ဘုရင်မဖြစ်သေးချေ။

ဘုရင်မင်းမြတ်နှင့် သားတော်အာပုမင်တို့ ဦးစီးကွပ်ကဲသော ကိုယ်ရံတော်တပ်သား တစ်ထောင်ကျော်ခန့်သည် ရဲစိတ်ရဲမာန်အပြည့်ဖြင့် မြို့ရိုးတံတိုင်းရှေ့သို့ ရောက်လာကြသည်။

မြို့ရိုးတံခါးပိတ်ထားသည်ကို မြင်သောအခါ ဘုရင်မင်းမြတ်က မြင်းကို ရှေ့သို့တိုးနှင်၍ ကြိမ်းဝါးလိုက်၏။

“ဟေ့ ...နီပေါနိုင်ငံကို ပိုင်စိုးတဲ့ဘုရင် ရောက်လာပြီ၊ မြို့ရိုးတံခါးကို မြန်မြန်ဖွင့်စမ်း ...၊ သစ္စာဖောက်တွေကို ကိုယ်တိုင်သုတ်သင်ရှင်းလင်းမယ်၊ ကျုပ်အမိန့်ကို ဖီဆန်ဝံ့ရင် ချက်ချင်းကွက်မျက်ပစ်မယ်”

ဘုရင်မင်းမြတ်၏ မိန့်ကြားချက်မဆုံးမီမှာ မြို့ရိုးတံတိုင်းပေါ်မှ လူတစ်အုပ် ထွက်လာ၏။

ဦးဆောင်သူ နန်းရင်းဝန် ဟာရန်ပင်တည်း။

ဘုရင်မင်းမြတ်ကို ဖီဆန်ပြီး ပြန်အော်လိုက်သည်။

“ဟေ့ ...တိုင်းပြည်နဲ့ လူမျိုးအတွက် အကျိုးပျက်စေတဲ့ဘုရင်သေချာနားထောင် ...၊ ခင်ဗျားဟာ တစ်နေကုန် သောက်စားအပျော်

www.burmeseclassic.com

www.burmesesclassic.com



ကြူးတဲ့အတွက် ကျုပ်က အမတ်တွေနဲ့ ပြည်သူလူထုတွေရဲ့ ထောက်ခံချက်ကို ခံယူပြီး ခင်ဗျားရဲ့ နန်းဆက်ကို ပယ်ဖျက်လိုက်ပြီ၊ အဲဒါတော့ ...ခင်ဗျားဟာ နီပေါဘုရင် မဟုတ်တော့ဘူး၊ နိုင်ငံတော်ပြန်ပြီး အုပ်စိုးလို့ မရတော့ဘူး ..."

"တောက် ...သစ္စာဖောက် ...မင်းသာ တိုင်းပြည်သစ္စာဖောက်ပြီး မန်ချူးနယ်ချဲ့ ကျူးကျော်သူတွေကို ရောင်းစားတဲ့ ကောင်၊ ရဲဘော်တို့ သစ္စာဖောက် ဟာရန်ကို အရှင်မထားနဲ့"

ဘုရင်မင်းမြတ်၏ မိန့်ကြားချက်ကို ကြားသောအခါ အထက်၌ ရနေသော နန်းရင်းဝန်ဟာရန်မှာ မဒိုးမခန့် ရယ်လိုက်သည်။ သစ္စာ အမတ်များကို သူ ဖမ်းဆီးပြီးပြီ မဟုတ်ပါလော။

ထို့နောက် သူ၏ ဘက်တော်သားများကို တိုက်ခိုက်ရန် အချက် ပေးလိုက်သည်။

သို့သော် ၎င်းအချိန်မှာပင် လေတိုးသံနှင့်အတူ သူ၏ နောက် ဘက်သို့ လူရိပ်တစ်ခု ဖျတ်ခနဲရောက်လာရင်း သူ၏ ကုတ်ကို ဖမ်း ဆုပ်လိုက်၏။

နန်းရင်းဝန်ဟာရန်သည် အလန့်တကြားဖြစ်သွားသည်။ သူ အော်မေးသည်။

"ငါ ...ငါ့ကို ဘယ်သူဖမ်းတာလဲ ..."

"ဟား ...ဟား ...ဟား ...ကျုပ်ကို မမှတ်မိတော့ဘူးလား၊ သူတောင်းစားက ဘုရင်ဖြစ်ဖို့ အိပ်မက်မက်နေတယ်"



ရုတ်တရက် ထွက်လာသူကား လီစွမ်းမေပင်တည်း။

သူမသည် နန်းတော်တွင်းမှ ထွက်ပြေးလာသည်။ ပင်ပန်း မောဟိုက်လွန်းသောကြောင့် နားနေမိသည်။ မြို့ရိုးတံတိုင်းပေါ်မှ ကင်တဲကို မြင်သည်နှင့် အကြံတစ်ခု ရုတ်ခြည်း ရလိုက်၏။

သို့ဖြစ်၍ ကင်းသမားနှစ်ယောက်ကို သွေးကြောပိတ်ပြီး ကင်း တဲပေါ်သို့ ဝင်ပုန်းခိုလိုက်သည်။ သူမသည် ကင်းတဲထဲတွင် အတွင်း များကို ပုံမှန်လည်ပတ်အောင် တင်ပျဉ်ခွေထိုင်၍ လေ့ကျင့်ခဲ့၏။

တစ်နာရီခန့်ကြာသောအခါ သူမ၏ နားသို့ စီစီညံညံအသံ များ ပျံ့လွင့်လာ၍ မျက်လုံးအစုံဖွင့်ကြည့်လိုက်သည်။

ထိုအခါ နန်းရင်းဝန်ဟာရန်၏ မိုက်ကန်းရက်စက်မှုကို မြင် သည်နှင့် သူ့ဆီသို့ ချက်ချင်းခုန်အုပ်လိုက်ခြင်းဖြစ်သည်။

လီစွမ်းမေသည် သစ္စာဖောက်ဟာရန်ကို ဖမ်းလိုက်သဖြင့် သူ၏ ဘက်တော်သားများ မည်သူမျှမလှုပ်ဝံ့တော့ပေ။

ဆရွှန်မင်သည် လီစွမ်းမေ ပေါ်လာသည်ကို မြင်သောအခါ ဝမ်းသာအားရဖြင့် ချက်ချင်းအော်လိုက်၏။

"ဆရာမကြီး ...ဟောဒီသစ္စာဖောက်ကို ချမ်းသာခွင့်မပေးနဲ့ဗျို၊ သူဟာ အဓိကကြိုးပြတ်ကောင် နန်းရင်းဝန် ဟာရန်ပါ ..."

"ကိုင်း ...သစ္စာဖောက်တို့သွားရာလမ်းသို့ ကြွပေတော့ ..."

လီစွမ်းမေသည် ကြိမ်းဝါးရင်းက သစ္စာဖောက်ဟာရန်၏ ကိုယ်လုံးကို မြှောက်၍ အောက်သို့ပစ်ချလိုက်လေတော့သည်။

www.burmeseclassic.com

www.burmesesclassic.com



မြို့ရိုးတံတိုင်းသည် ပေနှစ်ဆယ်ကျော်ခန့်မြင့်၍ သစ္စာဖောက် ဟာရန် အောက်သို့ ဖောက်ထိုးကျလာသည်နှင့် ငယ်သံပါအောင် အော်ရင်း ခေါင်းတစ်ခုလုံး ကွဲအက်ကျေမွသွားလေတော့၏။

နန်းရင်းဝန်ဟာရန် သေဆုံးသွားသည်နှင့် သူ၏ဘက်တော်သားများမှာ ခေါင်းဆောင်မရှိတော့ပေ။ သွေးစည်းမှုပျက်ယွင်းကုန်၏။

ထိုအခါ ရှောင်ရီရှမ်းက သံကုန်ဟစ်၍ စည်းရုံးလိုက်၏။

"မင်းတို့တစ်တွေ မဆိုင်သူတွေဘေးဖယ်ကြပါ၊ အခုပြန်လာတာဟာ ဒေါ်ယုရဲ့ သစ္စာဖောက်ဂိုဏ်းကို ဖြိုခွင်းဖို့ပဲ၊ အဓိကတရားခံဖြစ်တဲ့ ဆရာမကြီးကိုသာ ဖမ်းမှာပါ၊ အဲဒီတော့ မြို့ရိုးတံခါးမြန်မြန် ဖွင့်စမ်းပါ"

မြို့စောင့်တပ်သားတို့သည် ဟာရန်သေဆုံးသွားပြီဖြစ်၍ မြို့ရိုးတံခါးကို ချက်ချင်းဖွင့်ပေးလိုက်သည်။

ဘုရင်မင်းမြတ်သည် ကိုယ်ရံတော်တပ်သားများ ခြံရံကာ နန်းတော်သို့ ပြန်လည်ကြွမြန်းသွားလေတော့သည်။

နန်းရင်းဝန်၏ နှမဖြစ်သူ ဘုရင်မင်းမြတ်၏ အချစ်တော်မာလကျားဒေဝီမှာ သူမ၏အပြစ်ကိုသိမြင်ပြီး နောင်တရကာ မိမိကိုယ်ကို သတ်သေလိုက်သည်။

ဆရာမကြီးဒေါ်ယုသည် အခြေမလှသည်ကို မြင်သည့်အတွက် သက်တော်စောင့် စုအာထိန်နှင့် ကျူဟွာနန်ကိုခေါ်ဆောင်ပြီး အိန္ဒိယဘက်တော်သား တစ်သိုက်နှင့် ထွက်ပြေးတိမ်းရှောင်သွားတော့သည်၊



သူမသည် မိုက်ကန်းရက်စက်သူပီပီ၊ သွားခါနီးတွင် နန်းတွင်းရှိ ဘဏ္ဍာတော်တိုက်မှ ရွှေငွေရတနာများကို ထုပ်ပိုးခိုးယူသွားခဲ့သည်။

ရောက်လျှင်ရောက်ချင်းပင် ဘုရင်မင်းမြတ်သည် ညီလာခံကျင်းပပြီး အကျဉ်းစခန်းသို့ သစ္စာဖောက်ဟာရန်၏ ဘက်တော်သားများကို ဖမ်းဆီးကာ ချုပ်နှောင်လိုက်၏။

ထို့ပြင် ဟာရန်ပိုင်ဆိုင်ရာပစ္စည်းမှန်သမျှကို ပြည်သူပိုင်သိမ်း၍ ရှေ့တန်းအတွက် ရိက္ခာများကိုလည်း ချက်ချင်းပို့ဆောင်ရန် အမိန့်ချမှတ်လိုက်၏။

သို့သော် ဘုရင်မင်းမြတ်၏ စီရင်ချက်များမှာ အချိန်နှောင်းသွားပြီဖြစ်၍ ရှေ့တန်းမှ နယ်စပ်မြို့ဖြစ်သော ထုံတုဂိတ်သည် ရိက္ခာပြတ်လပ်သောကြောင့် နယ်ချဲ့မန်ချူးလက်သို့ ကျဆုံးသွားခဲ့လေပြီ။

✻ ✻ ✻

ဟိုင်နန်သည် ဉာဏ်သမားပီပီ စွန်များပျံသန်းနေသည်ကို ကြည့်ပြီး အဆင့်မြင့်သိုင်းပညာရှင်ဖြစ်သူ ကျင်းတောင်ညီနောင်နှစ်ဖော်တို့ကို မြို့ရိုးတံတိုင်းပေါ်သို့ရောက်အောင် ပို့ဆောင်ရန် အကြံရလိုက်၏။

"မင်းတို့ညီအစ်ကိုကို နက်ဖြန်ကာ စက်ယန္တရားအမြောက်နဲ့ ပစ်တင်ပေးမယ်ကွ ...၊ မင်းတို့နှစ်ယောက် အထူးစီစဉ်ပြီး ချုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ဝတ်စုံကို ဝတ်ဆင်ရမယ်၊ အဲဒီအကျီမှာ အဆောင်ပါတယ်၊ မင်းတို့နှစ်ယောက် ကိုယ်ဖျောက်ပညာကို ရောနှောအသုံးပြုတာနဲ့ မြို့ရိုးတံတိုင်းပေါ်သို့ အလွယ်တကူရောက်သွားနိုင်မှာပါ ...”

“ဒါဆိုရင် ကျွန်တော်မျိုးတို့ အစွမ်းကုန်ကြိုးစားပါ့မယ် ...”

ဟိုင်နန်၏မိန့်ကြားချက်ကိုကြားသောအခါ ကျောင်းတော်ညီနောင်နှစ်ဖော်တို့က မျက်နှာချိုသွေး၍ ဖြေလိုက်ကြသည်။

အရက်ဦးအချိန်တွင် ခန်းအန်းမင်းကြီးနှင့် ဟိုင်နန်တို့သည် စစ်သည်ဗိုလ်ပါအလုံးအရင်းနှင့် ထုံတူဂိတ်ကို တိုက်ခိုက်ကြသည်။

ထို့နောက် အမြောက်တပ်ကို ရှေ့ပြေးအနေနှင့် ရှေ့တိုးစေပြီး အမြောက်ကျည်ဆံများဖြင့် မြို့ရိုးတံတိုင်းကို ဒလစပ်ပစ်ခတ်စေတော့သည်။

နာရီဝက်ခန့်ပစ်ခတ်ပြီးသောအခါ ထုံတူဂိတ်တစ်မြို့လုံးကို ယမ်းငွေ့များ လွှမ်းခြုံသွားသည်။

ၖင်းအချိန်မှာပင် ဟိုင်နန်သည် စက်ယန္တရားတပ်ကို ရှေ့သို့ တိုးစေလေ၏။

ရွှေလေးရှင်မင်းသမီးသည် ထုံတူဂိတ်မြို့ရိုးပေါ်၌ ကိုယ်တိုင် အုပ်ချုပ်ကွပ်ကဲနေ၏။

ထိုစဉ် လူပုံနှစ်ယောက်က တောင်ပံများကို ဖြန့်ကားပြီး မြို့ရိုးတံတိုင်းပေါ်သို့ ဝဲပျံလာတော့၏။

ရွှေလေးရှင် မင်းသမီး ရေရွတ်လိုက်မိ၏။



“အင်း ...ဒီအတိုင်းဆိုရင် မလွယ်ဘူး၊ ကျောင်းတော်ညီနောင်တို့ဟာ လေဟုန်စီးပြီး လာနေပြီ။

ရွှေလေးရှင်မင်းသမီးသည် ကျောင်းတော်ညီနောင်ကို ရင်ဆိုင်ရန်အတွက် ဆရာမနှင့် ဆချွန်မင်တို့မရှိသောကြောင့် အကြံအိုက်နေသည်။

မတတ်သာသည့်နောက်ဆုံး အံကိုတင်းတင်းကြိတ်၍ နီပေါစစ်သည်တစ်ဦးထံမှ သံရိုင်းဖြင့် ပြုလုပ်ထားသော လေးတစ်ခုကို ယူလိုက်သည်။

ထို့နောက် လေထုထဲတွင် ပျံဝဲနေသော ကျောင်းတော်ညီနောင်တို့၏ တောင်ပံကို ချိန်ရွယ်၍ ဒလကြမ်းပစ်ခတ်လိုက်သည်။

တဝိုးဝိုးမြည်ဟီးသော မြားများသည် လေထုကိုထိုးဖောက်၍ ကျောင်းတော်ညီနောင်ထံသို့ ပျံဝဲသွားလေသည်။

ကျောင်းတော်ညီနောင်တို့သည် အဆင့်မြင့်သိုင်းပညာရှင်များ မဟုတ်ပါလား။ လေထုထဲမှာပင် ဝဲဘက်သို့ လေးပေခန့်ရှောင်တိမ်း၍ မြားများ၏ စက်ကွင်းမှ ရှောင်ကွင်းလိုက်ကြ၏။

ထိုအချိန်တွင် အီလိနားက စစ်ဦးစီး ရွှေလေးရှင်မင်းသမီး အနားတွင် ရပ်၍ အခြေအနေကို ကြည့်နေသည်။ သူမသည် ရုတ်တရက် အကြံရလိုက်၏။

“ရဲဘော်တို့ ...အားလုံး မြားနဲ့ပစ်ကြ၊ သူတို့နှစ်ယောက်ကို ဝိုင်းပြီးပစ်ကြစမ်း”

www.burmeseclassic.com

www.burmesesclassic.com



ထိုအမိန့်သံကြားသည်နှင့် မြို့ရိုးတံတိုင်းပေါ်တွင်ရှိသော စစ်သည်တော်များသည် ကျင်းတောင်ညီနောင်တို့ကို ဝိုင်းပစ်ခတ်ကြသည်။ ထိုခဏတွင် မြားများ မိုးရွာသကဲ့သို့ ရွာသွန်းပေမယ့် အချိန်နှောင်းသွားလေပြီ။

ကျင်းတောင်ညီနောင်တို့သည် လျင်မြန် ဖျတ်လတ်သူပီပီ တောင်ပံကို ချက်ချင်းကြို့၍ မြို့ရိုးတံတိုင်းပေါ်တွင် စိုက်ထူထားသော အလံတိုင်သို့ တစ်ရှိန်ထိုးအဟုန်ဖြင့် ဆင်းသက်လိုက်၏။

အလံတိုင်သို့ရောက်သွားသည်နှင့် ခြေထောက်ဖြင့် အလံတိုင်ကို တွယ်ချိတ်ပြီး ကိုယ်ရှိန်ကို ခေတ္တရပ်တန့်၍ နီပေါစစ်သည်အုပ်ထဲသို့ တစ်ပြိုင်တည်း ခုန်ဆင်းလိုက်သည်။

သာမန်အချိန်တွင် ဆစ္စန်မင်တို့ အဆင့်မြင့်သိုင်းပညာရှင်များ ရှိသောကြောင့် ကျင်းတောင်ညီနောင်ကို မှုစရာမလိုပေ။

ယခုအချိန်မှာ ကျင်းတောင်ညီနောင်တို့သည် ပြိုင်ဘက်ကင်းနေပြီဖြစ်၍ တုတ်ကောက်ကို ဝှေ့ရမ်းပြီး နီပေါစစ်တပ်အုပ်စုထဲတွင် တိုက်ခိုက်လေတော့၏။

မြို့ရိုးတံတိုင်းပေါ်သို့ သူတို့လူတွေ ရောက်သွားပြီဖြစ်၍ မန်ချူးတပ်သားတို့သည် မြို့ရိုးအောက်သို့ ဝင်ရောက်ပြီး သံသံမဲမဲ ရင်ဆိုင်တိုက်ခိုက်ကြတော့၏။

နီပေါစစ်သည်တို့သည် အစာရေစာ ပြတ်လပ်ပြီး ခုခံနိုင်စွမ်းမရှိ၍ စိတ်ဓာတ်ကျနေသည်။



သို့ဖြစ်၍ နေ့ဝက်ခန့်ယှဉ်ပြိုင်ကာ အကြိတ်အနယ်တိုက်ခိုက်ပြီး နီပေါတို့ဘက်မှ အရေးနိမ့်သွားတော့သည်။

ငင်းအချိန်တွင် ကျင်းတောင်ညီနောင်တို့က အခွင့်ကောင်းယူ၍ အောက်သို့ ခုန်ဆင်းရင်း မြို့ရိုးတံခါးမတွင် ခတ်ထားသော သော့ကို ဓားဖြင့်ဖြတ်တောက်၍ တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။

မြို့တွင်းသို့ မန်ချူးစစ်သည်များ ဝင်လာကြသည်။ ထုံတူဂိတ်ကို အနိုင်အမာစောင့်ကြပ်ရန် မစွမ်းနိုင်သောကြောင့် ရွှေလေးရှင်မင်းသမီးက မြို့တွင်းမှဆုတ်ခွာရန် အမိန့်ချမှတ်လိုက်သည်။

ထိုအခါ နီပေါစစ်သည်တို့က ရွှေလေးရှင်မင်းသမီး၏ စနစ်ကျသေသပ်သော အုပ်ချုပ်မှုအောက်တွင် စည်းကမ်းကျနစွာဖြင့် မာလဆတောင်ကုန်းသို့ ဦးတည်၍ ဆုတ်ခွာသွားတော့သည်။

မန်ချူးစစ်ဦးစီးဖြစ်သူ ခန်းအန်းမင်းကြီးနှင့် ဟိုင်နန်တို့သည် ထုံတူဂိတ်သို့ ဝင်ရောက်သည်နှင့် နီပေါစစ်သည်တို့ကို လိုက်လံတိုက်ခိုက်ရန် ကြံရွယ်သေး၏။

သို့သော် ရွှေလေးရှင် မင်းသမီး၏ သေသပ်သော စစ်စည်းမျဉ်းဥပဒေကို တွေ့သောအခါ နီပေါစစ်သည်တို့၏နောက်သို့ မလိုက်ဝံ့တော့ပေ။ အဘယ်ကြောင့်ဆိုသော် ...သူတို့ရရှိမည့်အောင်ပွဲနှင့်အတူ သေရမည့်တပ်သားတို့ မမျှသည်ကို သိရှိလိုက်သောကြောင့်တည်း။ သူတို့ တပ်လုံးပြုတ်ပြီးမှသာ အောင်နိုင်ပေလိမ့်မည်။

✳ ✳ ✳

www.burmeseclassic.com

www.burmesesclassic.com

## အခန်း (၆၃)

## နတ်မဲကန်နှင့်ရန်သူ့အကြံ

နီပေါနိုင်ငံ၏ ပုန်ကန်မှုကို ဘုရင်မင်းမြတ်က အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သည်။ သို့သော် နန်းတွင်းအခြေအနေသည် ဖရိုဖရဲဖြစ်၍ ပုံမှန်အနေ အထားသို့ မရောက်သေးပေ။

အထူးသဖြင့် မင်းသမီးဒေဇီလီသည် အန္တရာယ်စက်ကွင်းမှ လွတ်မြောက်ခဲ့သော်လည်း ငိုလိုက်ရယ်လိုက် ဖြစ်နေဆဲပင်။

ထိုအခါ လီစွမ်းမေက သူမကို သေချာစမ်းသပ်စစ်ဆေးသောအခါ သွေးခုန်နှုန်းမမှန်သည့်အပြင် သူမ၏ရောဂါကျွမ်းနေပြီကို သိရှိရ၏။

ဆရာမကြီးဒေါ်ယုသည် သူမကို ထူးခြားပွေလီသော အဆိပ်ငါးမျိုးကို တစ်ပါတည်း ကျွေးထားသောကြောင့် မင်းသမီးဒေဇီလီ၏ အာရုံကြောသည် ရှုပ်ထွေး၍ ကမောက်ကမဖြစ်နေသည်။



အကယ်၍သာ အချိန်မီမကုသပါက တစ်နှစ်အတွင်း သေဆုံးသွားနိုင်သည်။

သို့သော် သူမကို ဆေးကုသရန် ခွန်လွန်တောင်မှ လုံကျောက်ဆေးမြစ်ကိုရမှ ရောဂါပျောက်ကင်းမည်ဖြစ်သည်။

သို့သော် ယခုအချိန်တွင် ဒေသမငြိမ်မသက်ဖြစ်နေသောကြောင့် မင်းသမီးဒေဇီလီကို ခွန်လွန်တောင်သို့ပို့ရန် မလွယ်ကူပေ။

ဎင်းအချိန်မှာပင် နယ်ခြားဂိတ်မြို့တော်ဖြစ်သော ထုံတူဂိတ်ကို ရန်သူများ၏ သိမ်းပိုက်ခြင်းခံရပြီဟု သတင်းရရှိလိုက်လေ၏။

ထိုသတင်းကြားသောအခါ ဘုရင်မင်းမြတ် ဒေါသထွက်မိတော့သည်။

အဘယ်ကြောင့်ဆိုသော် ထုံတူဂိတ်သည် သဘာဝအနေအထားအားဖြင့် အခိုင်အမာ စောင့်ကြပ်ရန်အတွက် အလွန်ကောင်းသော ရှေ့တန်းမြို့ကလေး တစ်မြို့ ဖြစ်သောကြောင့်တည်း။

ယခုတော့ …ဒုတိယခံတပ်ဖြစ်သော 'ဖေးရှမ်း' ကုန်းမြင့်ကို အခိုင်အမာစောင့်ကြပ်ရပေတော့မည်။

သို့ဖြစ်၍ ဘုရင်မင်းမြတ်သည် မြို့တော်ကို စောင့်ကြပ်ရန် ကြွင်းကျန်သော ကိုယ်ရံတော်တပ်ဖွဲ့ သုံးသောင်းစလုံးကို သားတော်အာပုမင်းအား အပ်နှံလိုက်၍ ရွှေလေးရှင်မင်းသမီးဦးစီးသော တပ်ဖွဲ့များနှင့် ပူးပေါင်းစေသည်။ ဖေးရှမ်းတောင်ကုန်းကို စောင့်ကြပ်ကာကွယ်ရန် အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmesesclassic.com



အာပုမင်နှင့် ဆချွန်မင်တို့ အမွှးပြုသော တပ်ဖွဲ့တို့သည် အမိန့်အရ ရှေ့တန်းသို့ ခရီးပြင်းနှင်သွားကြ၏။

လမ်းတစ်လျှောက်တွင် တောလိုက်မုဆိုးအများအပြားကို တွေ့ရသည့်ပြင် လူကြီး၊ လူငယ်၊ အဘိုးအို၊ အဘွားအိုပါမကျန် မိသားစု လိုက် ထွက်ခွာလာသည်ကို တွေ့ရ၍ မေးမိလေ၏။

"ဟေး ...စစ်ပြေးတဲ့ ပြည်သူလူထုတွေ များလှချည်လား၊ မန်ချူးတပ်ဖွဲ့တွေ ဒီလောက်မြန်မယ် မထင်ပါဘူး"

အာပုမင်၏မေးသံကို ကြားသောအခါ ဆချွန်မင်က လူရွယ် တစ်ဦးကို ခေါ်၍ မေးမြန်းစုံစမ်းလိုက်၏။ သူတို့၏ပြောကြားချက် ကား ...

"ကျွန်တော်တို့တစ်တွေဟာ စစ်ဦးစီး ရွှေလေးရှင်၏အမိန့်အရ ဆုတ်ခွာခဲ့တာပါ၊ ရန်သူကို ရိက္ခာမပေးဘဲ အန္တရာယ်နယ်ပယ်က လွတ်မြောက်ဖို့ ကျွန်တော်တို့ကို နောက်တန်းကို ဆုတ်ခွာခိုင်းတာပါ ခင်ဗျာ ..."

ထိုပြောကြားချက်ကို ကြားတော့မှ အာပုမင်၏ ရင်တမမ စိတ်ထားသည် သက်သာရာရလေတော့သည်။ ရွှေလေးရှင်သည် မြေလှန်စနစ်သုံးနေပြီတည်း။

ဖေးရှမ်းကုန်းမြင့်အနေအထားသည် တောင်ကုန်းကြီးနှစ်လုံး ဝိုင်းရံထားသော တောင်တန်းဖြစ်၍ တောင်ကုန်းနှစ်ခုကြားတွင် 'ဆင်ဖြူ' မြစ်သွယ်ကို ကြားတွင်ညှပ်ထားသည်။



၎င်း'ဆင်ဖြူ' မြစ်သည် ရေစီးသန်လွန်းသည့်အပြင် လှေလှော် ခတ်ရန် ခက်ခဲ၍ ဒေသခံတိုင်းရင်းသားများက ဖောင်ဖြင့်သာ ကူးသန်းသွားလာကြသည်။

ထို့ပြင်တောင်တန်းနှစ်ခုကို သွယ်တန်းရာ ဝါးရှည်များဖြင့် ဆက်နွယ်ထားသော ဝါးတံတားတစ်ခုရှိသည်။

သူတို့သည် ဖေးရှမ်းတောင်တွင် စခန်းချလိုက်ကြသည်။ အာပုမင်သည် ကာကွယ်စောင့်ကြပ်ရန် ဆချွန်မင်ထံမှ အကြံတောင်းခဲ့ သည်။ ဆချွန်မင်ပေးလိုက်သောအကြံမှာ ဝါးတံတားအားလုံးကို ဖြုတ်ပြီး နီပေါစစ်သည်တို့ကို အနောက်ဘက်ကမ်းမှာ စောင့်ကြပ် ရန်ပင် ဖြစ်လေတော့သည်။

ထို့ပြင် တောင်ကုန်းတိုင်းတွင် ရဲတိုက်များဆောက်လုပ်စေပြီး ရဲတိုက်၏ အပေါ်ဘက်တွင် မြားပစ်ရန် အပေါက်ငယ်များဖောက် စေသည်။ အောက်ဘက်တွင် စားနပ်ရိက္ခာသိုလှောင်ရန် စီစဉ်ခိုင်း သည်။ အာပုမင်သည် ထိုအကြံပေးချက်အတိုင်း လုပ်ဆောင်လေ၏။

ဘိုသို့ သယ်းရက်တိတိ အပူတပြင်း ဆောက်လုပ်ပြီးနောက် တောင်ပေါ်တောင်အောက် တစ်လျှောက်တွင် ရဲတိုက်ငါးရာကျော်ခန့် ဆောက်လုပ်ပြီးစီးသွားသည်။

ဆချွန်မင်ကိုယ်တိုင် ကွပ်ကဲ၍ ရဲတိုက်တစ်ခုစီတွင် အစောင့် စစ်သည် အယောက်နှစ်ဆယ် ချထားလိုက်လေ၏။

နောက်တစ်နေ့ နေဝင်ရီသရောအချိန်တွင် ဆချွန်မင်သည်

www.burmeseclassic.com

www.burmesesclassic.com



လူရိပ်သဏ္ဌာန်အချို့ ဝါးတံတားထိုးရန် ကြိုးစားနေသည်ကို တွေ့ရ လေတော့သည်။

သို့ဖြစ်၍ ဆရှန်မင်သည် လေးသည်တော်တစ်ထောင်တို့ကို ကမ်းနဖူးသို့ အပြင်းနှင်နိုင်းပြီး လူရိပ်မြင်သမျှ အားလုံးပစ်ချရန် အမိန့်ထုတ်ပြန်လိုက်၏။

ဝိုးတဝါး မြင်ကွင်းမှာပင် ဆရာမကြီးဒေါ်ယုနှင့် သူ၏သက်တော်စောင့် စုအာထိန်တို့သုံးယောက်ကို လျင်မြန်ဖျတ်လတ်စွာဖြင့် ဟိုမှာဘက်ကမ်းသို့ ကူးသွားသည်ကို တွေ့ရသည်။

သူတို့တစ်တွေသည် နန်းတော်မှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး မန်ချူးနယ်ချဲ့ထံတွင် ခိုလှုံခွင့်တောင်းရန် ကြံရွယ်နေခြင်းပင်။

ဆရှန်မင်၏လူများ မြားဖြင့်မပစ်နိုင်တော့ချေ။ ဒေါ်ယုတို့လူမှာ ဟိုမှာဘက်ကမ်းသို့ ကူးသွားကြချေပြီ။

ဆရာမကြီးဒေါ်ယုသည် ဟိုမှာဘက်ကမ်းသို့ တစ်ဟုန်ထိုးပြေးတက်ပြီး ပြက်ရယ်ပြု၍ အော်ဟစ်လိုက်သည်။

"ဆရှန်မင် ဒီကနေ့တော့ မင်းကြွားထားဦးပေါ့ကွာ ...၊ ငါ အခု မန်ချူးဘက်မှာ ခိုလှုံခွင့်တောင်းမယ်၊ တစ်လအတွင်းမှာ ငါ စစ်ကူတောင်းပြီး မင်းတို့ကောင်တွေကို အပြတ်ဖြိုပစ်မယ်"

သူမသည် ပြောဆိုရယ်မောပြီး သက်တော်စောင့် ကျူဟွာနန်တို့ကို ခေါ်ဆောင်၍ အမှောင်ထုထဲမှာ ပျောက်ကွယ်သွားလေတော့သည်။

✳ ✳ ✳



မန်ချူးစစ်ဦးစီး ခန်းအန်းမင်းကြီးသည် သုံးလခန့်ကြိုးစား တိုက်ခိုက်တော့မှ ထုံတူဂိတ်ကို သိမ်းပိုက်ဖြိုခွင်းနိုင်ခဲ့၏။

သို့သော် ဗိုလ်မှူးကြီးဟိုင်နန်နှင့် ခေါင်းချင်းဆိုင်ပြီး ဆက်လက် တိုက်ခိုက်ရန် တိုင်ပင်နေဆဲပင်။ နီပေါသည် သူ့ရာထူးပြုတ်စေမည့် နိုင်ငံငယ်ကလေး ဖြစ်ပေတော့သည်။

ထိုအခါ အပြင်ဘက်မှ သတင်းပို့သူတစ်ဦး ရောက်လာလေ၏။

"အရှင်မင်းကြီး ...အခု ဌာနချုပ်အပြင်ဘက်မှာ အလွန် အကျည်းတန်တဲ့ အဘွားအိုတစ်ဦး ရောက်လာတယ်၊ သူ့တပည့် အိန္ဒိယသိုင်းပညာရှင်နှစ်ဦးကို ခေါ်ဆောင်လာတယ်၊ သူ၏ပြောကြား ချက်အရ သူဟာ နီပေါဘုရင်မင်းမြတ်ရဲ့ အကြံပေးအရာရှိလို့ ပြော တယ်၊ အဲဒါ မင်းကြီးနဲ့ တွေ့ခွင့်တောင်းဆိုနေပါတယ် ..."

"ကိုင်း ...ဗိုလ်မှူးကြီး၊ နီပေါနိုင်ငံက အကြံပေးအရာရှိကို ကျုပ်တို့ တွေ့ဆုံခွင့်ပေးမလား"

ထိုမေးခွန်းကို ကြားရသောအခါ ဟိုင်နန်မှာ ဝမ်းသာအားရ ဖြင့် ချက်ချင်းပြန်ဖြေလိုက်သည်။

"အို ...ဒါဆိုရင် ဆရာမကြီးဖြစ်မှာပဲ၊ သူဟာ နန်းရင်းဝန် ဟာရန်ရဲ့ လူယုံတော်ဗျ၊ ကျုပ်တို့ သူ့ကို တွေ့ဆုံခွင့်ပေးမှဖြစ်မယ်"

ဟိုင်နန်၏ ပြောစကားကို ကြားသောအခါ ခန်းအန်းမင်းကြီး သည် အရေးပါသော သတင်းရရှိမည်ဟု ချက်ချင်းနားလည်သဘော ပေါက်မိတော့သည်။

www.burmeseclassic.com

www.burmesesclassic.com



အတန်ကြာသောအခါ အစောင့်သည် ဆံပင်ဖြူဖွေး၍ အကျည်းတန်သော အသွားအိုနှင့် အသားညိုမည်းနေသော အိန္ဒိယတိုင်းရင်းသား နှစ်ဦးကို ခေါ်ဆောင်လာလေတော့သည်။

နေရာထိုင်ခင်း ပေးပြီးသောအခါ ခန်းအန်းမင်းကြီးက သိလိုစောဖြင့် မေးလိုက်၏။

"ကိုင်း ...အကြံပေးအရာရှိကြီး ...၊ ခင်ဗျား နီပေါမြို့တော်က လာတာ ဘယ်လိုအကြောင်းထူးပါလိမ့်"

"ဟုတ်ကဲ့ရှင် ...ကျွန်မ ဒီတစ်ခေါက်လာတာ၊ မင်္ဂလာသတင်းတစ်ခုနဲ့ အမင်္ဂလာသတင်းတစ်ခု အစီရင်ခံဖို့လာတာပါ"

ဆရာမကြီးဒေါ်ယုသည် ဖြစ်ကြောင်းကုန်စင်ကို ဖောက်သည်ချရင်း ဘုရင်မင်းမြတ်ရောဂါပျောက်ကင်းသည့်အကြောင်းနှင့် နန်းရင်းဝန် ဟာရန် ကွယ်လွန်သွားတဲ့အကြောင်းပါ တင်ပြလိုက်သည်။

သစ္စာဖောက် ဟာရန် သေဆုံးသွားသည်ကို ကြားရသောအခါ ခန်းအန်းမင်းကြီးက နှမျောတမ်းတစွာဖြင့် မေးလိုက်၏။

"အလို ...နန်းရင်းဝန် ဟာရန် သေဆုံးတာ နှမျောစရာကောင်းတယ်၊ ကျုပ်တို့ အကြံအစည်အထမမြောက်မီ သေဆုံးတာဟာ ကျုပ်တို့ ကြိုးစားမှုလဲ တစ်ဝက်တစ်ပျက်နဲ့ ပျက်စီးရတော့မှာပဲ"

အဘွားကြီးဒေါ်ယုက ...

"အရှင်မင်းကြီး ...ဟာရန်ကွယ်လွန်သွားပေမယ့် အရှင်မင်းကြီး ထုံတူဂိတ်ကို အရသိမ်းပိုက်နိုင်ခဲ့တယ် မဟုတ်လား၊ သဲ



အလဟဿမဖြစ်ပါဘူး၊ ပြီးတော့ ...ကျွန်မမှာ မင်္ဂလာသတင်းတစ်ခု တင်ပြဖို့ ကျန်ပါသေးတယ်"

သူမသည် ပြောပြောဆိုဆိုဖြင့် အိတ်ထဲမှ ပန်းချီကားတစ်ချပ်ကို နှိုက်ထုတ်၍ ဆက်သလိုက်သည်။

ထိုပန်းချီကားချပ်သည် နီပေါနိုင်ငံ၏ အသေးစိတ်စစ်မြေပုံဖြစ်နေသည်။

ထိုစစ်မြေပုံကို မြင်သည်နှင့် ခန်းအန်းမင်းကြီးနှင့်ဟိုင်နန်တို့သည် ဝမ်းသာလုံးဆို့မိကြသည်။

ထိုခေတ်တွင် နီပေါနိုင်ငံမှာ အလွန်သေးငယ်သောနိုင်ငံဖြစ်သောကြောင့် အသေးစိတ် မြေပုံရှာဖွေရန် မလွယ်ကူလှပေ။

ဆရာမကြီးဒေါ်ယုသည် အကြံသမားပီပီ ထွက်ပြေးလာစဉ် နန်းတွင်းထဲမှ လျှို့ဝှက်စွာသိမ်းဆည်းထားသော မြေပုံကို ခိုးယူခဲ့ပြီး မန်ချူးတို့ကို မျက်နှာချိုသွေး၍ ဆက်သခဲ့ခြင်းဖြစ်သည်။

ခန်းအန်းမင်းကြီးသည် စစ်မြေပုံမရှိသောကြောင့် နီပေါနိုင်ငံကို တိုက်ခိုက်ကျူးကျော်ရာတွင် လမ်းပြအချို့ကိုသာ အသုံးချရ၏။

ထို့ကြောင့် နယ်ချဲ့သမားဟိုင်နန်တို့သည် မြေပုံကိုရသည်နှင့် အတိုင်းထက်အလွန် ဝမ်းသာနေကြသည်။

နီပေါနိုင်ငံ၏ မြေပုံအနေအထားကို အသေးစိတ်ကြည့်ပြီးသောအခါ ဟိုင်နန်က မေးခွန်းထုတ်လိုက်၏။

"ဒီမှာဆရာမကြီး ...ခင်ဗျားတို့ မာလဆောင်ကုန်းရဲ့

www.burmeseclassic.com

www.burmesesclassic.com



အနောက်ဘက်မှာ နတ်မဲရေကန်တစ်ခု ရှိတယ်မဟုတ်လား၊ အဲဒါဘာကြောင့် နတ်မဲကန်လို့ ခေါ်တာသိရဲ့လား ..."

"ဟုတ်ကဲ့ ...ဗိုလ်မှူးကြီး၊ အဲဒီအကြောင်းကို သိပါတယ်ရှင်၊ လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်တုန်းက နတ်မဲကန်ဟာ ကြည်လင်တဲ့ရေကန်တစ်ခုပါ၊ ဒါပေမယ့် ...လျှင်အကြီးအကျယ်လှုပ်တာနဲ့ ကန်ရေပြင်ဟာ မဲနက်သွားပါတယ်"

"အလို ...ကန်ရေပြင်ဟာ ဘယ့်နှယ်ကြောင့် မဲနက်သွားရတာလဲ၊ ဆက်ပြောပါဦး ..."

"ဟုတ်ကဲ့ရှင့် ...ဒီပြဿနာဟာ အပြင်ဘန်းကကြည့်ရင်တော့ ပဟေဠိဆန်ပါတယ်၊ မာလဆတောင်တန်းတစ်ဝိုက်မှာ ရေနံကြောတစ်ခုရှိပါတယ်၊ လျှင်လှုပ်တုန်းက မြေလွှာရှိုင့်ဝင်သွားတော့ ရေနံတွေဟာ ကန်ထဲကို ဝင်တော့တာပါပဲ"

"သြော် ...လက်စသတ်တော့ ရေနံကန်ကိုး ...၊ ဒါဆိုရင် ...အလွန်ကောင်းတဲ့ လောင်စာပေါ့"

ဟိုင်နန်သည် ခန်းအန်းမင်းကြီးဘက်သို့လှည့်၍ ပြောလိုက်လေ၏။

"မင်းကြီးခင်ဗျား ...ကျွန်တော်တို့ နီပေါတို့ကို ခက်ရာခက်ဆစ်တိုက်စရာမလိုတော့ဘူး၊ ကျွန်တော် အကြံတစ်ခုရတယ်၊ ခဲယမ်းလက်နက်မကုန်ဘဲ နီပေါတပ်ဖွဲ့တို့ အလိုအလျောက်ဆုတ်ခွာသွားရမယ်"



"အို ...တကယ်လား၊ ဒါဆိုရင်မင်းရဲ့အကြံတင်ပြစမ်းပါဦး"

ထိုအခါ ဟိုင်နန်က မြေပုံကို ထောင်ပြရင်း အကျယ်တဝင့်ရှင်းပြလိုက်သည်။

"ဒီလိုရှိတယ် မင်းကြီးရဲ့ ...၊ ဟောဒီရေနံကန်ဟာ မာလဆတောင်တန်းရဲ့အနောက်ဘက်မှာ တည်ရှိတယ်မဟုတ်လား၊ ကျွန်တော်တို့ ဟောဒီကနေ အမြောက်နဲ့ပစ်လိုက်ရင် ရေကန်ကို အမြောက်ကျည်ဆံထိတာနဲ့ မီးဟုန်းဟုန်းထတောက်မှာပဲ၊ မီးရှိန်ဟာ ထိန်းမနိုင်ဆည်းမရ ထတောက်ရင် သစ်တောကိုမီးလောင်ပြီး ရွှေလေးရှင်တို့တပ်ဖွဲ့ဟာ ထွက်မပြေးဘဲ မနေဝံ့ပါဘူး"

"မင်းအကြံမဆိုးဘူး၊ အမြောက်တပ်က ရေနံကန်ကို ချိန်ရွယ်ပြီး ပစ်ဖောက်နိုင်းလိုက်ကွာ"

စစ်ဦးစီး ခန်းအန်းမင်းကြီးသည် လက်ရွေးစင်တပ်သားသုံးသောင်းကျော်ကို ချက်ချင်းရွေးချယ်ပြီး အမြောက်ဆယ်လက်ကိုပါ တစ်ပါတည်း ယူဆောင်စေသည်။

ထို့နောက် မြေပုံညွှန်ပြထားသည့်အတိုင်း အမြောက်များကိုနေရာချသို့ တွန်းပို့၍ နတ်မဲကန်ကို အမြောက်ဖြင့် ပစ်ဖောက်ရန်အဆင်သင့် ပြင်ဆင်တော့သည်။

ထိုအချိန်တွင် ရွှေလေးရှင်မင်းသမီးက မာလဆတောင်တန်းကို ပထဝီအနေထားအလိုက် အနိုင်အမာစောင့်ကြပ်ရန် စီစဉ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆုတ်ခွာသည့်နေ့မှာပင် မြို့တော်ဘက်မှ ရိက္ခာပို့လိုက်သောကြောင့် စစ်သည်ဗိုလ်ပါရဲမက်များမှာ တအားတက်ရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြလေသည်။

ထိုနေ့နံနက်ခင်းတွင် ရွှေလေးရှင်မင်းသမီးက ဌာနချုပ်တွင် ငေါ့ကျင်းဖုန်းနှင့် အီလိနားတို့ကိုခေါ်ဆောင်၍ စစ်ရေးအခြေအနေကို ဆွေးနွေးညှိနှိုင်းသည်။

ထိုအချိန်မှာပင် အပြင်ဘက်မှ တဝုန်းဝုန်းအဆက်မပြတ်မြည်ဟီးနေသော အမြောက်သံကို ကြားလိုက်ရတော့သည်။

အမြောက်ကျည်ဆံသံများကို ကြားသည်နှင့် ရွှေလေးရှင်မင်းသမီးသည် အလန့်တကြားဖြစ်ကာ ဆိုလိုက်၏။

"အလို ...မန်ချူးဘက်က ဘယ့်နှယ်ကြောင့် အမြောက်ထုနေတာလဲ ...၊ သူတို့တိုက်ပြီလား၊ ဒါဆိုရင် ရှေ့တန်းက ကင်းသမားတွေက ဘာကြောင့် အစီရင်မခံတာလဲ"

သူ၏ အံ့ဩသံကို ကြားသောအခါ ငေါ့ကျင်းဖုန်းက ဖျောင်းဖျလေ၏။

"စိတ်မပူပါနဲ့ ...၊ မာလဆတောင်တန်းဆိုတာ အလွန်ကျယ်ပြန့်တဲ့နေရာပါ၊ ပြီးတော့ ...ကျုပ်တို့တပ်ကို နေရာအနှံ့ဖြန့်ထားတယ် မဟုတ်လား၊ အဲဒီတော့ ...မန်ချူးဘက် အမြောက်တစ်ရာနဲ့ထုလဲ အချည်းနှီးသာဖြစ်မှာပါ"

"အို ...ရှင်ပြောသလို မဟုတ်သေးဘူးရှင့်၊ ခန်းအန်းဟာ



ညှို့တဲ့လူစားတစ်ယောက် မဟုတ်ဘူးရှင့် ...၊ အဲဒီတော့ သူဟာ အမြောက်ကို အလကားပစ်ခတ်မှာ မဟုတ်ဘူး၊ ကျွန်မတို့အခြေအနေ ထွက်လေ့လာရအောင်"

ရွှေလေးရှင်မင်းသီးသည် ပြောပြောဆိုဆိုဖြင့် ထရပ်လိုက်၏။ သူမ မြင်းဓောင်းမှမြင်းကို ဆွဲထုတ်စဉ် ငေါ့ကျင်းဖုန်းနှင့် အီလိနားတို့လည်း ထက်ချပ်မကွာ လိုက်လာကြသည်။

သူတို့တစ်တွေ မြင်းကိုယ်စီဖြင့် တောင်ကုန်းကို ပြေးတက်လိုက်သောအခါ ခပ်လှမ်းလှမ်းတောင်ကုန်းပေါ်တွင် အလံတွေတလူလူ လွင့်နေသည်ကို လှမ်းမြင်ရ၏။

ထို့ပြင် ယမ်းငွေ့တလူလူကြားမှ မန်ချူးအမြောက်တပ်မှ အမြောက်ကျည်ဆံတို့သည် မာလဆတောင်ကုန်းကို ကျော်လွှားပြီး တောင်ကုန်းအနောက်ဘက်သို့ ကျရောက်သွားသည်ကို တွေ့ရ၏။

ထိုအဖြစ်ကိုမြင်သောအခါ အီလိနားက ရယ်၍ဆိုလိုက်လေသည်။

"ဟား ...ဟား ...ဟား ...မန်ချူးတွေဟာ လူပြိန်းတွေပဲရှင်၊ ကောင်းကင်ကိုချိန်ပြီး အမြောက်ပစ်တော့ ဘာအကျိုးရှိမှာလဲရှင်"

စကားမဆုံးမီမှာပင် အမြောက်မီးကျည်သုံးခုက သူတို့ရပ်နေရာသို့ ဦးတည်၍ ပျံဝဲလာသည်ကို တွေ့ရလေ၏။

ထိုအခါ ငေါ့ကျင်းဖုန်းသည် ချက်ချင်းအော်၍ သ[illegible]ပေးလိုက်၏။

www.burmeseclassic.com

www.burmesesclassic.com



"မြန်မြန်ဝပ်ချလိုက်၊ မန်ချူးနယ်ချဲ့သမားတွေ တို့ကိုချိန်ပြီး ပစ်ခတ်နေပြီ"

သူတို့တစ်တွေ ဝပ်လိုက်သည်နှင့် အမြောက်ကျည်ဆံများသည် မာလဆတောင်ကုန်း၏ အနောက်ဘက်သို့ ရောက်သွားသည်ကို တွေ့ရ၏။ တစ်ချိန်တည်းမှာပင် နီပေါစစ်သည်တစ်ဦးက အလန့်တကြားဖြင့် အော်လိုက်လေသည်။

"အမလေး ...လုပ်ကြပါဦး၊ ကျွန်တော်တို့ နတ်မဲကန်ကြီးကို မီးသင့်ပြီဗျ"

မုံစီလွန်သည် ထိတ်ထိတ်ပြာပြာဖြင့် လှမ်း၍ကြည့်လိုက်သည်။ ထိုအခါ နတ်မဲကန်၏ အနောက်ဘက်ထောင့်တစ်နေရာမှ မီးခိုးလုံးကြီးထလာသည်ကို တွေ့ရသည်။

ထိုအခါ အဘယ်ကြောင့် အမြောက်နှင့်ပစ်သည်ကို ရွှေလေးရှင် သဘောပေါက်သွားလေတော့သည်။

"အင်း ...ဒုက္ခတော့ရောက်ကုန်ပါပြီ၊ မန်ချူးနယ်ချဲ့သမားတို့ဟာ သစ်တောများ မီးလောင်အောင် နတ်မဲကန်ကို ချိန်ရွယ်ပြီး ပစ်နေတာရှင့်၊ အဲဒါ ကျွန်မတို့ဘက်က သစ္စာဖောက်ရှိတာဖြစ်ရမယ်၊ ဒီလောက် ရက်စက်ယုတ်မာတဲ့ အကြံရတာပေါ့ရှင်"

အတန်ကြာမှ နတ်မဲကန်မှ လောင်စာဖြစ်သော ရေနံတို့သည် တစ်မုဟုတ်ချင်း မီးရှိန်ဟပ်၍ တဟုန်းဟုန်းကျူးစက်လောင်ကျွမ်းနေတော့၏။



သစ်တောတစ်ခုလုံး မီးလောင်ပြင်ကြောင့် နီရဲသွားစဉ် မုံစီလွန်က အံကြိတ်၍ ယတိပြတ်ဆုံးဖြတ်လိုက်သည်။

"နောင်ကြီးငေါ်ကျင်းဖုန်း ...အခြေအနေမဟန်တော့ဘူးရှင်၊ ကျွန်မတို့တပ်ကို ချက်ချင်းဆုတ်ခွာနိုင်းမှ ဖြစ်မယ်"

မုံစီလွန်၏ ဆုံးဖြတ်ချက်ကို ကြားသောအခါ သုံးယောက်သားတောင်ကုန်းပေါ်မှ ပြေးဆင်း၍ နီပေါတပ်ဖွဲ့ကို နောက်ဆုတ်ရန် ချက်ချင်း အမိန့်ထုတ်ပြန်လိုက်သည်။

ယခုအချိန်တွင် မန်ချူးနယ်ချဲ့ကျူးကျော်သူတို့သည် မာလဆတောင်တန်းကို သိမ်းပိုက်လိုက်လေပြီ။

သို့သော် သူတို့တစ်တွေ သိမ်းပိုက်ရရှိသောအခါ မာလဆတောင်တန်းမှာ မီးအကြီးအကျယ်လောင်ကျွမ်းသောကြောင့် ပြောင်တလင်းဖြစ်နေလေပြီ။

နတ်မဲကန်မှ ရေနံများမှာ ကြောက်စရာကောင်းအောင် လောင်ကျွမ်းနေသောကြောင့် ပတ်ဝန်းကျင်ဧရိယာတွင် နေထိုင်ကြသော တောလိုက်မုဆိုးများနှင့် ဒေသခံတိုင်းရင်းသားတို့သည် လုံခြုံသောနေရာသို့ ထွက်ပြေးကုန်ကြတော့သည်။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၄)

## ဥပါယ်တမျဉ်

ဆချွန်မင်း၏ တပ်ဖွဲ့များသည် ရဲတိုက်ဆောက်လုပ်ပြီးသည်နှင့် မုံစီလွှန်သည် တပ်ဖွဲ့များကို ဦးဆောင်ပြီး ဆုတ်ခွာလာသည်ကို တွေ့ရသည်။

သူတို့သည် ဝါးတံတားကို ဖြန့်ခင်း၍ ဆုတ်ခွာလာသော တပ်သားများကို ဤမှာဘက်ကမ်းသို့ သယ်ယူကာ ခေါ်ဆောင်လာကြသည်။

သူတို့ချင်း ပြန်လည်ဆုံတွေ့သောအခါ ဖြစ်ပျက်သမျှကို အချင်းချင်း ဖလှယ်ရင်း သက်ပြင်းချ၍ တွေဝေငေးမောနေမိကြလေ၏။

ဆချွန်မင်းက ဒေါ်ယု၏ ပယောဂကြောင့် မင်းသမီးဒေစီလီ ရူးရသည့်အကြောင်း ပြန်လည်ပြောပြသည့်အပြင် ရက်စက်ယုတ်မာ



သော ဒေါ်ယုသည် မန်ချူးဘက်တွင် ခိုလှုံခွင့်တောင်းဆိုကြောင်းကိုပါတစ်ပါတည်း ရှင်းပြလိုက်သည်။ ထိုအကြောင်းကြားမှ မုံစီလွှန်သဘောပေါက်ပြီး ပြောကြားလေ၏။

"အို ...ဒါကြောင့် ဒီတစ်ခါ မန်ချူးစစ်ဆင်ရေး အလွန်ထူးဆန်းတာကိုး၊ နတ်မဲကန်ကို တည့်တည့်မတ်မတ် ပစ်နိုင်းတာ ဒေါ်ယုရဲ့ ပယောဂပါလိမ့်မယ်၊ တောက် ...ဒီမိန်းမယုတ်ဟာ မတော်လောဘကြောင့် တိုင်းပြည်တစ်ပြည်လုံးကို မန်ချူးလက်ထဲရောင်းစားနေပါလား"

"ညီမဝေဖန်တာ မှန်ပါတယ်ကွယ်၊ ဒေါ်ယုဟာ နီပေါနိုင်ငံရဲ့ ပထဝီအနေအထားကို ကျွမ်းကျင်လေတော့ ကျုပ်တို့ သူ့ကို တစ်နည်းနည်းနဲ့ ရှင်းပစ်မှ ဖြစ်မယ်"

ဆချွန်မင်း၏ အဆိုကိုကြားရသောအခါ မုံစီလွှန်က ခေတ္တတွေးတော၍ ဖြေလိုက်၏။

"ညီမမှာ အကြံကောင်းတစ်ခုတော့ရှိပါတယ်၊ ဒါပေမယ့် အဲဒီအကြံအတွက် လူတစ်ယောက်ရဲ့ အသက်ကို စတေးရလိမ့်မယ်"

"ကဲ ...မြန်မြန်ပြောစမ်းပါ ညီမရယ်၊ ဘယ်သူ့အသက်ကို ဆုံးရှုံးနိုင်းရမှာလဲ"

ထိုအခါ သတင်းပေါက်ကြားမည်စိုး၍ မုံစီလွှန်က ပန်းအိုးလုံးမှ ရေနွေးကြမ်းဖြင့် လက်ကိုရေတို့ကာ စားပွဲပေါ်တွင် ရေးပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အလို ...ဟို နန်မင်ကျူးကို အသက်စတေးခိုင်းတာလား၊ သူ့ကို အတွင်းသူလျှိုအဖြစ် ထားမယ့်သဘောပေါ့လေ"

"ဟုတ်ကဲ့ရှင့် ...၊ အသေအချာဝေဖန်သုံးသပ်ပြီးပါပြီ၊ ဒါယူဟာ မန်ချူးဘက်မှာ ခိုလှုံခွင့်တောင်းတဲ့နောက် ခန်းအန်းမင်းကြီးရဲ့ ယုံကြည်မှုကို ရရှိမှာပဲ၊ ကျင်းတောင်ညီနောင်တို့ဟာ ခန်းအန်းမင်းကြီးရဲ့ ညာလက်ရုံးဆိုတော့ သဝန်တိုမှာပဲ၊ အဲဒီတော့ ညီမတို့ဟာ ရန်သူရဲ့ပျော့ကွက်ကို အသုံးချရမယ်၊ ရွေးချယ်တဲ့လူကလဲ မန်ချူးတို့နဲ့ ရင်းနှီးပြီးသားလူ ဖြစ်ရမယ်၊ ဟိုနန်မင်ကျူးဒေဝီမှတစ်ပါး တခြား သင့်တော်မယ့်လူ မရှိပါဘူးရှင်"

"အင်း ...ညီမရဲ့ ရှင်းလင်းချက်က ခိုင်လုံပါပေတယ်"

မုံစီလွှန်၏ တိတိကျကျအကြံကို ကြားရသောအခါ ဆချွန်မင်သည် သူမ၏ အကြံကို လက်ခံရန်သာရှိလေ၏။

ဟိုနန်မင်ကျူးဒေဝီသည် မန်ချူးသေနာပတိ ဂျောက်ဖေ့၏ ချစ်ဇနီးပင်ဖြစ်တော့သည်။

ဆချွန်မင်သည် သူ၏အသက်သခင် ကျေးဇူးရှင်ဖြစ်သော ဟိုနန်မင်ကျူးကို မန်ချူးဘက်သို့ ပြန်ပို့ပါက သူတို့၏အကြံအစည် ထမြောက်အောင်မြင်ပေမည်။

သို့သော် သူမက ဆချွန်မင်အပေါ် သံယောဇဉ်ကြီးမားလွန်း၍ ညှိနေရာအထိ လိုက်လာခဲ့ခြင်းဖြစ်သည်။ ဆချွန်မင်အနေနှင့် သူမကို ရန်သူထံသို့ မအပ်ရက်ပေ။



ထိုအကြောင်းကို ပြန်ပြောင်းသတိရသောအခါ ဆချွန်မင် ချီတုံချတုံဖြစ်ရင်း ဆုံးဖြတ်ရခက်နေ၏။

"အို ...ဘယ့်နှယ်လဲအစ်ကို ...၊ ဟိုနန်မင်ကျူးကို ရန်သူ့လက် အအပ်ခက်နေသလား"

သူ၏တွေဝေနေသောအမူအရာကို မြင်ရသောအခါ မုံစီလွှန်က ခနဲ့ခနဲ့ဖြင့် စကားဆိုသည်။

"အို ...ဒီလိုမဟုတ်ပါဘူးညီမရယ်၊ သူက တို့အပေါ် ကျေးဇူးရှိတယ်မဟုတ်လား၊ ညီမ အဆိပ်သင့်တုန်းကလဲ သူပဲဝိုင်းပြီးကုပေးခဲ့တယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်အစ်ကို ...၊ ဒါပေမယ့် အဲဒါက ပုဂ္ဂိုလ်ရေးရာကျေးဇူးတွေပါ၊ အခုလိုအချိန်ခါမှာ ညီမတို့ရဲ့ တိုင်းရေးပြည်ရေး အခြေအနေကို အဓိကထား စဉ်းစားရမယ်၊ ညီမတို့သာ ဒီလိုမစီစဉ်ရင် ဟိုနန်မင်ကျူးဒေဝီလဲ ဒုက္ခဆင်းရဲခံရမှာပဲ၊ အဲဒီတော့ အသေအချာဝေဖန်ပြီး ဆုံးဖြတ်ချက်ချစေချင်တယ်"

မုံစီလွှန်က အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်သောအခါ ဆချွန်မင် လက်ခံရန်သာ ရှိတော့သည်။

ဆချွန်မင်၏ သဘောတူညီချက်ကို ရသည်နှင့် မုံစီလွှန်၏ ဝမ့်ကျင်းကြီးညီအစ်ကိုတို့ကို ခေါ်ပြီး သူမက တီးတိုးမှာကြားလိုက်သည်။

www.burmeseclassic.com

www.burmesesclassic.com



သူမ၏မှာကြားချက်အတိုင်း ဇွမ်ကျွင်းကြီးတို့ညီအစ်ကိုတို့သည် မြို့တော်သို့ နှင်သွားလေတော့သည်။

✱ ✱ ✱

နှစ်ရက်ခန့်ကြာသောအခါ ဆရျွန်မင်တို့၏ ဌာနချုပ်ရှေ့သို့ ဝေါယာဉ်တစ်စင်း ဆိုက်ရောက်လာ၏။

ဆရျွန်မင် အခေါ်လွှတ်လိုက်သောကြောင့် ဟိုနန်မင်ကျူးဒေဝီသည် အထိန်းတော်တစ်ယောက်ခေါ်ပြီး ရှေ့တန်းသို့ ရောက်လာသည်။

ဆရျွန်မင်နှင့် မုံစီလွန်တို့သည် သူမကို ကိုယ်တိုင်ထွက်၍ကြိုဆိုရင်း ဌာနချုပ်ထဲတွင် အခြားလူများကို ဖယ်ထုတ်၍ ခည့်ခံသည်။

နေရာထိုင်ခင်းပေးပြီးသည်နှင့် ဆရျွန်မင်က သူတို့၏အကြံကို တိုက်ရိုက်ပြောလိုက်သည်။

"ညီမလေး မင်ကျူး ... ၊ မနက်ဖြန်ကျရင် ညီမကို ဆင်ဖြူမြစ်ဟိုဘက်ကမ်းကိုပို့ဖို့ အစီအစဉ်တွေရှိတယ်၊ ညီမကို မန်ချူးဘက်ကို ပြန်ပို့မလို့"

မုံစီလွန်၏ ယူဆချက်ကား ဟိုနန်မင်ကျူးသည် ထိုစကားကို ကြားသည်နှင့် အလန့်တကြားဖြစ်သွားသည်။

သို့သော် လက်တွေ့ကျတော့ သူမက ရယ်မော၍ ဖြေလိုက်၏။



"ဟုတ်ကဲ့ရှင် ... ရှင်တို့ ကျွန်မကို ဟိုဘက်ကမ်းပို့မလို့လား၊ မပို့မီမှာ ကျွန်မအတွက် အဆိပ်ပုလင်းတစ်ခု ရှာပေးခဲ့ရမယ်"

ထိုစကားကြားရသောအခါ ဆရျွန်မင်မှာ တွေဝေရင်း ကြက်သေသေမိပေသည်။

သို့သော် မုံစီလွန်က ရယ်သွမ်းသွေး၍ ပြေလိုက်၏။

"အင်း ... ညီမ အဆိပ်လိုချင်ရင် မမပေးပါ့မယ်၊ ဒါပေမယ့် မမပေးတဲ့အဆိပ်က အရိပ်သဏ္ဍာန်မရှိဘူး၊ ညီမ ... မန်ချူးဘက်ကို ပြန်ရောက်ရင် လူယုတ်မာတစ်ဦးကို လုပ်ကြံရလိမ့်မယ်၊ အဲဒီလူသာ သေရင်တော့ မမတို့စစ်ဆင်ရေး အခြေအနေဟာ ရှုံးရာမှ အနိုင်ပြန်ပေါ်မှာပဲ"

မုံစီလွန်သည် ပြောဆိုရင်းက သူမ၏နံဘေးသို့ကပ်၍ အစီအစဉ်ကို တီးတိုးပြောဆိုလိုက်သည်။

သူမ၏အမူအရာကို ဆရျွန်မင် ရင်တထိတ်ထိတ်ဖြင့် လေ့လာအကဲခတ်မိလေသည်။

မုံစီလွန်မှာကြားချက်ကို ကြားပြီးသည်နှင့် ဟိုနန်မင်ကျူးသည် မျက်နှာဖြူလျော်ရင်းက ခေါင်းညိတ်၍ အဖြေပေးလိုက်သည်။

"ကောင်းပါပြီရှင် ... မမစိတ်ချနေပါ၊ တိုင်းပြည်နဲ့လူမျိုးအတွက် ဆိုရင် ကျွန်မ အသက်တစ်ချောင်းကို စတေးဖို့ ဝန်မလေးပါဘူး"

သူမ၏ မြင့်မြတ်သော စိတ်ထားကို ဆရျွန်မင်က မချီးကျူးဘဲ

www.burmeseclassic.com

www.burmesesclassic.com



မနေနိုင်တော့ပေ။ သို့ဖြစ်၍ ဝမ်းနည်းဝမ်းသာဖြင့် ကြားဝင်ကာ အားပေးလိုက်၏။

"အင်း ... ညီမလေးဟာ အားနွဲ့တဲ့ မိန်းမသားဖြစ်ပေမယ့် စံတင်ထိုက်တဲ့ သူရဲကောင်းကြီးဖြစ်နေပါပြီ ညီမရယ်"

သာနမ်အချိန်ဆိုရင် မုံစီလွန်က သူမ၏ချစ်သူ ဆရှုန်မင်ကို ခွင့်လွှတ်မည်မဟုတ်ပေ။

သို့သော် ဟိုနန်မင်ကျူးဒေဝီက အခုလိုတိုင်းပြည်နှင့်လူမျိုး အတွက် သက်စွန့်ဆံဖျား ထမ်းဆောင်သောအခါ သူမက သဘောထား ကြီးစွာဖြင့် ရယ်မော၍ ခွင့်ပြုလိုက်၏။

"ကောင်းပါပြီတဲ့ရှင် ...၊ မနက်ဖြန်ကျရင် ညီမကို အစ်ကို ဆရှုန်မင်ကိုယ်တိုင် ပို့ပေးလိုက်ပါ"

✻ ✻ ✻

မိုးသားတိမ်လိပ်ကင်းစင်သောနေ့တစ်နေ့ပင် ဖြစ်ပါသည်။ တပ်ကြပ်ကြီးတစ်ဦးနှင့် နီပေါစစ်သည်ငါးဦးတို့ကို ခြံရံစေပြီး ဆရှုန်မင် မှာ ဟိုနန်မင်ကျူးဒေဝီကို ဆင်ဖြူမြင်ဟိုဘက်ကမ်းသို့ ကိုယ်တိုင် ပို့ဆောင် နှုတ်ဆက်ရသည်။

ဟိုမှာဘက်ကမ်းသို့ ရောက်သောအခါ ဆရှုန်မင်က ဝမ်းနည်း ကြေကွဲရင်း နှုတ်ဆက်လိုက်၏။

"ညီမလေး ... အစစအရာရာ ဂရုစိုက်ပါ"



ထိုအခါ ဟိုနန်မင်ကျူးဒေဝီက ဝေါယာဉ်ရထားမှ သူမ၏ ဖြူဖွေးသွယ်လျသော လက်မောင်းကို ဆန့်ထုတ်၍ ဆရှုန်မင်၏ လက်ဖဝါးကို တင်းကြပ်စွာကိုင်ရင်း ကြေကွဲစွာပြောလေ၏။

"သွားတော့မယ် အစ်ကိုဆရှုန်မင်ရယ်၊ ညီမရဲ့ ဘဝအကျိုးပေး ကိုက နံ့ချာလွန်းပါတယ်၊ အစ်ကိုဆရှုန်မင်တို့ ဇနီးမောင်နှံ ရာသက်ပန် ပေါင်းရပါစေလို့ ဆုတောင်းပါတယ်ကွယ် ..."

သူမ၏ နှုတ်ဆက်သံကိုကြားရသောအခါ ဆရှုန်မင်မှာ ရင်မွှင့် မတတ် ခံစားခဲ့ရသည်။

သူသည် ခေတ္တတွေဝေရင်း သူမအတွက် နှမျောတသမှုဖြစ် ပေါ်လာကာ သဘောထား ချက်ချင်းပြောင်းသွားသည်။

"ညီမလေး ... ဟိုဘက်ကို မသွားနဲ့တော့ကွယ် ...၊ လာ ... အစ်ကိုနဲ့ ဟိုဘက်ကမ်း ပြန်လိုက်ခဲ့"

"အလို ... မဟုတ်တာ အစ်ကိုရယ်၊ မုံစီလွန်ကို ညီမ ကတိပေး ပြီးပြီရှင့်၊ အဲဒီတော့ ကတိမဖျက်ပါရစေနဲ့"

သူမသည် လက်ဖဝါးနုနုကို ပြန်ရုပ်ရင်း ခရီးနှင်ရန် ချက်ချင်း အမိန့်ပေးလိုက်၏။

ဆရှုန်မင်မှာ စိတ်မကောင်းပေ။ သူသည် သက်ပြင်းချရင်း လက်မှိုင်ချကာ ဆင်ဖြူမြင် ဟိုမှာဘက်ကမ်းသို့ ထိုင်းမှိုင်းစွာ ပြန် သွားလေတော့သည်။

✻ ✻ ✻

www.burmeseclassic.com

www.burmesesclassic.com



မန်ခ ုကျူးကျော်ရေးသမားတို့သည် နတ်မဲကန်မှရေနံများကို မီးရှို့ပြီး ရှေ့သို့ တဆင့်ပြီးတစ်ဆင့် ချီတက်လာသည်။ ဆင်ဖြူမြင်နှင့် မြောက်ဘက် မိုင်ပေါင်း နှစ်ဆယ်ကျော်အကွာတွင် တပ်ဖွဲ့များကို စတည်းချနေထိုင်ခဲ့၏။

ခန်းအန်းမင်းကြီးသည် ရန်သူ၏ သတင်းအစနကို စနည်းနာရန် ကင်းထောက်သမားများ စေလွှတ်ရင်း ၎င်းကိုယ်တိုင် ဌာနချုပ်ထဲတွင် ဟိုင်နန်နှင့် ဗျူဟာနည်းများ ညှိနှိုင်းဆွေးနွေးနေသည်။

၎င်းအချိန်မှာပင် အစောင့်ကစ်ဦးက လာရောက် သတင်းပို့၏။

"အရှင်မင်းကြီး ... ဟိုနန်မင်ကျူးဒေဝီနဲ့ သူ၏အိမ်ဖော်ပြန်လာပြီဗျ ...၊ သူမနဲ့ တစ်ပါတည်း တီပေါစစ်သည်များ ငါးယောက်ပါလာတယ် ..."

"အို ... သေချာရဲ့လားကွာ ...၊ သူတို့တစ်တွေ ဘယ့်နှယ်ကြောင့် ပြန်လာနိုင်တာလဲ ..."

ဟိုနန်မင်ကျူးဒေဝီသည် တိုက်ပွဲဖြစ်ပွားစဉ်ကပင် ရန်သူဆီသို့ ကျရောက်ခဲ့သည်မှာ နှစ်နှစ်ရှိနေချေပြီ။

ယခုလို ရုတ်တရက်ပြန်လာသည့်သတင်းကို ကြားရသောအခါ ခန်းအန်းမင်းကြီး ယုံမှားသံသယဖြစ်ရင်း ပြန်မေးမိ၏။

"တကယ်ပြန်လာတာပါအရှင်မင်းကြီး၊ ဟိုနန်မင်ကျူးဒေဝီကို ကျွန်တော်တို့ သိကျွမ်းပါတယ်၊ ပြီးတော့ နေ့ခင်းဘက်ဆိုတော့ လူမှားစရာအကြောင်းမရှိပါဘူး"



"ကောင်းပြီလေ ...၊ ကျုပ်ကိုယ်တိုင် ထွက်ကြိုရမှာပေါ့"

ထိုအခိုက် ဟိုနန်မင်ကျူးဒေဝီကို တင်ဆောင်လာသောယာဉ်မှာ ဌာနချုပ်၏ အပြင်ဘက်သို့ ရောက်ရှိနေလေပြီ။

ခန်းအန်းကြီးသည် အနားသို့ တိုးကပ်သွားရင်းက ကြိုဆိုနှုတ်ဆက်လိုက်၏။

"အို ...ဟိုနန်မင်ကျူးဒေဝီပါလား၊ ကျုပ်ရဲ့ ပေါ့လျော့မှုကြောင့် ခင်ဗျား ရန်သူလက်ထဲ ကျရောက်သွားတာကို စိတ်မကောင်းပါဘူး၊ အခုလို ကျန်းကျန်းမာမာနဲ့ ပြန်လည်တွေ့ဆုံရတာဟာ ဗိုလ်ချုပ်ကြီးရဲ့ ကုသိုလ် ထူးလို့ပေါ့ဗျာ"

"ဟုတ်ကဲ့ရှင်၊ ကျွန်မ သေဘေးမှ လွတ်မြောက်နိုင်တာဟာ ကျွန်မနဲ့ တစ်ပါတည်းလိုက်လာတဲ့ နီပေါစစ်သည်တို့ရဲ့ ကျေးဇူးမကင်းပါဘူး၊ သူတို့တစ်တွေဟာ ကျွန်မဆီမှာ ခိုလှုံအမှုထမ်းလိုတယ်ဆိုတော့ ကျွန်မ တစ်ပါတည်း ခေါ်ဆောင်ခဲ့ပါတယ်၊ အရှင်မင်းကြီး သူတို့ကို လိုရာခိုင်းနိုင်ပါတယ်"

"ကောင်းပါပြီ၊ ဒါဖြင့် ဧည့်ခန်းထဲကျမှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

ခန်းအန်းမင်းကြီးသည် ရှေ့မှဦးဆောင်၍ ဟိုနန်မင်ကျူးဒေဝီကို ဧည့်ခန်းသို့ ခေါ်ဆောင်သွားတော့သည်။

ကုလားထိုင်ပေါ်တွင် ကိုယ်စီထိုင်ကြပြီးသည်နှင့် ခန်းအန်းမင်း

www.burmeseclassic.com

www.burmesesclassic.com



ကြီးက လွှန်ခဲ့သောနှစ်များက မည်ကဲ့သို့နေထိုင်ကြောင်းနှင့် ထွက်ပြေးလွတ်မြောက်လာသော အဖြစ်ကို မေးမြန်းတော့သည်။

ဟိုနန်မင်ကျူးဒေဝီသည် ရွှေလေးရှင်မင်းသမီး၏ မှာကြားချက်အရ ကြိုတင်စီစဉ်ထားသည့်အတိုင်း ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မဟာ သူတို့လက်တွင်းကို ကျရောက်ပေမယ့် သူတို့တစ်တွေဟာ ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံပါဘူး၊ ကျွန်မကို နန်းတော်ထဲမှာပဲ နေရာထိုင်ခင်း စီစဉ်ပေးပါတယ်"

သူမသည် ပြောဆိုရင်းက နီပေါနန်းတွင်းပုန်ကန်မှုကို အကျယ်တဝင့် ရှင်းပြရင်း စုဆောင်းထားသော ရွှေငွေရတနာတို့ဖြင့် နီပေါကိုယ်ရံတော်တပ်သားကို လာဘ်ထိုးပြီး ထွက်ပြေးလွတ်မြောက်လာကြောင်း ရှင်းလင်းပြလေ၏။

ထိုနောက် ခန်းအန်းမင်းကြီးက ညှို့ခံပွဲကျင်းပပြီး ဟိုနန်မင်ကျူးကို ညှို့ဝတ်ပြုကြိုဆိုလေ၏။

နာရီဝက်ခန့်စားသောက်ပြီး ဟိုနန်မင်ကျူးမှာ အရက်ဆက်မသောက်နိုင်ကြောင်း ဆင်ခြေပေးပြီး နှုတ်ဆက်၍ အနောက်ဘက်သီးသန့်အခန်းသို့ ပြန်သွားသည်။

သို့သော် ဟိုနန်မင်ကျူးဒေဝီ ပြန်သွားသည်နှင့် ခန်းအန်းမင်းကြီးက အမိန့်တော်နှစ်ရပ် ချက်ချင်း ထုတ်ပြန်လိုက်သည်။

ပထမအမိန့်တော်ကား သူမနှင့်တစ်ပါတည်း ပါလာသော နီပေါစစ်သည်တို့ကို ကွပ်မျက်စေပြီး ဒုတိယအမိန့်မှာ ဟိုနန်မင်ကျူး



ကို နောက်တန်းဖြစ်သော တိဘက်ပြည်နယ်သို့ ချက်ချင်းပို့ရန်ပင်ဖြစ်သည်။

ခန်းအန်းမင်းကြီးသည် ဝါရင့်စစ်သေနာပတိဖြစ်၏။ ဟိုနန်မင်ကျူးသည် တန်ပြန်သူလျှိုလုပ် ဆောင်ရွက်မည်စိုးသောကြောင့် ထိုကဲ့သို့ အမိန့်ထုတ်ပြန်လိုက်ခြင်းပင်တည်း။

သို့သော် ညဘက်ရောက်သည်နှင့် ဟိုနန်မင်ကျူးမှာ အိမ်ဖော်ကို စေလွှတ်၍ ခန်းအန်းမင်းကြီးအား ဖိတ်ခေါ်လိုက်သည်။

"အရှင်မင်းကြီး၊ သခင်မလေးဟာ အရေးတကြီးကိစ္စ တင်ပြစရာရှိလို့ ခေါ်ကြပါတဲ့"

"အို ... ဘယ့်နှယ်ကြောင့် သူ့ဆီသွားရမှာလဲ၊ ဒီမှာတင်ပြောလဲပြီးတာပဲ မဟုတ်လား"

"မဟုတ်ဘူးရှင့်၊ ဟိုနန်မင်ကျူးဒေဝီဟာ နန်းတွင်းကနေ အထူး လျှို့ဝှက်တဲ့ သတင်း ကြားရလို့ ခန်းအန်းမင်းကြီးတစ်ယောက်တည်းကိုသာ အစီရင်ခံမှာပါ"

"ကောင်းပြီလေ၊ အခုချက်ချင်း လိုက်ခဲ့မယ်လို့ ပြောလိုက်ပါ"

ခန်းအန်းမင်းကြီးသည် လုံခြုံရေးအတွက်စိတ်ချရန် အလို့ငှာ ကျင်းတောင်ညီနောင်နှစ်ဖော်ကို ချက်ချင်း အခေါ်လွှတ်လိုက်၏။

သူတို့နှစ်ယောက် ရောက်လာသည်နှင့် ခန်းအန်းမင်းကြီးက တိတ်တဆိတ် မှာကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့…မင်းတို့နှစ်ယောက် ငါနဲ့ ဟိုနန်မင်ကျူးဒေဝီရဲ့ အဆောင်ကို လိုက်ခဲ့ကွာ၊ တို့ချင်းဆွေးနွေးတဲ့အခါ မင်းတို့နှစ်ယောက် အပြင်ကနေ လုံခြုံရေးတာဝန်ယူပေါ့"

ထိုသို့ အစီအစဉ်များပြုလုပ်ပြီးသည်နှင့် ခန်းအန်းမင်းကြီးက ဟိုနန်မင်ကျူး တည်းခိုရာသို့ တိုက်ရိုက်ဝင်သွား၍ မေးလိုက်သည်။

"အခေါ်လွှတ်လိုက်လို့ လာခဲ့ပါပြီ၊ ဘယ်လို အရေးပါတဲ့ သတင်းမျိုးလဲ၊ ပြောစမ်းပါဦး"

ထိုအခိုက်တွင် ဟိုနန်မင်ကျူးဒေဝီက ကုလားထိုင်ပေါ်တွင် ထိုင်၍ ဆင်စွယ်ဘီးဖြင့် ဖြည်းညင်းစွာ ဖီးနေသည်။

ခန်းအန်းမင်းကြီးကိုတွေ့သောအခါ သူမက ရယ်မော၍ ဖြေလိုက်၏။

"ဟဲ… ဟဲ… ဟဲ… အရှင်မင်းကြီး သိပ်သိချင်နေသလား၊ ကျွန်မ သိရသလောက်တော့ နီပေါနိုင်ငံက အကြံပေးပုဂ္ဂိုလ် ဆရာမကြီး ဒေါ်ယုဟာ လူကောင်းမဟုတ်ဘူးရှင့်"

ခန်းအန်းမင်းကြီးမှာ ထိတ်ခနဲ ဖြစ်သွားလေ၏။ သို့သော် အပြင်ပန်းမှာ ဘာမှမဖြစ်သလို အမူအရာဖြင့် ပြန်မေးလိုက်သည်။

"အလို…သူမဟာ လူကောင်း မဟုတ်ဘူးလား၊ ဒါပေမယ့် အကြောင်းမဟုတ်ပါဘူးကွယ်၊ သူက တို့ဆီမှာ အညွှန်ခံပြီး သစ္စာရှိရှိနဲ့ အမှုထမ်းရင် သူ့ကိုခွင့်လွှတ်ရမှာပါ၊ တကယ်တော့လဲ သူ လွှတ်လွှတ်လပ်လပ် မလှုပ်ရှားရပါဘူး"



"အို…ဒီလို မဟုတ်ဘူးရှင့်၊ ဆရာဒေါ်ယုဟာ ရွှေလေးရှင် မင်းသမီးက လွှတ်လိုက်တဲ့ သူလျှိုပါ"

"ဟား…ဟား…ဟား…မဖြစ်နိုင်ဘူးကွယ့်၊ တစ်မြန်နေ့က တို့နတ်မဲ့ကန်ကို တိုက်ခိုက်ပြီး အောင်ပွဲခံခဲ့တာဟာ သူမရဲ့ အကြံအစည်ပဲကွယ့်"

ဟိုနန်မင်ကျူးဒေဝီသည် ရွှေလေးရှင်မင်းသမီး မှာကြားသည့်အတိုင်း ပြောဆိုခဲ့သော်လည်း မင်းကြီးမှာ ဆရာမကြီး ဒေါ်ယုကို ယုံကြည်မြဲ ယုံကြည်နေသည်။

သို့သော် ဟိုနန်မင်ကျူးက မေးလိုက်လေ၏။

"ဟဲ… ဟဲ… ဟဲ… အဲဒါဟာ ရွှေလေးရှင် မင်းသမီးရဲ့ အကြံအစည်ပေါ့ရှင်၊ ပထမတစ်ချီမှာ မင်းကြီးတို့ကို အောင်ပွဲခံနိုင်အောင် စွမ်းဆောင်နိုင်မှ အယုံသွင်းနိုင်မှာပေါ့၊ ကဲ…အရှင်မင်းကြီး မယုံရင် ကျွန်မ တစ်ခုမေးမယ်၊ ဆရာမဒေါ်ယု ထွက်ပြေးလာတဲ့အခါမှာ မြေပုံတစ်ချပ်ကို ဆက်သခဲ့တယ် မဟုတ်လား"

"အို…သိပ်ဟုတ်တာပေါ့၊ အဲဒါ မင်း ဘယ်လိုသိတာလဲ"

"ကိစ္စက ဒီလိုရှင့်၊ နန်းရင်းဝန်ဟာရန်ရဲ့ ပုန်ကန်မှုဟာ ဘူးပေါ်သလို ပေါ်သွားတဲ့အခါ ဆရွှန်မင်တို့လူသိုက် ရှုံ့ရှုံ့ချုံ့ချုံ့ တိုက်ခိုက်တာနဲ့ ဟာရန်ဟာ သူတို့လက်ချက်ကြောင့် အသက်ပျောက်သွားရှာတယ်၊ အဲဒီနောက်ပိုင်းမှာ သိုင်းပညာရှင်ဖြစ်တဲ့ လီစွမ်းဝေတို့ ဝိုင်းရဲ့ တိုက်ခိုက်ကြပြီး သူမကို လက်ရဖမ်းဆီးနိုင်ခဲ့ပါတယ်၊ အဲဒီ

www.burmeseclassic.com

www.burmesesclassic.com



အချိန်မှာ ဆရာမ ဒေါ်ယု အသက်ချမ်းသာခွင့်ရဖို့ အညှဲခံပြီး တောင်းပန်တိုးလျှိုးခဲ့ပါတယ်၊ ဆရှုန်မင်တို့လဲ ခွင့်ပြုလိုက်ပါတယ်၊ ဒါပေမယ့် နောက်ပိုင်းမှာ သူတို့ချင်း အပေးအယူလုပ်ကြတယ်"

ခန်းအန်းမင်းကြီးသည် ပထမတွင် မယုံကြည်ပေ။ သို့သော် ဟိုနန်မင်ကျူးက အကျိုးသင့် အကြောင်းသင့် ပြည့်ပြည့်စုံစုံ အထစ်အငေါ့မရှိအောင် ပြောပြသောအခါ ခန်းအန်းမင်းကြီး မယုံဘဲ မနေနိုင်တော့ပေ။

သို့ဖြစ်၍ ခန်းအန်းမင်းကြီးက လက်အစုံကို နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေ၏။

ထိုအခိုက်မှာပင် လေတိုးသံနှင့်အတူ ခန်းဆီးကိုလှန်ရင်း အခန်းထဲသို့ လူရိပ်နှစ်ခု ဘွားခနဲ ပေါ်လာတော့၏။

ခန်းအန်းမင်းကြီးသည် သူ့ကို လုပ်ကြံမည်ထင်မှတ်၍ နောက်သို့ ကပျာကယာ ဆုတ်ခွာလိုက်သည်။

သို့သော် ဝင်လာသူကား သူ၏ ညာလက်ရုံးဖြစ်သော ကျင်းတောင် ညီနောင်နှစ်ဖော်တို့ ဖြစ်သည်။

"ဟော့ မင်းတို့ ဘာကြောင့် အထဲကို ဝင်ခဲ့ရတာလဲ"

ခန်းအန်းမင်းကြီး ဒေါသဖြင့် မာန်မဲလိုက်၏။

ထိုအခါ ဟူးရန်ထိုက ဂါရဝပြု၍ ဖြေကြားလိုက်၏။

"အရှင်မင်းကြီး၊ ဟိုနန်မင်ကျူးဒေဝီ ပြောတာ မှန်ပါတယ်၊



အခုရောက်လာတဲ့ ဆရာမ ဒေါ်ယုဟာ ယခင်က သူလျှိုလုပ်ခဲ့တဲ့ ဟုန်စန်းနဲ့ တစ်တန်းတစ်စားတည်းပါပဲ"

"အို...မင်းတို့က ဘယ်လို ထူးခြားချက်တွေ့လို့ သူ့ကို သူလျှိုလို့ ယူဆတာလဲကွ"

သို့ဖြစ်၍ သူတို့ရာထူးလာလှသော ဒေါ်ယုကို ကျင်းတောင် ညီနောင်နှစ်ဖော်က မကျေမချမ်း ဖြစ်မိကြသည်။

"အရှင်မင်းကြီး၊ ကျွန်တော်တို့ ညီနောင်နှစ်ဖော်ကို ဌာနချုပ် လုံခြုံရေးအတွက် တာဝန်ချထားတယ် မဟုတ်လား၊ အခု ရက်ပိုင်းရဲ့ ညဘက်မှာတော့ ညဝတ်ရုံနဲ့ သိုင်းပညာရှင်တွေ လှုပ်ရှားသွားလာတာ တွေ့ရတယ်၊ သူသာ သူလျှိုမဟုတ်ရင် ညဥ့်နက်သန်းခေါင်အချိန်မှာ အပြင်ဘက်ကို ခိုးထွက်စရာ အကြောင်းမရှိပါဘူး၊ နောက်တစ်ချက်က သူမ တည်းခိုရာ ဧည့်ရိပ်သာမှာ ပိတ်စတွေ အမှတ်အသားတွေ များစွာ ချိတ်ဆွဲရေးခြစ်ထားတယ်ဗျ"

ခန်းအန်းမင်းကြီးသည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေသည်။ သို့ရာတွင် ကျင်းတောင်ညီနောင်နှစ်ဖော်တို့၏ ထောက်ခံပြောဆိုချက်ကို ကြားရသောအခါ လုံးဝ ယုံကြည်လေတော့သည်။

ခန်းအန်းမင်းကြီး တီးတိုးရေရွတ်လေ၏။

"အင်း...ဒေါ်ယုကို မယုံရဘူး"

ရွှေလေးရှင် မင်းသမီးတို့၏ ပရိယာယ် အောင်မြင်လေပြီ။

သို့သော် တကယ်တမ်း၌ ဆရာမကြီးဒေါ်ယုမှာ သိုင်းပညာ

www.burmeseclassic.com

www.burmesesclassic.com



လှေကျင့်ရန်အလို့ငှာ လူခြေ တိတ်ဆိတ်သော အခါကျမှ တစ်ယောက်တည်း ခေါ်ထွက်၍ တိတ်တဆိတ် လှေကျင့်ခြင်းသာ ဖြစ်သည်။

ထိုအခါ ခန်းအန်းမင်းကြီးက ဟိုနန်မင်ကျူး၏ တင်ပြချက်ကို လုံးဝ ယုံကြည်သွား၍ နှုတ်ဆက်လိုက်သည်။

"ကျေးဇူးပါပဲ ဟိုနန်မင်ကျူးခေဝီ၊ ကျုပ်တို့ကို ပြန်ခွင့်ပြုပါဦး၊ ကဲ...မင်းတို့နှစ်ယောက် ငါ့ရဲ့ ဌာနချုပ်ကို ပြန်လိုက်ခဲ့ကွာ၊ တို့ချင်း အသေးစိတ် ဆွေးနွေးရဦးမယ်"

ဟိုနန်မင်ကျူးသည် သူမ၏ ပရိယာယ် အောင်မြင်သွားပြီကို သိရှိလိုက်လေ၏။

✱ ✱ ✱

## အခန်း(၆၅)

## ရန်သူအားသုတ်သင်ခြင်း

ခန်းအန်းမင်းကြီး၏ ဌာနချုပ်။

နံနက်ခင်း ခန်းအန်းမင်းကြီး ဌာနချုပ်ဟွင် ရုံးထိုင်လိုက်သည်နှင့် ဆရာမကြီး ဒေါ်ယုဝင်လာသည်။ သူမသည် မင်းကြီးကို ဂါရဝပြု၍ နှုတ်ဆက်လိုက်သည်။

"အရှင်မင်းကြီး၊ ကျွန်မတို့ မာလဆာတောင်တန်းကို ကျော်ဖြတ်ပြီးတာနဲ့ ဆင်ဖြူမြစ်ရှိရာကို ရောက်မယ်ရှင့်၊ ဆင်ဖြူမြစ်ကို ကျော်နိုင်ခဲ့ရင် နန်းတော်ရှိရာ မြို့တော်ကို ရောက်လုလု ဖြစ်နေပြီ၊ နီပေါဘက်က ဆင်ဖြူမြစ်ကလွဲရင် အနိုင်အမ- စောင့်ကြပ်ဖို့ အခြားပထဝီအနေအထား ကောင်းတဲ့ နေရာဒေသမရှိတော့ဘူးရှင့်"

"ဪ...ဟုတ်လား၊ ဒါဖြင့် ကျုပ်တို့ ချီတက်မယ့်စစ်ကြောင်းဟာ ဘယ်နေရာကနေ ထိုးဖောက်ရင် ကောင်းမလဲ"

"အို...ဒီမေးခွန်းမျိုး မေးစရာမလိုပါဘူးရှင့်၊ ဆင်ဖြူမြစ်ကို

www.burmeseclassic.com

www.burmesesclassic.com



ကျော်ဖြတ်လိုက်ရင် ဟိုဘက်ကမ်းမှာရှိတဲ့ ခြသေ့်တောင်ဆိုတာ ရှိပါတယ်၊ အဲဒီကနေ တိုက်စစ်ဆင်နွဲရင် နီပေါစစ်သည်တွေကို အလွယ်တကူ ဖြိုခွင်းနိုင်မှာပါ"

ဆရာမကြီး ဒေါ်ယုက ခန်းအန်းမင်းကြီးသည် ၎င်းအပေါ် သံသယရှိမှန်း မသိပေ။ သို့ဖြစ်၍ သူမ ကြံစည်ထားသည့်အတိုင်း တင်ပြအစီရင်ခံလိုက်သည်။

သို့သော် သူမ တင်ပြလိုက်သည့်အကြံကား ရွှေလေးရှင်မင်းသမီးတို့ အယုံသွင်းထားသော အစီအစဉ်နှင့် တိုက်ဆိုင်နေ၏။

သို့ဖြစ်၍ ခန်းအန်းမင်းကြီးက ရယ်သွမ်းသွေး၍ ဖြေလိုက်၏။

"ဟား ...ဟား ...ဟား ...ခင်ဗျားအကြံ မဆိုးပါဘူး၊ဒါပေမယ့် ရန်သူ့ဘက်ကသာ ဟိုဘက်ကမ်းမှာ ကင်းပုန်းတွေ ချထားရင် ကျုပ်တို့ ဘယ့်နှယ်းလုပ်မလဲ"

"အို ...အရှင်မင်းကြီးရယ်၊ ဒါက စိုးရိမ်စရာ မလိုပါဘူး၊ သူတို့က ကင်းပုန်းတွေချထားသည့်တိုင် ကျွန်မတို့ဘက်က ကမ်းနှုတ်ခမ်းမှာ အမြောက် ဆယ်လက်ကျော် ချထားလိုက်ရင် နီပေါစစ်သည်တွေ ပြေးစရာ မြေမရှိပါဘူး"

"ကောင်းပြီလေ၊ ခင်ဗျားအကြံ ကောင်းပါတယ်၊ ဒါဖြင့် အခု ညမှာ ကျုပ်လက်ရွေးစင်စစ်သည် တစ်ထောင်ကို မင်းလက်ထဲ အပ်လိုက်မယ်၊ သူတို့ကို မင်း ဦးစီးပြီး ဆင်ဖြူမြစ်စစ်ကြောင်းကို ဖောက်ပေတော့"



ထိုမိန့်ကြားချက်ကိုကြားသောအခါ ဆရာမကြီးဒေါ်ယုသည် အလန့်တကြားဖြစ်၍ စောဒကတက်လိုက်၏။

"အလို ...စစ်သည်တစ်ထောင်ဟာ မနည်းလွန်းဘူးလားရှင်၊ ဟိုဘက်ကမ်း ရောက်နိုင်ရင်လဲ ဘာမှ စွမ်းဆောင်နိုင်မှာမဟုတ်ပါဘူး"

"ဟား ...ဟား ...ဟား ...လက်ရွေးစင် စစ်သည်ဆိုတာ များဖို့ မလိုပါဘူး၊ ပြီးတော့ မင်းနဲ့အတူ ကျုပ်အားအကိုးရဆုံး ဗိုလ်မှူးတွေဖြစ်တဲ့ ကျင်းတောင်ညီနောင်ပါ ထည့်ပေးလိုက်မှာပါ၊ မင်းတို့ ဆင်ဖြူမြစ်ကို ထိုးဖောက်ဝင်ရောက်တာနဲ့ ကျုပ် နောက်တန်းကနေ စစ်ကူ ပို့ပေးပါမှာ"

ဆရာမကြီးဒေါ်ယုသည် ဟိုနန်မင်ကျူးဒေဝီ၏ တန်ပြန်သူလျှိုလုပ်ကြံမှုကြီး ထမြောက်အောင်မြင်မှန်း မသိသေးချေ။

သို့အတွက်ကြောင့် ဘာသိဘာသာ ဟန်ဖြင့် ပြန်ဖြေလိုက်၏။

"ဟုတ်ကဲ့ရှင့်၊ ဒါဖြင့် အမိန့်တော်အတိုင်း ကျွန်မ အခုညမှာ စစ်သည်တော်တွေကို ဦးစီးပြီး ဟိုဘက်ကမ်းကို ထိုးဖောက်ပါမယ်ရှင်"

ဆရာမကြီးဒေါ်ယု ပြန်သွားသည်နှင့် ခန်းအန်းမင်းကြီးက ကျင်းတောင်ညီနောင်ကို မျက်စိမှိတ်၍ အချက်ပြလိုက်၏။

တစ်ယောက်က ဆရာမကြီးဒေါ်ယုနောက်ကို နောက်ယောင်ခံလိုက်သွားပြီး ကျန်တစ်ယောက်မှာ ခန်းအန်းမင်းကြီး၏ လမ်းညွှန်ကြားချက်အတိုင်း အာရုံစူးစိုက်၍ နားစွင့်နေမိသည်။

www.burmeseclassic.com

www.burmesesclassic.com



ထိုညတွင် လမသာဘဲ ကြယ်ရောင် မလင်းတစ်လှည့် လင်းတစ်လှည့် အရောင်ဖြင့်သာ ဝိုးတဝါးမြင်ကွင်းကို မြင်ရ၏။

ဆရာမကြီးဒေါ်ယုသည် ခန်းအန်းမင်းကြီး၏ အမိန့်ကို နာခံပြီး စစ်သည်တစ်ထောင်ကို ဦးဆောင်၍ ဆင်ဖြူမြစ်အရပ်သို့ ဦးတည်၍ ချီတက်လာကြတော့သည်။

ကျင်းတောင်ညီနောင်တို့က မန်ချူးတပ်ဖွဲ့ထဲတွင် ရောနှော၍ ပါလာလေသည်။

ကျင်းတောင်ညီနောင်တို့အဖို့ ရုပ်ဖျက်ရလွယ်ကူသည်။

သန်းခေါင်ကျော်အချိန်တွင် ဆင်ဖြူမြစ် ကမ်းနဖူးရှိရာသို့ ရောက်ရှိလာကြ၏။

ထိုနေရာသို့ ရောက်သည်နှင့် ဆရာမကြီးဒေါ်ယုက လှည့်၍ အမိန့်ပေးလိုက်၏။

"ရဲဘော်တို့ ...ဟိုဘက်ကမ်းကို ချက်ချင်းကူးသွားကြ"

"အို ...ကြိုးတံတားဟာ ကြိုးချည်းပဲရှိနေတယ်၊ ဘယ်လိုလှုပ်ကူးမလဲ၊ လှေကားထစ်မှ မရှိတာ"

မန်ချူးလက်ရွေးစင်တို့၏ စောဒကတက်သံကို ကြားရသောအခါ ဆရာမကြီးဒေါ်ယုက ကြိမ်းမောင်းရင်း တစ်ဖက်ကမ်းသို့ ကူးသွားနည်းကို လက်တွေ့ပြသလိုက်သည်။

သူမသည် ပြောပြောဆိုဆို ပြေးထွက်သွားပြီး ဝါးကြိုးတန်းကို အမိအရ ဖမ်းထားလိုက်၏။



ထို့နောက် လက်နှစ်ဖက်ဖြင့် အပြောင်းအလဲလုပ်၍ ကြိုးတန်းအတိုင်း ဟိုဘက်ကမ်းသို့ တွယ်ဖမ်း၍ ကူးသွားသည်။

ဦးစီးဖြစ်သူ ဆရာမကြီးဒေါ်ယု၏ နည်းနမူနာကို မြင်သည်နှင့် မန်ချူးစစ်သည်တို့သည် ၎င်းနည်းအတိုင်း ဝဲယာ လက်နှစ်ဖက်ဖြင့် အပြောင်းအလဲပြုလုပ်ပြီး ဟိုဘက်ကမ်းသို့ ကြိုးတန်းကို ဖမ်းဆုတ်၍ ထက်ကြပ်မကွာ လိုက်သွားကြသည်။

တစ်နာရီခန့်ကြာသောအချိန်တွင် ဟိုဘက်ကမ်းသို့ စစ်သည်ရှစ်ရာကျော်ခန့် ကူးသွားလေပြီ။

ကျန်စစ်သည်နှစ်ရာကျော်ခန့် ကြိုးတန်းကိုတွယ်၍ ဟိုဘက်ကမ်းသို့ ကူးသွားသောအခါမှာပင် သဲထိတ်ရင်ဖို ဖြစ်ရပ်ဆန်းများ ပေါ်ပေါက်လာ၏။

မျက်နှာချင်းဆိုင် တောင်ကုန်းဘက်မှ မီးကျည် မီးပန်းတို့ ရုတ်ခြည်း ဖြာထွက်လာ၏။ ကျောက်တုံးကြီးအချို့မှာ အရှိန်ပြင်းစွာဖြင့် ကျလာလေတော့သည်။

နီပေါစစ်သည်များက ကမ်းနဖူးတွင် ယမ်းထုပ်များ မြှုပ်ထားခဲ့ခြင်းဖြစ်သည်။

သူတို့တစ်တွေ အခြေအနေကို မျက်ခြည်မပြတ် အကဲခတ်နေသည်။ နီပေါစစ်သည်တို့ စနက်တံများကို ချက်ချင်းမီးရှို့လိုက်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ တဝန်းဝုန်း ပေါက်ကွဲသံနှင့်အတူ ကြိုးတန်းတွင်

www.burmeseclassic.com

www.burmesesclassic.com



တွဲလောင်းကြီး ချိတ်နေသော နီပေါစစ်သည် တစ်ရာကျော်ခန့်တို့သည် မြစ်ထဲသို့ အသီးသီး ကျသွားတော့သည်။

တစ်ခဏမှာ ရေစီးအလွန်သန်သော ဝဲဂယက်က နီပေါစစ်သည်တို့ကို ဝါးမျိုလိုက်သည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ဆရာမကြီးဒေါ်ယု အလန့်တကြား ဖြစ်ရင်း အသံကျယ်ဖြင့် ဟစ်အော်၍ အမိန့်ပေးလိုက်သည်။

"ဟိတ်... ဒီဘက်ကမ်းရောက်နေတဲ့ရဲဘော်တွေ မကြောက်ကြနဲ့၊ အားလုံး တစ်နေရာတည်း စုစည်းပြီး အသင့်ပြင်ထားကြပါ"

သူမ၏ခန့်မှန်းချက်ကား နီပေါစစ်သည်တို့ ဝါးတံတားကို ဖောက်ခွဲပစ်သော်လည်း နောက်တန်းတွင် ခန်းအန်းမင်းကြီးက စစ်ကူပို့ထားပြီဖြစ်၍ မှုစရာမလိုပေ။

သို့သော် သူမတွေးတောနေစဉ်မှာပင် နောက်ကျောဘက်မှ အေးတိအေးစက် လေသံဖြင့် ပြောလိုက်သော စကားကို ကြားရသည်။

"ဟား...ဟား...ဟား...မိန်းမဟုတ်ကြီး၊ ခင်ဗျား ဟန်ဆောင်ကောင်းလှချည်လား၊ တို့ရဲ့ စစ်သည်တစ်ထောင်ကျော်ကို ညာခေါ်ခဲ့တာဟာ ခင်ဗျား ကောင်းဖို့ပဲ မဟုတ်လား၊ ခင်ဗျား မင်းသမီးမုံစီလွန်ဆီက ငွေဘယ်လောက်ရသလဲ"

စကားသံမှာ ကျင်ထောင်ညီနောင်မှန်းသိသည်နှင့် ဆရာမကြီးဒေါ်ယုမှာ ပြန်အော်လိုက်သည်။

"တောက်...မင်းတို့ ဘာကြောင့် ပေါက်ကရ ပြောရတာလဲ"



ဟူးရန်ထိုသည် ရယ်ရင်းက 'ရင်းဆ' လက်ဝါးသိုင်းဖြင့် ဆရာမကြီး ဒေါ်ယုကို ရုတ်ခြည်း ရိုက်ချလိုက်သည်။

သူတို့တစ်တွေသည် ခန်းအန်းမင်းကြီး၏ ညွှန်ကြားချက်အရ ဆရာမကြီး ဒေါ်ယုကို ကွပ်မျက်သုတ်သင်ရန်ပင် ဖြစ်သည်။

စလျှင်စချင်း ဟူးရန်ထိုက သူမကို အသေတိုက်ခိုက်လိုက်သည်။ ဆရာမကြီး ဒေါ်ယုက အလန့်တကြားဖြစ်ရင်း ချက်ချင်းရင်ဆိုင်ခုခံလိုက်သည်။

သူတို့၏ လက်ဝါးချင်း တွေ့ထိသောကြောင့် အတွင်းအား၏ တုံ့ပြန်မှုကို ခံရကာ နှစ်ဦးစလုံး သုံးလေးလှမ်းခန့် ဆုတ်ခွာသွားရသည်။

အခြေအနေမှာ အင်အား မတိမ်းမယိမ်းဖြစ်သည်ကို မြင်သည်နှင့် ညီဖြစ်သူ ဟူးရန်ကျိန်းက ဆရာမကြီး ဒေါ်ယု၏ ခါးဆီသို့ အားကုန် ရိုက်ချသည်.

ဒေါ်ယုသည် သူတို့ညီအစ်ကို၏ ထူးခြားထက်မြက်သော သိုင်းပညာရပ်ကို မြင်သောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။

သို့သော် သူမ၏အာရုံက အစ်ကိုဖြစ်သူ ဟူးရန်ထိုဆီသို့သာ ရောက်နေသောကြောင့် ဟူးရန်ကျိန်း၏ တိုက်ကွက်ကို ရှောင်ရှားရန် အချိန်မရတော့ပေ။

သူမ၏ခါးဆီသို့ ဟူးရန်ကျိန်း၏လက်ဝါး ထိထိမိမိ ကျရောက်လေတော့သည်။

www.burmeseclassic.com

www.burmesesclassic.com



သို့သော် ...

ဆရာမကြီး ဒေါ်ယုသည် အသားအဆိုင်တွေကို ကျုံ့ရင်း မန်ချူးစစ်သည်တို့၏ ဦးခေါင်းပေါ်မှ ခုန်ပျံ၍ တိမ်းရှောင်လိုက်သည်။

"ဟိတ်ကောင်တွေ...နီပေါသူလျှို မိန်းမယုတ်ကို ဝိုင်းဖမ်းကြ"

နီပေါသူလျှိုဟု စွပ်စွဲလိုက်သည်နှင့် အခြေအနေကို ဒေါ်ယု နားလည်သဘောပေါက်သွားတော့သည်။

ခန်းအန်းမင်းကြီးသည် သူမကို အယုံအကြည် မရှိသောကြောင့် အခုလို စစ်သည် အနည်းငယ်သာ တည့်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ထိုအချက်ကို တွေးမိသောအခါ ဒေါ်ယု ဒေါသထွက်ရင်း ကြောက်မယ်ဖွယ်တဘ ရယ်မောလိုက်သည်။

"ဟေ့...မိန်းမယုတ်၊ မပြေးနဲ့"

ကျင်းတောင်ညီနောင်တို့သည် ကြိမ်းဝါးရင်းက တုတ်ကောက် ကိုယ်စီဖြင့် ဒေါ်ယုကို ဝိုင်းဝန်တိုက်ခိုက်ကြတော့သည်။

ယခုအချိန်တွင် ဒေါ်ယု ဒေါသယမ်းအိုး ပေါက်ကွဲသွားလေပြီ။

သူမ၏ လက်နက်ပုန်းဖြစ်သော သံလုံးများကို တစ်ချိန်တည်း ပစ်လိုက်သည်။

အရောင်တောက်ပနေသော သံလုံးများသည် ဒေါ်ယု အတူး မွမ်းမံ၍ အဆိပ်ရေထဲတွင် စိမ်ခဲ့သော လက်နက်ပုန်းများ ဖြစ်ကြသည်။

၎င်းသံလုံးတို့သည် လူ၏ခန္ဓာကိုယ်ကို တွေ့ထိသည်နှင့်အရေ



ခွံပါးတို့သည် ချက်ချင်းပေါက်ကွဲပြီး အတွင်းဘက်မှ ယမ်းမှုန့်များ လွှင့်စင်ဖြာထွက်လာသည်။

အကယ်၍ အချိန်မီမကုသပါက သုံးလေးရက်အတွင်း အဆိပ်များ ပြန့်ပွားပြီး သေဆုံးသွားပေလိမ့်မည်။

ထိုအခါ ကျင်းတောင်ညီနောင်တို့က နံဘေးသို့ ချက်ချင်း တိမ်းရှောင်လိုက်သောကြောင့် လက်နက်ပုန်း သံလုံးများမှာ မန်ချူး စစ်သည်တို့ကို ထိမှန်ကြတော့သည်။

"အမယ်လေးဗျ နာလိုက်တာ၊ ကယ်တော်မူကြပါဗျို့"

မန်ချူးစစ်သည်တို့ ငယ်သံပါအောင် အော်ကြသောအခါ ကျင်းတောင်ညီနောင်က ထိတ်လန့် တုန်လှုပ်ရင်း ကြိမ်းဝါးလိုက်သည်·

"တောက် ...ရက်စက်ယုတ်မာလှချည်လား၊ ကိုင်း ...သေဖို့သာ ပြင်ပေတော့"

စကားဆုံးသည်နှင့် ဒေါ်ယုကို လက်နက်ကိုယ်စီ ဝှေ့ယမ်း၍ တိုက်ခိုက်ကြတော့၏။

သို့ဖြစ်၍ တစ်ယောက်တည်းနှင့် သူတို့ကို မယှဉ်နိုင်မှန်းသိ၍ ပရိယာယ်သုံးပြီး ဟစ်အော်လိုက်၏၊

"ဟိတ် ...လက်နက်ပုန်း သံလုံးကို မြည်းကြည့်စမ်းပါ"

ကျင်းတောင်ညီနောင်တို့သည် အဟုတ်မှတ်၍ လက်နက်ပုန်း ကို ခုန်ရှောင်လိုက်သည်။

www.burmeseclassic.com

www.burmesesclassic.com



ထိုအခါ ဆရာမကြီး ဒေါ်ယုက အစွင့်ဂေဟာင်းယှ၍ လေထုထဲသို့ ခုန်တက်ရင်း ကိုယ်ဖော့ပညာဖြင့် သုတ်ခြေတင်ပြေးသွားလေတော့သည်။

သူမကား ခြေသိုင်းအလွန်ကောင်း၏။ အရေးအကြောင်း ကြုံသည်နှင့် သူသည် ဤသို့ပင် ထွက်ပြေးခဲ့လေတော့သည်။

ဒေါ်ယုမှာ တစ်ခေါ်လောက် ပြေးမိသည်။ သို့သော် ပြေးမလွတ်ချေ။ ချောက်ကမ်းပါးဘက်မှ ကင်းပုန်း နီပေါ စ်သည် တပ်စုတစ်စုသည် သူမကို ဝိုင်းရံထားလိုက်ကြတော့သည်။

ထိုတပ်စုကို ဦးဆောင်သူမှာ လီစွမ်းမေနှင့် ဆချွန်မင်တို့ပင် ဖြစ်ကြသည်။

လီစွမ်းမေက ...

"ဟား ... ဟား ... ဟား ... ဒေါ်ယု ဘယ့်နှယ်ကြောင့် မန်ချူးစစ်သည် နည်းနည်းကလေးကို လိမ်ခေါ်ခဲ့တာလဲ၊ ဒါဆိုရင် မုံစီလွန်ကို ဘယ်လိုအကြောင်းပြန်မလဲ"

သူမ၏စကားကို နောက်ဘက်မှ လိုက်လာသူ ကျင်းတောင်ညီနောင်တို့ ကြားအောင် သက်သက်မဲ့ ပြောလိုက်ခြင်းဖြစ်လေ၏။

ဒေါ်ယု သိလိုက်သည်။ သူကား အမှားကြီး မှားခဲ့လေပြီ။

"အင်း ... အပွဲပွဲ နွဲလာသမျှ ဒီအရိုမှ နပ်ပစ်ခံရတယ်၊ ဆချွန်မင်တို့က ခန်းအန်းမင်းကြီးကို သူ့အပေါ် အယုံအကြ[illegible] ဉာဏ်ဆင်ခဲ့တာကိုး"



အခုအချိန်တွင် ဒေါ်ယု၏ ဒေါသကို မထိန်းနိုင်တော့ချေ။ သို့ဖြစ်၍ ကျန်ရှိနေသော လက်နက်ပုန်းများဖြင့် ဆချွန်မင်ထံသို့ ပစ်လွှတ်လိုက်သည်။ ဆချွန်မင်သည် ရှောင်လိုက်သည်။

ဒေါ်ယုသည် အသက်ကို ပမာဏမထားတော့ဘဲ ဆချွန်မင်ထံသို့ ခုန်အုပ်၍ ဘယ်ခြေဖြင့် ပိတ်ခတ်လိုက်သည်။

ဆချွန်မင်မှာ အငိုက်ခံလိုက်ရပြီး ရှောင်တိမ်းရန် အချိန်မရသောကြောင့် သူ၏နွှာကိုယ်သည် ချောက်ကမ်းပါးသို့ လွင့်စဉ်ပြီး ကင်ဖြူမြစ်ထဲသို့ ဇောက်ထိုးကျသွားလေသည်။

"ဆချွန်မင် ... သတိထား၊ မိုးကြိုးစကြာသိုင်းကွက်က နောက်ဆုံးသိုင်းကွက်ကို အသုံးပြုလိုက် ..."

ဝင်ရောက်ကယ်တင်ရန် အချိန်မရသောကြောင့် လီစွမ်းမေက လှမ်း၍ သတိပေးလိုက်သည်။

သို့ဖြစ်၍ ဆချွန်မင်မှာ မိုးကြိုးစကြာသိုင်းကွက်ကို သတိရလိုက်သည်။ အောက်ကျသော အရှိန်ကို ထိန်းလိုက်သည်။

ကိုယ်လုံးကို မြစ်ထဲသို့ မကျမီ ကျောက်ဆောင်များကြားမှ ထွက်နေသော ကျောက်ပြားတစ်ချပ်ပေါ်သို့ ဆင်းသက်သွားသည်။

ဒေါ်ယုသည် ဆချွန်မင် အသက်ရှင်နေသေးသည်ကို မြင်ရသောအခါ ဆချွန်မင်ရှိရာသို့ ချက်ချင်း ခုန်ဆင်းလိုက်၏။

သူမ၏ ကိုယ်လုံး ကျောက်ပြားသို့ မရောက်မီ ဝဲဘက်[illegible]ကို မြှောက်၍ ဆချွန်မင်အား ပြင်းထန်စွာ ကန်လိုက်လေသည်။

www.burmeseclassic.com

www.burmesesclassic.com



တစ်ချိန်တည်းမှာပင် အတွင်းအားထုတ်ကာ ဆချွန်မင်အား ပြင်းထန်သော လက်ဝါးသိုင်းဖြင့် တိုက်ခိုက်သည်။

ဆချွန်မင်ထံတွင် ထက်မြက်သော ဓားပါလာ၏။ သို့သော် ကျောက်ပြားသည် ဆယ်ပေခန့်သာ ကျယ်ဝန်းသောကြောင့် ဆောင်ဓားဖြင့် တိုက်ခိုက်ရန် အဆင်မပြေပေ။

ထိုအခါ ဆချွန်မင်သည် ဒေါ်ယုအား သဲသဲမဲမဲ ပြန်လည်၍ ခုခံတိုက်ခိုက်ရလေတော့သည်။

ကျင်းတောင်ညီနောင်တို့မှာ ဒေါ်ယုနှင့် ဆချွန်မင်တို့ အကြိတ်အနယ် တိုက်နေသည်ကို မြင်သောအခါ ခေတ္တမျှ တုံ့ဆိုင်းသွားကြ၏။

ထိုအခါ ဟက်ဟက်ပက်ပက် ရယ်မောသံကို ကြားလိုက်ရသည်။ သူတို့သည် မော့ကြည့်လိုက်ပြီး လီစွမ်းမေထံသို့ တစ်ဟုန်ထိုး ပြေးဆင်းပြီး ယှဉ်ပြိုင်တိုက်ခိုက်ကြသည်။

ထိုအချိန်တွင် ရှောင်ရီရှမ်း ရောက်ရှိလာသည်။ သူမသည် ဆချွန်မင်အတွက် စိုးရိမ်မကင်းဖြစ်သောကြောင့် သူမ၏ အစ်မကို ဝင်ရောက်ကူညီခြင်း မပြုပေ။

ဆယ်ပေပတ်လည်ရှိသော ကျောက်ပြားသည် တတိယလူ ထပ်ဝင်၍မဖြစ်ပေ။ သို့ဖြစ်၍ ဆချွန်မင်တို့ သေရေးရှင်ရေး သတ်ပုတ်နေသည်ကိုသာ မျက်တောင်မခတ် အကဲခတ်နေရသည်။

သိုင်းကွက် နှစ်ဆယ်ကျော်ခန့် ယှဉ်ပြိုင်၍ ပြီးသောအခါ



ဒေါ်ယုက သိုင်းကွက်ကို ပြောင်းလဲပြီး တိုက်စစ် မဆင်နွှဲတော့ဘဲ လေးပေပတ်ဝန်းကျင်ကိုသာ ခံစစ်သုံး၍ ကာကွယ်နေသည်။

"လက်စသတ်တော့ ဒီမိန်းမယုတ်က ငါ့ကို ရေရှည်စစ်ပွဲနဲ့ အင်အားကုန်ခမ်းအောင် အချိန်ဆွဲနေတာကိုး"

ဆချွန်မင် မှန်းချက် သွေးထွက်အောင် မှန်နေတော့သည်။

အခုအချိန်တွင် ဒေါ်ယုက အတွင်းအား ဖျစ်ညှစ်၍ အိန္ဒိယမှ သူတတ်မြောက်လာသည့် စကြာဝဠာသိုင်းကွက်ဖြင့် အခွင့်ကောင်းစောင့်ကာ ဆချွန်မင်ကို ချောင်းမြောင်းနေ၏။

ဆချွန်မင်မှာ သူမ၏ ပရိယာယ်ကို နားလည်သဘောပေါက်လာသည်။ 'တိရဲ့ ဆရာတော် သိုင်းစာအုပ်မှ သိုင်းကွက်များကို အမှတ်ရလာသည်။

ထိုအခိုက် ဆချွန်မင်သည် တစ်ချက် မာန်သွင်းအော်လိုက်ပြီး ကိုယ်လုံးကို အပေါ်သို့ ခုန်တက်လာ ခြေအစုံဖြင့် ဒေါ်ယုကို ဆက်တိုက် စုံခဝ်လိုက်သည်။

ထိုသုံးဆင့်ခတ်သည်မှာ သွက်လက် လျှင်မြန်လွန်းသည့်အပြင် အရှိန်အဟုန် ပြင်းထန်လွန်းသောကြောင့် ဒေါ်ယုသည် အလန့်တကြား ဖြစ်မိတော့၏။

သူမသည် ရှောင်တိမ်းလိုက်သောအခါ ဆချွန်မင်၏ အတွင်းအား အပြည့်ပါသော၊ လက်ဝါးအစုံသည် သူမ၏ ရင်ဝဆီသို့ ကျချလာသည်။

www.burmeseclassic.com

www.burmesesclassic.com



ဒေါ်ယုသည် လက်ဝါးဖြင့် ခုခံကာကွယ်လိုက်ရသည်။

ထိုအခါ ဒေါ်ယုမှာ ရုတ်တရက် ကြောက်မက်ဖွယ်ရာ ပြိုးလိုက်လေသည်။ တစ်ချိန်တည်းမှာပင် သူမ၏ မျက်လုံးအစုံမှာ ထူးခြားသောအရောင်များ တောက်ပလာလေ၏။

အထသဘော နားလည်သော ဆရာချုန်မင်သည် ဒေါ်ယု ရက်စက်တော့မည်ကို နားလည်ပြီး သူမ၏ စိတ်ညှို့အိပ်မွေ့ချပညာ မသုံးမီမှာပင် လီစွမ်းမေထံမှ အတွင်းအား စိတ်ထိန်းနည်း သင်ယူခဲ့သည်ကို အမှတ်ရပြီး ၎င်းပညာဖြင့် စိတ်ကိုထိန်းချုပ်လိုက်သည်။

"ဒီမှာ ဆရာချုန်မင် … ကျုပ်တို့ချင်းရဲ့ ရန်ငြိုး ကြေအေးကြစို့လား၊ အခေါ် မှားပါပြီကွယ်၊ ကျုပ်တို့ချင်း မတိုက်ခိုက်ပါနဲ့တော့"

ဒေါ်ယုသည် ထိုသို့ ရေရွတ်မြည်တမ်းလိုက်သည်။

"ဟား … ဟား … ဟား"

ဆရာချုန်မင်က အားပါးတရ ရယ်လိုက်၏။

သို့သော် အခါနှောင်းသွားလေပြီ။ အသင့်ပြင်ဆင်ထားသော ဆရာချုန်မင်က အတွင်းအားကို ရုတ်တရက် ပြန်ရုပ်၍ ရုတ်တရက် ဆတ်ခနဲ ပြန်သွင်းကုန်ထုတ်လိုက်၏။

ဒေါ်ယုသည် ထိုပြင်းထန်လှသော အားရှိန်ကို ခုခံနိုင်စွမ်း မရှိတော့ဘဲ အထက်သို့ ဖွင့်စဉ်ရင်း ပြင်းထန်စွာ စီးဆင်း၍ နေသော မြစ်ထဲသို့ ကျသွားတော့သည်။

သူမ၏ ဦးခေါင်းမှာ ကျောက်တုံးနှင့် ဆောင့်မိပြီး သွေးချောင်း



စီကာ ဆင်ဖြူမြစ်၏ တသွင်သွင် စီးဆင်းနေသော ရေစီးကြောင်းနှင့် မျောပါသွားသည်။

တိုင်းပြည်နှင့် လူမျိုးကို ရောင်းစားခဲ့သော ဒေါ်ယုသည် သစ္စာဖောက်တို့၏ သွားရာလမ်းသို့ ရောက်ရှိသွားလေပြီ။

ဆရာချုန်မင်သည် အောင်ပွဲခံနိုင်သော်လည်း အလွန်အမင်း မောဟိုက်နေလေပြီ။

တောင်ကုန်းပေါ်သို့ ခဲရာခဲဆစ် ပြန်တက်ခဲ့ရာ လီစွမ်းမေနှင့် ကျင်းတောင်ညီနောင်တို့၏ တိုက်ပွဲမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည်ကို တွေ့ရသည်။

ကျင်းတောင်ညီနောင်တို့သည် တိုက်ခိုက်ရင်းက လီစွမ်းမေ၏ ပညာရပ်များ ထက်မြက်တို့ဘက်လာမှန်း ရိပ်မိလာသည်။

ထိုအချိန်မှာပင် ရွှေလေးရှင်မင်းသမီး ကြိုတင်စီစဉ်ထားသော ကျောက်တုံးများက တဝုန်းဝုန်း ပေါက်ကွဲ၍ မန်ချူးစစ်သည်တို့သည် ဒဏ်ရာရကာ အတုံးအရုန်း လဲကျကာ သေဆုံးကုန်၏။

ကျောက်တုံးများနှင့်အတူ မန်ချူးစစ်သည်တို့ မြစ်ထဲသို့ ဒလိမ့်ကောက်ကွေး သေဆုံးသည်ကို မြင်ရသော ကျေးတောင်ညီနောင်တို့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။

၎င်းအချိန်မှာပင် မန်ချူးဘက်မှ စစ်ကူများ ရောက်လာနေပြီ။ သို့သော် ကြိုးတံတားက ပြတ်နေပြီဖြစ်သောကြောင့် တစ်ဖက်ကမ်းသို့ မကူးနိုင်ကြပေ။

www.burmeseclassic.com

www.burmesesclassic.com



ကျင်းတောင်ညီနောင် နှစ်ဖော်တို့မှာ အခြေအနေ မဟန်ကြောင်း သိကြသည်နှင့် လက်အောက်ငယ်သားတို့ကို ဂရုမစိုက်ဘဲ ထွက်ပြေးရန်သာ စဉ်းစားတော့သည်။

ထိုအချိန်တွင် မိုးစင်စင်လင်းလုနေပြီ။ မိုးလင်းလာသည်နှင့် နီပေါတို့၏ စစ်ကူရောက်လာလျှင် ၎င်းတို့ မုချသေဆုံးရပေမည်။ သူတို့ လီစွမ်းမေကိုလည်း မယှဉ်နိုင်ပြိုင်ချေ။

ထိုအချက်ကို တွေးတောမိသောအခါ ဟူးရန်ထိုက ရုတ်တရက် ညီဘက်လှည့်၍ ဆိုလိုက်သည်။

"ညီလေး ... တို့ မြစ်ထဲကို ခုန်ချမှလွတ်မယ်ကွ၊ နို့မဟုတ်ရင် ဒီမှာပဲ အရိုးဆွေးလိမ့်မယ်"

"အို ... အစ်ကိုကြီးကလဲ အခု ကြိုးတံတား ပြတ်သွားပြီဗျ၊ ကျွန်တော်တို့ ခုန်ချရင် ဟိုဘက်ကမ်းကို မရောက်ဘဲ လမ်းခုလပ်မှာတင် သေဆုံးသွားလိမ့်မယ်"

"ဒီမှာ ညီလေး ... ဒါဟာ နောက်ဆုံးနည်းပဲ၊ တို့ မြစ်ထဲကို ခုန်ချတဲ့အခါ ပြတ်ထွက်သွားတဲ့ ကြိုးကို မိမိရရ ဖမ်းထားဖို့ လိုတယ်ကွ၊ အဲဒါဆိုရင် တို့ဟိုဘက်ကမ်းကို ပြန်ရောက်နိုင်မယ်"

ဟူးရန်ထို၏ တိုက်တွန်းချက်ကို ကြားသောအခါ ယူးရန်ကျိန်းက စောဒက မတက်တော့ပေ။

"ကိုင်း ... ညီလေး သတိထားပေတော့၊ အစ်ကို အရင်သွားမယ်"



ဟူးရန်ထိုသည် ပြောပြောဆိုဆိုဖြင့် လေထုထဲသို့ ခုန်တက်ရင်း ငှက်ဆွန်တစ်ကောင်၏ ပျံသန်းဟန်ဖြင့် ဆင်ဖြူမြစ်ထဲသို့ ထိုးဆင်းလိုက်၏။

"အလို ... ခုကွပါပဲဗျာ၊ ဗိုလ်မှူးဟူးရန်ထို မြစ်ထဲသို့ ခုန်ချပြီး သေကြောင်းကြံပြီဗျ"

ဟူးရန်ထို ဆင်ဖြူမြစ်ထဲသို့ ခုန်ချသွားသည်နှင့် မန်ချူးစစ်သည် ဗိုလ်ပါတို့မှာ အလန့်တကြား အော်ဟစ်လိုက်ကြသည်။

သို့သော် ဟူးရန်ထိုမှာ အဆင့်မြင့် သိုင်းပညာရှင်ပီပီ ရေပြင်နှင့် ထိတွေ့ကာနီးမှာ တစ်ပတ်ကျွမ်းထိုး၍ ဘစ်ဆင့်ခုန်လိုက်ပြန်၏။

ထိုအခါ ပြတ်ထွက်သွားသော ကြိုးတံတားနှင့် သာ၍နီးကပ်သွားပြီး ဟူးရန်ထိုက သူ၏ တုတ်ကောက်ကို ဆန့်တန်းကာ ကြိုးတံတားကို မိမိရရ ချိတ်လိုက်သည်။

သူ၏အကြံအစည် ထမြောက်အောင်မြင်ပြီမို့ ဟူးရန်ထို ဝမ်းသာအားရဖြင့် ဟိုမှာဘက်ကမ်းတွင်ရှိသော မန်ချူးစစ်သည်တို့ကို အော်ခေါ်လိုက်၏။

"ဟိတ်ကောင်တွေ ... ကြိုးကို မြန်မြန်ဆွဲကြစမ်း"

ဟူးရန်ထိက အစ်ကို လွတ်မြောက်အောင်မြင်သွားသည်မို့ တအားတက်သွားလေ၏။

သို့ဖြစ်၍ အစ်ကိုနည်းတူ ကိုယ်ဖော့ပညာသုံး၍ မြစ်ထဲသို့ အားတင်း၍ ခုန်ချလိုက်သည်။

www.burmeseclassic.com

www.burmesesclassic.com



သို့သော် ဟူးရန်ကျိန်းက သူ၏အစ်ကိုလောက် ကံမကောင်းပေ။ ဆင်ဖြူမြစ်ထဲသို့ ကျသွားသော်လည်း ကြိုးအနီးသို့ မကျပေ။

ထိုအဖြစ်ကို မြင်သောအခါ ဟူးရန်ထိုက အလန့်တကြားဖြင့် တုတ်ကောက်ကို ဆန့်တန်းပေးလိုက်သည်။

"ညီလေး ... တုတ်ကောက်ကို မိမိရရ ဖမ်းထားစမ်း"

ဟူးရန်ကျိန်းသည် သူ့ကိုယ်သူ သေရမည်ဟု ထင်မှတ်နေသည်။ ထိုအခိုက်မှာပင် လင်းလက်သော အရာဝတ္ထုတစ်ခု သူ့ဆီသို့ ပျံဝဲလာသည်ကို မြင်သည်နှင့် မိမိရရ ဖမ်းထားလိုက်လေသည်။

"အင်း ... ဟုတ်ပြီ၊ မြဲမြဲကိုင်ထား၊ ပြီးတော့ မင်းရဲ့တုတ်ကောက်ကို ငါ့ဆီလှမ်းပို့စမ်း"

အစ်ကိုဖြစ်သူ ဟူးရန်ထိုသည် ရင်ပေါ့သွားရင်း ဆက်လက်အကြံပေးလိုက်သည်။

ဟူးရန်ကျိန်းသည် သူ၏တုတ်ကောက်ကို အစ်ကိုဖြစ်သူဆီသို့ လှမ်းထောက်လိုက်သောအခါ ဟူးရန်ထိုက ထိထိမိမိ ဖမ်းဆုပ်ထားလိုက်သည်။

ထိုအခါ လက်နှစ်ဖက်စလုံး မိမိရရ ဖမ်းဆုပ်ထားပြီးဖြစ်၍ ရေစီးမည်မျှ သန်စေကာမူ မျောပါ၍ မသွားနိုင်ပေ။

ကြိုးကို ဖမ်းမိဖို့သာ အဓိကဖြစ်သည်။

ထိုသို့ အရေးပေါ် ကယ်တင်သည့်တိုင် ဟူးရန်ကျိန်းကတော့ မြစ်ရေကို တဝ သောက်လိုက်ရ၏။



အခြေအနေ ငြိမ်သက်သွားသည်နှင့် ဟူးရန်ထိုက ဒေါသဖြင့် အပေါ်သို့ လှမ်းအော်သည်။

"ဟိတ်ကောင်တွေ ... မင်းတို့ကို ကြိုးဆွဲခိုင်းတာ မကြားဘူးလား"

မန်ချူးစစ်သည်တို့သည် သဲထိတ်ရင်ဖို မြင်ကွင်းကို စိတ်ပါဝင်စားစွာဖြင့် ကြည့်နေ၏။ အော်သံကြားတော့မှ ကြိုးတံတားကို ဝိုင်းဝန်း၍ ကပျာကယာ ဆွဲတင်လိုက်သည်။

ကျင်းတောင်ညီနောင် နှစ်ဖော်တို့ ဟိုဘက်ကမ်းသို့ ပြန်၍ ရောက်သောအခါ အလွန်အမင်း ပင်ပန်းနွမ်းလှနေပြီ။

ရွှေလေးရှင်မင်းသမီး၏ တုန့်ပြန် သူလျှိုလွှတ်ခြင်း ပရိယာယ်သည် လုံးဝထမြောက်အောင်သွားချေပြီ။

ဆရာမကြီး ဒေါ်ယုကို ရှင်းလင်းသုတ်သင်နိုင်သည့်အပြင် မန်ချူးဘက်မှ လက်ရွေးစင် စစ်သည်တစ်ထောင်တို့ကို အပြတ်နှိမ်နင်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

* * *

www.burmeseclassic.com

www.burmesesclassic.com

## အခန်း(၆၆)

## နောက်ဆုံး ဆောင်ရွက်ခြင်း

ဆရှုန်မင်သည် တိုက်ပွဲမှ အနိုင်ရခဲ့သော လက်နက်ခဲယမ်းများကို စာရင်းပြုစုနေသည်။ ထိုအခါ တောင်ကြားလမ်းသွယ်မှ ခြေမြန်စစ်သည်တစ်ဦး သူ့ဆီသို့ ထုတ်တရက် ရောက်လာ၍ အစီရင်ခံသည်။

"ဆရာလေး ... စစ်ဦးစီး မင်းသား အာပုခင် အခေါ်လွှတ်လိုက်ပါတယ်"

ဆရှုန်မင်သည် တပ်ခွဲမှူးတစ်ယောက်ကို တာဝန်လွှဲအပ်၍ ခြေမြန်တော်၏ နောက်မှ အာပုမင်ရှိရာသို့ အလျှင်အမြန် လိုက်ပါသွားလေတော့သည်။

ဌာနချုပ်သို့ ရောက်သောအခါ အာပုမင်မှာ မအီမသာဖြင့် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကို တွေ့ရသည်။



"နောင်ကြီး ... ကျုပ်တို့ နယ်ချဲ့ ကျူးကျော်ရေး သမားများကို ဆင်နွှဲတဲ့ တိုက်ပွဲတော့ ရေရှည် မခံနိုင်တော့ဘူးနဲ့ တူတယ်၊ နောင်ကြီးကို အခေါ်လွှတ်တာဟာ အဲဒီလို့ချက်ကို ပြောပြမလို့ပဲ"

"အလို ... ဒါက ဘယ်လိုဖြစ်တာလဲ အဆွေတော်၊ ဒီကနေ့ပဲ ကျွန်တော်တို့ အောင်ပွဲခံယူခဲ့တယ် မဟုတ်လား၊ သစ္စာဖောက် ဆရာမဒေါ်ယုကိုတောင် ကျုပ်တို့ တစ်ပါတည်း ရှင်းပစ်နိုင်ခဲ့တယ် မဟုတ်လား"

ဟုတ်ကဲ့ နောင်ကြီး ... အဲဒါတွေကို ကျုပ် သိပါတယ်၊ ဒါပေမယ့် နိုင်လုံတဲ့ သတင်းအရဆိုရင် ဖခမည်းတော်ဟာ တစ်လအတွင်းမှာ မန်ချူးနယ်ချဲ့သမားတွေဆီက ငြိမ်းချမ်းရေးကို အညံ့ခံတောင်းဆိုလိမ့်မယ် ဆိုတာပဲ"

ဆရှုန်မင် တွေဝေသွားသည်။ အာပုမင်က မချိပြုံး ပြုံး၍ ဆက်ရှင်းပြသည်။

"ပြဿနာက ဒီလိုပါ နောင်ကြီး၊ ကျုပ်တို့နိုင်ငံက နိုင်ငံငယ် မဟုတ်လား၊ သာမန်အချိန်တောင် ဆန်စပါး မဖူလုံပါဘူး၊ အခုလို တိုက်ပွဲဖြစ်ပွားတော့ ရိက္ခာအတွက် များစွာ ခက်ခဲပါတယ်၊ အရင်ကဆိုရင် အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ စစ်ကူတောင်းလို့ ဖြစ်ပါတယ်၊ ဒါပေမယ့် အခုတော့ နယ်ချဲ့ကျူးကျော်သူ အင်္ဂလိပ်ရဲ့ ... ကြောင့် သူတို့လည်း အတိဒုက္ခ ရောက်နေပါတယ် ..."

ဆရှုန်မင်သည် အာပုမင်၏ ဝေဖန်သုံးသတ်ချက်ကို တိတ်

www.burmeseclassic.com

www.burmesesclassic.com



ဆိတ်ငြိမ်စွာဖြင့် နားထောင်ပြီး လက်ရှိအခြေအနေကို လက်ခံရန်သာ ရှိတော့သည်။

"ဒီမှာနောင်ကြီး ... အနာဂတ်မှာ ဘာတွေဖြစ်ပွားဦးမလဲဆိုတာ ဘယ်သူမှ မပြောနိုင်ပါဘူး၊ ဒါပေမယ့် ပြဿနာမဖြစ်ပွားမီမှာ နောင်ကြီးဆီမှာ ကတိတစ်ခု လိုချင်တယ်"

"ဘာများလဲ အဆွေတော်၊ ကျွန်တော် တတ်နိုင်တာဆိုရင် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးပါ့မယ်"

"တကယ်ပဲလား နောင်ကြီး"

"မင်းမှာသစ္စာ လူမှာ ကတိတဲ့၊ ကျွန်တော်ဟာ ကတိ ကစ်လုံးကို ဘယ်တော့မှ မဖျက်ပါဘူး"

ထိုအခါ အိမ်ရှေ့မင်းသား အာပုမင်က အစောင့်ကို ဖယ်ရှား၍ တီးတိုးပြောဆိုလိုက်သည်။

"ဒီလိုပါ နောင်ကြီး ... ကျုပ်တို့ဟာ မူဆလင်ဘာသာဝင်တွေပဲ၊ အီစလန်ကျမ်းဂန်အရဆိုရင် တိုက်ပွဲမှာ တိုက်ရင်းနဲ့ ကျဆုံးတာကို ဂုဏ်ယူသင့်တဲ့ ကိစ္စတစ်ရပ်ပါ၊ ဒါပေမယ့် တစ်စုံတစ်ရာ အပြောင်းအလဲရှိရင်တော့ ကျုပ်တို့က တိုင်းပြည်အတွက် အသက်စတေးခံမယ်၊ အညံ့တော့ ဘယ်တော့မှ မခံဘူး၊ အခု ကျုပ်စိတ်မချတာက နှမတော်တွက်ပါ၊ ညီမလေးဟာ ကံဆိုးရှာလွန်းပါတယ်၊ အခုလို သူ့ရူးပမာ ဖြစ်နေတဲ့ အချိန်မှာ မန်ချူးကျူးကျော်သူတွေ မြို့တော်ကို သိမ်းပိုက်ရင် စော်ကားခံရမှာ စိုးတယ်ဗျ၊ အဲဒီတော့



ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့ နှမတော်ကို တတ်နိုင်သမျှ စောင့်ရှောက်ပါ၊ ဖြစ်နိုင်မယ်ဆိုရင် သူ့ကို မြေလတ်ပိုင်းကို တစ်ပါတည်း ခေါ်သွားပါ"

"ဟုတ်ကဲ့ ... မင်းသမီး ဒေစီလီကို ကျွန်တော် အသက်နဲ့လဲပြီး ကာကွယ်ပါ့မယ်"

"အင်း ... ဒါဆိုရင် စိတ်ချပါပြီ၊ အခြေအနေ ဒီလောက်ဆိုးမယ် မထင်ပါဘူး"

သူတို့တတွေ ဆွေးနွေးနေစဉ်မှာပင် တဝုန်းဝုန်း မြည်ဟီးနေသော အမြောက်ကျည်ဆံသံများကို ကြားရသည်။

"အလို ... ဒါက ဘယ်လိုဖြစ်တာလဲ၊ မန်ချူးကျူးကျော်သူတို့ တိုက်စစ် ဆင်နွှဲနေပြန်ပြီလား"

အိမ်ရှေ့မင်းသား အာပုမင်က ရေရွတ်လိုက်မိသည်။

✻ ✻ ✻

မန်ချူးနယ်ချဲ့တို့သည် ဆရာမခေါ်ယု သေဆုံးပြီးကတည်းကပင် ဆင်ပြဖျူမြစ်ကို ဖြတ်ကျော်ရန် အကြံအိုက်နေ၏။

တစ်နေ့သောအခါ ဟိုင်နန်နှင့် ခန်းအန်းမင်းကြီးတို့ ဆွေးနွေးညှိနှိုင်းရင်း ဟိုင်နန်က အကြံတစ်ခု ရလိုက်သည်။

"အရှင်မင်းကြီး ... ကျွန်တော်တို့ အရှိန်ရတုန်း ဆင်ပြဖျူမြစ်ကို ကျော်ဖြတ်ပြီး ဆက်လက်တိုက်ခိုက်ရအောင်"

www.burmeseclassic.com

www.burmesesclassic.com



"¿... ကျုပ်လည်း ဒါပဲ စဉ်းစားနေတာပဲ၊ ဒါပေမယ့် ဆရာမဒေါ်ယု ကျဆုံးသွားပြီဆိုတော့ ကြိုးတံတားကို ဖြတ်ကျော်ဖို့ ပိုခက်ခဲတယ်ဗျ"

"ဟား ... ဟား ... ဟား ... ဆရာမကြီး ဒေါ်ယု သေလို့ ကျွန်တော် ဒုက္ခတစ်ခု ရတာပေါ့ ခင်ဗျာ ..."

ဟိုင်နန်သည် ပြောပြောဆိုဆိုဖြင့် တစ်ဖက်ကမ်းမှ ကျောက်ဆောင်များကို အမြောက်ဖြင့်ထုရန် အကြံပေးလိုက်သည်။

ဆင်ဖြူမြစ်သည် ကျယ်ဝန်းလှသည့် မြစ် မဟုတ်ပေ။ ထိုသို့ အမြောက်ဖြင့် ကျောက်ဆောင်တွေကို ပစ်ဖောက်သောအခါ ကျောက်တုံးကြီးများမှာ မြင်ထဲသို့ ကျရောက်လာပေမည်။

အကြမ်းဖျင်းအားဖြင့် ကျောက်တုံးများဖြင့် ဆင်ဖြူမြစ်ရဲ့ တစ်ဝက်ကို ဖို့နိုင်မည်ဖြစ်၍ ကျန်တစ်ဝက်ကို သောင်းချီသော စစ်သည် များဖြင့် ရွှံ့များထမ်း၍ဖို့ရန် စီစဉ်မည်ဖြစ်သည်။

"အင်း ... မင်းအကြံမဆိုးဘူး၊ ဒါဖြင့် စစ်ဗျူဟာမှူးကို လွှတ်လိုက်ကွာ"

ခန်အန်းမင်းကြီးသည် ထိုအကြံကို ဝမ်းသာစွာဖြင့် လက်ခံပြီး အစီအစဉ်များ ရေးဆွဲချမှတ်လေတော့သည်။

အာပုမင်နှင့်ဆာခွန်မင်တို့သည် အမြောက်သံ ကြားသောအခါ မန်ချူးဘက်မှ အမြောက်တစ်လက်အနေနှင့် ကျောက်ဆောင်များကို တရကြမ်း ပစ်ဖောက်နေ၏။



နှစ်ဦးသား အပြင်သို့ ပြေးထွက်သွားကြသည်။ မြင်းပေါ်သို့ တက်သောအခါ ခပ်လှမ်းလှမ်းမှ ရွှေလေးရှင် မင်းသမီးက စစ်ဝတ်စုံ အပြည့်ဖြင့် ရောက်လာသည်ကို တွေ့ရ၏။

ရွှေလေးရှင် မင်းသမီးသည် ဘာမှမပြောဘဲ ကြာပွတ်ဖြင့် ကုန်းမြင့်တစ်ခုကို ညွှန်ပြ၍ဆိုလိုက်သည်။

"အစ်ကိုချုန်မင် ... ဟိုဘက်မှ ကုန်းမြင့်တစ်ခုရှိတယ်၊ အဲဒီက နေ အခြေအနေအားလုံးကို အကဲခတ်နိုင်တယ်၊ ညီမတို့ သွားကြည့်ရအောင်"

သူတို့တစ်တွေ တောင်ကုန်းမြေမြင့်ကို တက်သွားသောအခါ တစ်ဖက်ကမ်းမှ အလံတလွင့်လွင့် ယမ်းငွေ့တလူလူဖြင့် အမြောက်နှင့် တရကြမ်း ပစ်ဖောက်နေသည်ကို တွေ့ရသည်။

ဒီမှာဘက်ကမ်းမှ ကျောက်ဆောင်များကို ချိန်ရွယ်ပြီး ပစ်ဖောက်သည်ကို မြင်သည်နှင့် ရွှေလေးရှင် မင်းသမီးက ၎င်းတို့၏ ပရိယာယ်ကို ချက်ချင်း ရိပ်စားမိတော့သည်။

သို့သော် အိမ်ရှေ့မင်းသားက အယုံအကြည်မရှိဘဲ ပျက်ရယ်ပြုလိုက်သည်။

"အို ... မြစ်ကို ဖို့,ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ရေစီးက ဒီလောက်သန်နေတဲ့ဟာ ..."

"အင်း ... မယုံမရှိနဲ့ အစ်ခွေတော်၊ မယုံရင် မနက်ဖြန်ကျရင် ဒီမှာလာပြီး ထပ်လေ့လာပါ"

www.burmeseclassic.com

www.burmesesclassic.com



နောက်နေ့ မွန်းလွဲပိုင်းတွင် သူတို့ တောင်ကမူပေါ်မှ ထပ်မံ လှေလာသုံးသပ်မိသောအခါ အလန့်တကြား ဖြစ်မိပော့၏။

အကြောင်းမှာကား မန်ချူးစစ်သည်တို့သည် ရွှံ့များကို ထမ်းပြီး တစ်ထမ်းပြီး တစ်ထမ်းဖြင့် မြစ်ထဲသို့ လောင်းချနေကြသည်ကို တွေ့ရသောကြောင့်တည်း။

သောင်းချီသော မန်ချူးစစ်သည်တို့သည် ပုရွက်ဆိတ်အုပ်စု ပမာ လှုပ်လှုပ်ရွရွဖြင့် လှုပ်ရှားလုပ်ကိုင်နေကြသည်။

"အင်း ... ဒီအတိုင်းဆိုရင် မလွယ်ဘူး၊ ဒါပေမယ့် အနုအချိန်ကျမှတော့ တစ်ပွဲတစ်လမ်း အပြတ်ရှင်းရမှာပဲ၊ ညီမ တို့လည်း ဒီတစ်ပိုက်မှာ ရဲတိုက် အလုံးနှစ်ရာကျော်လောက်ဆောက်ကြရအောင်"

ရွှေလေးရှင်မင်းသမီးသည် အခြေအနေကို ဝေဖန်သုံးသပ်ရင်းက ယတိပြတ် ဆုံးဖြတ်လိုက်သည်။

သို့ဖြစ်၍ နှစ်ဖက်စလုံး ပြင်းထန်သော တိုက်ပွဲအတွက် အပူတပြင်း ပြင်ဆင်လုပ်ဆောင်လေတော့သည်။

နောက်နေ့ မွန်းလွဲပိုင်းတွင် မန်ချူးဘက်မှ စက်ယန္တရား အမြောက်ကို တွန်းထုတ်ပြီး သံကြိုးတံတားခင်း၍ ကြိုးပမ်းအားထုတ်တော့သည်။

သံကြိုးတံတား သွယ်တန်းပြီးသည်နှင့် ခရာသံ သောသော ညံနေသည့် ကြားမှ ကျင်းတောင်ညီနောင် အမွှားပြုသော မန်ချူး



တပ်ဖွဲ့တို့သည် ဆင်ဖြူမြစ်ကို ဖြတ်ကျော်၍ တစ်ဖက်ကမ်းသို့ ဝင်လာတော့သည်။ မန်ချူးစစ်သည်တို့သည် တစ်ဖက်ကမ်းသို့ ထိုးဖောက်ဝင် ရောက်နေပြီ။

သို့သော် အပေါ်စီးမှ ရထားသော နီပေါတပ်သားတို့သည် မြင့်မားလှသော ချောက်ကမ်းပါးပေါ်တွင် ဆောက်လုပ်ထားသော ရဲတိုက်များမှနေ၍ မြားများ၊ ကျောက်တုံးများဖြင့် မန်ချူးစစ်သည်တို့ကို တရကြမ်း တိုက်ခိုက်နေတော့၏။

အခြေအနေကား ဆိုးဝါးလွန်းလှသည်။ တောင်ကြားလမ်းသွယ် ကျဉ်းမြောင်းလွန်းသောကြောင့် မန်ချူးစစ်သည်တို့သည် မရှောင်သာဘဲ အလူးအလဲ ခံနေရသည်။

နှစ်နာရီခန့် တိုက်ခိုက်သည့်အတိုင်း ဘာမှထူးခြားမှုမရှိသောကြောင့် ခန်အန်းမင်းကြီးကိုယ်တိုင် ရှေ့တန်းကို သက်လာသည်။

"ဟောကောင်တွေ ဘယ့်နှယ်လဲ၊ အခြေအနေမထူးရင် စက်ယန္တရားတပ်ကိုရှေ့တန်းကို ပို့လိုက်မယ်"

ခန်းအန်းမင်းကြီး မေးသံကို ကြားသည်နှင့် ဗိုလ်မှူး ဟူးရန်ထိုက ဖြေလိုက်သည်။

"အရှင်မင်းကြီး ... ရန်သူရဲ့ ရဲတိုက်က ကျောက်ဆောင်ပေါ်မှာ အနိုင်အမာဆောက်ထားတော့ စက်ယန္တရားတပ်နဲ့ ဖြိုခွင်းလို့ မရပါဘူး၊ ကျွန်တော်တို့ ညီအစ်ကို တောင်ပေါ် ထိုးဖောက်ပြီး ရဲတိုက်နှစ်ခုလောက် သိမ်းပိုက်ပြီး လမ်းဖောက်မှဖြစ်ပေါ့မယ်"

www.burmeseclassic.com

www.burmesesclassic.com



"အေး ... ဟုတ်တယ်၊ မင်းတို့အကြံ မဆိုးဘူးကွ၊ ဒါဟာ နော်ဆုံးဂိတ်ဆိုတော့ မင်းတို့ ကြိုးစားထားကွ၊ ရှုပ်ရှုပ်ရှုံ့ရှုံ့ တိုက် နိုက်ရင် ရာထူးလည်း တိုးပေးမယ်၊ ဆုငွေလည်း ချီးမြှင့်မယ်"

"ဟုတ်ကဲ့ ... အမိန့်တော်အတိုင်းပါ မင်းကြီး ..."

ထိုအခါ ခန်အန်းမင်းကြီးသည် အသေခံတပ်အတွက် စစ်သည် သုံးရာ ရွေးချယ်စေလွှတ်၍ ကျင်းတောင် ညီနောင်နှင့် တစ်ပါတည်း ထည့်ပေးလိုက်တော့သည်။

ကျင်းတောင် ညီနောင် နှစ်ဖော်တို့သည် အဆင့်မြင့် သိုင်း ပညာရှင်ပီပီ အသေခံတပ်ကို ဦးဆောင်ပြီး ရဲတိုက်တစ်ခုရှိရာသို့ တစ်ဟုန်ထိုးအရှိန်ဖြင့် ပြေးတက်သွားတော့သည်။

နီပေါစစ်သည်တို့သည် ရဲတိုက်အပေါက်မှ မြားများဖြင့် ကျင်း တောင်ညီနောင်နှစ်ဖော်ကို ပစ်ခတ်သော်လည်း တုတ်ကောက်များဖြင့် မြားများကို ပက်ထုတ်နိုင်သည်။

ထိုနောက် ကိုယ်ဖော့ပညာဖြင့် လေထုထဲသို့ ခုန်တက်ပြီး လေပေါက်မှတစ်ဆင့် ရဲတိုက်ထဲသို့ ဝင်ရောက်လာလေတော့၏။

ရဲတိုက်ထဲတွင်ရှိသော နီပေါစစ်သည်တို့သည် တပ်ကြပ်တစ်ဦး ဦးစီးလာသော သာမန်တပ်သား အယောက်နှစ်ဆယ်ခန့်သာ ဖြစ် သည်။

ကျင်းတောင်ညီနောင် နှစ်ဖော်တို့သည် အထဲသို့ ဝင်ရောက် သည်နှင့် သူတို့ကို အံတုယှဉ်ပြိုင်၍ မရပေ။



သို့ဖြစ်၍ နာရီဝက်ခန့်အတွင်းမှာပင် ၎င်းတို့ သေကြေဆုံးရှုံး ပြီး ပထမရဲတိုက်သည် မန်ချူးလက်သို့ ကျရောက်သွားတော့သည်။

ကျင်းတောင်ညီနောင်တို့သည် လောဘဇောဖြင့် တတိယ ရဲတိုက်ကို ဆက်လက်တိုက်ခိုက်ပြန်သည်။ ၎င်းအချိန်တွင် ဆချွန်မင် နှင့် လီစွမ်းမေတို့က သတင်းအရ အပူတပြင်း လိုက်လာခဲ့ကြသည်။

ဆချွန်မင် ရဲတိုက်သို့ ရောက်သောအခါ ကျင်းတောင်ညီနောင် နှစ်ဖော် နောက်ဆုံးစစ်သည် တစ်ဦးကို ခုတ်ပိုင်းသည်နှင့် ကြုံနေ တော့သည်။

ထိုအခါ ဆချွန်မင်နှင့် တွေ့ကြုံရလေတော့သည်။

"ကဲ ... သစ္စာဖောက်တွေ မင်းတို့ သွေးကြွေးဆပ်ဖို့ အချိန် တန်ပြီကွ"

"ဟော့လူ ... မင်း မသေသေးဘူးလား"

ဆချွန်မင်သည် ထက်မြက်လှသည့် ဆောင်ဓားဖြင့် ဝင်ပိုင်း လိုက်၏။ ကျင်းတောင်ညီနောင် နှစ်ဖော်လည်း တုတ်ကောက်ကို ဝင့်၍ သဲသဲမဲမဲ ရင်ဆိုင် သတ်ပုတ်လေတော့သည်။

အခုအချိန်တွင် ဆချွန်မင်က ဆရာတော် တိခဲ့၏ သိုင်းပညာ စာအုပ်ကို ကြိတ်၍ဆည်းပူးခဲ့သောကြောင့် သိုင်းပညာအဆင့် အံ့ ခမန်းလောက်အောင် တိုးတက်နေပြီ၊

သိုင်းကွက် ဆယ်ကွက်ကျော်ခန့် ယှဉ်ပြိုင်ပြီးသည်နှင့် ဆချွန် မင်က အတွင်းအားဖြင့် တွန်းထုတ်လိုက်သည်။

www.burmeseclassic.com

www.burmesesclassic.com



ဟူးရန်ကျိန်းမှာ သူ၏အစ်ကို ဟူးရန်ထိုလောက် ပညာမတတ်သောကြောင့် ၎င်း၏ပြင်းထန်လှသော အတွင်းအားကို ခုခံနိုင်စွမ်းမရှိဘဲ လူရော တုတ်ပါ ရဲတိုက်နံရံဖြင့် ဝင်ဆောင့်လေတော့သည်။

နာကျင်လွန်းသောကြောင့် ဟူးရန်ကျိန်း ငယ်သံပါအောင် အော်မိလေတော့သည်။

"အောင်မယ်လေး ..."

ထိုစဉ်မှာပင် ရဲတိုက်၏ တံခါးဘက်မှ အသံလွင်လွင်ကလေး ပျံ့လွင့်လာ၏။

"မမ ... ဒီကိုလာကြည့်ပါဦး၊ ဆချွန်မင်နဲ့ ကျင်းတောင်ညီနောင်နှစ်ဖော်တို့ အကျိတ်အနယ် တိုက်ခိုက်နေကြတယ်"

လီစွမ်းမေမှာ ရှောင်ရိရှမ်း ခေါ်ဆောင်ရာသို့ လိုက်ကြည့်ရာ ဆချွန်မင်၏ တစ်မူထူးခြားသော ဓားသိုင်းကွက်ကို မြင်သည်နှင့် ဟက်ဟက်ပက်ပက် ရယ်၍ပြေလိုက်၏။

"ညီမလေး ... သူတို့နှစ်ယောက်ကို မောင်လေးတစ်ယောက်တည်းနဲ့ အပြတ်ရှင်းနိုင်ပါတယ်၊ အဲဒီတော့ တို့ ဝင်ကူစရာ မလိုတော့ပါဘူး၊ ညီမ တောင်ပေါ်တက်ပြီး နီပေါစစ်သည်တွေကို ကွပ်ကဲအုပ်ချုပ်ပါ၊ မမ ဒီကနေစောင့်ပြီး မောင်လေးလိုတာကို ထောက်ပြမယ်"

ရှောင်ရိရှမ်းက ရယ်မော၍ ထွက်ခွာသွားတော့သည်။

အဆင့်မြင့် သိုင်းပညာရှင်ဖြစ်သူ ကျင်းတောင်ညီနောင် နှစ်



ဖော်တို့မှာ လီစွမ်းမေ၏ ဝေဖန်ချက်ကို ကြားသောအခါ ဒေါသူပုန်ထလေတော့သည်။

သို့ဖြစ်၍ ရက်ရမ်းရမ်းပြီး တရစပ် တိုက်ခိုက်လိုက်သည်နှင့် ဆချွန်မင်မှာ အသာနောက်ဆုတ်ပေးရသည်။

"ဆချွန်မင် ... သူတို့ကို တိရဲ့သိုင်းပညာ စာအုပ်ထဲက သိုင်းကွက်နဲ့ ရင်ဆိုင်ကွယ်"

တိရဲ့သိုင်းကွက်သည် ထူးခြားသည့် လှည့်ကွက်များ ပါသည့်ပြင် ရန်သူ၏ လက်နက်ကို အတွင်းအားဖြင့် တိုက်ခိုက်နိုင်သောကြောင့် နက်နဲထက်မြက်သော သိုင်းကွက်ဟု ဆိုရပေမည်။

ထိုသိုင်းကွက်ဖြင့် ဆချွန်မင် အသုံးပြု၍ ရင်ဆိုင်တိုက်ခိုက်သောကြောင့် ကျင်းတောင်ညီနောင် နှစ်ဖော်တို့ အရေးနိမ့်ခဲ့ရတော့၏။

ညီဖြစ်သူ ဟူးရန်ကျိန်းသည် ကောက်ကျစ် စဉ်းလဲသူပီပီ အခြေအနေမလှသည်နှင့် အစ်ကို ဟူးရန်ထိုကိုပင် ဂရုမစိုက်တော့ဘဲ ရဲတိုက်အပေါ်ဘက် လေပေါက်မှ တစ်ကိုယ်တည်း ထွက်ပြေးရန် ကြိုးစား၏။

သို့သော် ဆချွန်မင်၏ ပစ်ဓားက သူ့ထက် ဆချွန်မင်က သူ၏ ဆောင်ဓားဖြင့် အဟုန်ပြင်းစွာဖြင့် ပစ်လွှတ်လိုက်သည်။

ဆောင်ဓားသည် ဟူးရန်ကျိန်း၏ ကျောပြင်ကို ထုတ်ချင်းပေါက်ပြီး ဟူးရန်ကျိန်းမှာ ငယ်သံပါအောင် အော်ရင်း သေဆုံးသွားလေတော့၏။

www.burmeseclassic.com

www.burmesesclassic.com



ထိုအဖြစ်ကို မြင်သောအခါ အစ်ကိုဖြစ်သူ ဟူးရန်ထိုသည် အပြင်ဘက်သို့ တစ်ရှိန်ထိုး ပြေးထွက်သွားသည်။

သို့သော် အသင့်စောင့်ဆိုင်းနေသူ လီစွမ်းမေက ဆောင်ဓား ဖြင့် သူ၏တုတ်ကောက်ခါးလည်ကို ပက်ထုတ်ရင်း အော်လိုက်သည်။

"ဟောကောင် ... အစန်းထဲ ပြန်သွားစမ်း"

သူမသည် ပြောပြောဆိုဆိုဖြင့် ဟူးရန်ထို၏ ကိုယ်လုံးကို ခြေထောက်နှင့် ခတ်လိုက်သည်နှင့် ဟူးရန်ထို၏ ခန္ဓာကိုယ်သည် အပေါ်သို့ လွင့်စဉ်သွားရင်း ကျောက်နံရံနှင့် ဆောင့်မိပြီး ကျလာသည်။

ထိုအခါ ဆချွန်မင်သည် တုံ့ဆိုင်းမနေတော့ဘဲ ဆောင်ဓား ဖြင့် ဟူးရန်ထိုအား သေရွာဆီသို့ ပို့လိုက်တော့သည်။ သူတို့ လက် နေးခဲ့သဖြင့် ကျင်းတောင်ညီနောင်သည် အကြိမ်ကြိမ် သေဘေးမှ ကင်းလွတ်ခဲ့သည် မဟုတ်ပါလား။

သို့သော် ဆချွန်မင်မှာ ရန်သူကို သတ်သင်နိုင်ခဲ့သော်လည်း သူတို့ဘက်မှ ရှုံးနိမ့်သော အခြေအနေအား မပြောင်းလဲနိုင်ခဲ့ပေ။

ငင်းအချိန်တွင် မန်ချူးတို့က စစ်သည် အလုံးအရင်းနှင့် ချီတက်လာပြီး တစ်ချိန်ထဲမှာ လေဆင်နှာမောင်း တိုက်ခိုက်သော ကြောင့် နီပါစစ်သည်တို့သည် ခုခံကာကွယ်နိုင်ခြင်း မရှိတော့ဘဲ ဆင်ဖြူမြစ်နှင့် ချောက်ကမ်းပါးအသီးသီးသို့ လွင့်စင်ကျရောက်ကုန် ၏။

နေဝင်ရီတရောအချိန်တွင် စစ်သည်ဦးရေ နည်းပါးသော နီပေါ



တပ်ဖွဲ့တို့မှာ ဆက်လက် တောင့်ခံနိုင်စွမ်း မရှိတော့ဘဲ ဖရိုဖရဲဖြင့် ရှေ့တန်းမှ ဆုတ်ခွာလိုက်ရသည်။

မတတ်သာသည့်အဆုံး နီပေါဘုရင်မှာ တမန်တော် စေလွှတ် ၍ ငြိမ်းချမ်းရေး တောင်းဆိုပြန်ကြားလိုက်သည်။

မင်းကြီး ခန်းအန်းသည် မောက်မာစွာဖြင့် ငြင်းဆန်လိုသော် လည်း အမြော်အမြင်ရှိသော ဟိုင်နန်၏ ဖျောင်းဖျတိုက်တွန်းမှုကြောင့် ငြိမ်းချမ်းရေးတောင်းဆိုချက်ကို လက်ခံလိုက်သည်။

သို့သော် မန်ချူးဘက်မှ အချက်သုံးချက်ကို တောင်းဆိုလိုက် သည်။

အခုအချိန်တွင် ငြိမ်းချမ်းရေး တောင်းဆိုခြင်း မဟုတ်ဘဲ လက်နက်ချရန်သာ ဖြစ်သည်။

(၁) နီပေါနိုင်ငံတွင်ရှိသော ရွှေရုပ်ပွားသုံးဆူကို မန်ချူးနိုင်ငံ သို့ ပူဇော်ရန် ဆက်သရမည်။

(၂) ဘုရင်မင်းမြတ်၏ သားတော်နှင့် သမီးတော်ကို ချည် နှောင်ပြီး မန်ချူးဘက်သို့ အပ်နှံရမည်။ သားတော် အာပုမင်ကို ကတိအတွက် အာမခံအဖြစ် ထားရမည်။ မင်းသမီး ဒေစီလီကိုတော့ မန်ချူးဘုရင်မင်းမြတ်ထံ ဆက်သရမည်

(၃) တရုတ်သူရဲကောင်း တစ်စုကို ဖမ်းဆီး ချည်နှောင်ပြီး မန်ချူးဘက်သို့ ပြန်လည် အပ်နှံ ကြရမည်။

www.burmeseclassic.com

www.burmesesclassic.com



တမန်တော်သည် နီပေါမြို့တော်သို့ ပြန်သွားသောအခါ မန်ချူးဘက်မှ မတရားတောင်းဆိုချက်ကို အမှန်အတိုင်း တင်ပြလိုက်သည်။

နီပေါနိုင်ငံမှ ဘုရင်မင်းမြတ်သည် ဒေါသအမျက်ထွက်သော်လည်း ဘာမျှ မတတ်နိုင်ပေ။ သို့ဖြစ်၍ သားတော် အာပုမင်ကို ချက်ချင်း ဆင့်ခေါ်လိုက်၏။

အိမ်ရှေ့မင်းသားက နန်းတော်သို့ လိုက်သွားပြန်သောအခါ ဆရျွန်မင်က စိတ်မချသောကြောင့် နောက်ယောင်ခံ လိုက်သွားသည်။

ဘုရင်မင်းမြတ်သည် မန်ချူးတို့၏ တောင်းဆိုချက်အား ရှင်းပြသည့်ပြင် သားတော် အာပုမင်ကို အထူးကိုယ်စားလှယ်အဖြစ် စလွှတ်ရန် ကြံရွယ်ထားသည်။

သို့သော် အာပုမင်သည် တိုင်းပြည်၏ သားကောင်းရတနာ ပီပီ ရန်သူကို အညှံ့မခံလိုပေ။

သို့ဖြစ်၍ ဖခမည်းတော် မိန့်ကြားနေချိန်မှာပင် ကိုယ့်ကိုယ်ကို သတ်သေလိုက်၏။ ဆရျွန်မင်က ဝင်ရောက်ကယ်တင်သော်လည်း အချိန်မမီတော့ပေ။

ထိုအခါ အာပုမင်၏ မှာကြားချက်ကို သတိရ၍ မင်းသမီး ဒေစီလီအား ချက်ချင်း သွေးကြောကို ပိတ်လိုက်ပြီး မျိုးချစ်သူရဲကောင်း တစ်စု တည်းခိုရာသို့ သုတ်ခြေတင်၍ပြန်လာတော့သည်။

ထိုနောက် နန်းတွင်းမှ ကြီးမားသော ပြောင်းလဲချက်ကို အကျယ်တဝင့် ရှင်းပြပြောဆိုသည်။



အကြောင်းစုံကို ကြားသောအခါ ဝှမ်ကျင်းကြီး ညီအစ်ကိုသည် ဘုရင်မင်းမြတ်၏ ဆုံးဖြတ်ချက်ကို မကျေနပ်ကြချေ။

ထိုအခါ လီစွမ်းမေက ဖျောင်းဖျပြောဆိုလိုက်ရလေ၏။

"ဘုရင်မင်းမြတ်ရဲ့ ဆုံးဖြတ်ချက်ကို တို့ဘာစ်တွေ မကန့်ကွက်သင့်ဘူး၊ ပြီးတော့ လက်ရှိအခြေအနေက နီပေါနိုင်ငံဘက်က ဆက်လက် တိုက်ခိုက်နိုင်တဲ့ အင်အား မရှိတော့ပါဘူး၊ အဲဒီတော့ တို့ပြန်ဖို့သာ ရှိပါတယ်"

သူမ၏ စကားကို ကြားသောအခါ ဆရျွန်မင်က တွေဝေနေရင်း ပြန်မေးလိုက်သည်။

"အင်း ... အစုမှ ဒုက္ခပဲ၊ ကျုပ်တို့ ဘယ်ကိုပြန်ရမှာလဲ၊အမိနိုင်ငံကိုပဲ ပြန်ရမှာလား"

"ဟုတ်တယ် မောင်လေး၊ အခွင့်မသာတုန်းတော့ ဓာတ်မြှုပ်ပြီး နေထိုင်ရမှာပေါ့၊ မင်းသမီး ဒေစီလီရဲ့ ရောဂါအတွက် ညီမရှောင်ရိုရှမ်းနဲ့ မမ တာဝန်ယူမယ်၊ မောင်လေးနဲ့ မင်းသမီး မုံစီလွှန်ရယ်၊ ပြီးတော့ ငေါ့ကျင်းဖုန်းတို့ တောတောင် တစ်နေရာမှာ ဓာတ်မြှုပ်ပြီး နေထိုင်ကြပေါ့"

လီစွမ်းမေ၏ အစီအစဉ်ကို ကြားသောအခါ တောင်လှန်ရေးလုပ်ငန်းကို ဆုံးခန်းတိုင် မလုပ်နိုင်သောကြောင့် ဆရျွန်မင်နှင့် ငေါ့ကျင်းဖုန်းတို့မှာ များစွာ စိတ်မကောင်းဖြစ်မိသည်။

www.burmeseclassic.com

www.burmesesclassic.com



ထိုအခိုက် နံဘေးမှ ရှောင်ရိရှမ်းက မကျေမနပ်ဖြင့် ကြားဝင်ပြောဆိုလိုက်သည်။

"အို ... ဒီအတိုင်းဆိုရင် မန်ချူးကျူးကျော်သူတို့ဟာ ဆက်လက် မင်းမူ ရမ်းကားနေဦးမှာပဲ၊ နီပေါနိုင်ငံ ပြည်သူပြည်သားတွေအတွက် တစ်စုံတစ်ခု လုပ်ရဦးမှာပဲ"

"အလို ... ညီမက ဘာလုပ်ရဦးမှာလဲ"

လီစွမ်းမေအား ရှောင်ရိရှမ်းက တီးတိုး ရှင်းပြလိုက်လေ၏။

ညဘက်တွင် မင်းကြီး ခန်းအန်းသည် သောက်စားမူးယစ်နေပြီး အဆောင်သို့ ပြန်လာသည်။

သို့သော် ဧည့်ခန်းသို့ ရောက်သည်နှင့် သူ၏ သက်တော်စောင့်များ အတုံးအရုန်း လဲနေသည်ကို တွေ့၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတော့သည်။

ငင်းအချိန်မှာပင် တာလပတ် အမိုးပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာပြီး သူ့အား ဓားဖြစ် ထောက်၍ ဆိုလိုက်၏။

"ဒီမှာ အသက်ရှင်ချင်ရင် မအော်နဲ့၊ ကုလားထိုင်ပေါ် အသာတကြည် သွားထိုင်နေပါ"

တစ်ချိန်တည်းမှာပင် လီစွမ်းမေက စစ်ဦးစီး၏ ကုလားထိုင်နောက်ကွယ်မှ ထွက်လာသည်။

ထိုအခါ မင်းကြီးခန်းအန်းက မကျေမနပ်ဖြင့် ပြောလိုက်လေ၏။

BURMESE CLASSIC



"ဟေ့ ... မင်းတို့ ငါ့ကို ဒီနည်းနဲ့လုပ်ကြတာ မကောင်းပါဘူး၊ အခုညမှာ မင်းတို့က ငါ့ကိုသတ်ပစ်ရင် မနက်ဖြန်ကျရင် နီပေါမြို့တော်ကို တို့က ပြာပုံဖြစ်အောင် အမြောက်နဲ့ ထုမှာပဲ"

သူ၏ စကားကြားသောအခါ ဆချွန်မင်က အသံတိုးတိုးဖြင့် ကြိမ်းဝါးလိုက်၏။

"ဒီမှာ လူယုတ်မာ ... မင်းရဲ့အသက်ကို တို့ အချိန်မရွေး သတ်နိုင်တယ်ကွ၊ အခုလာတာက မင်းအသက်ကို သတ်ဖို့မဟုတ်ဘူး၊ နိုင်ငံကလေးတွေကို နိုင်ထက်စီးနင်း မလုပ်ဖို့ လာဆုံးမတာပါ၊ ပြီးတော့ နီပေါနိုင်ငံကို မတရားတောင်းဆိုထားတဲ့ အချက်တွေ တို့တစ်တွေ လက်မခံနိုင်ဘူး၊ ရွှေရုပ်ပွားတော်ကို မန်ချူးနေပြည်တော်ကို ဖူးမြော်ဖို့ ပင့်ဆောင်သွားနိုင်တယ်၊ ကျန်တဲ့ အချက်ကတော့ လက်မခံနိုင်ဘူးဆိုတာ မှတ်ထားပါ"

"မင်းတို့ လက်ဦးတော့ ငါက လက်ခံရမှာပါ့ကွာ၊ ကိစ္စမရှိပါဘူး၊ မင်းတို့ရဲ့ တောင်းဆိုချက်ကို ငါ လက်ခံတယ်"

ခန်အန်း အမတ်ကြီးသည် တောင်းဆိုချက် (၂) နှင့် (၃)ကို ပယ်ဖျက်လိုက်ရတော့၏။

"ဟား ... ဟား ... ဟား ... ရှင် မကျေနပ်ဘူးလား၊ ဆချွန်မင် အခုပြောတဲ့ စကားကို ကြပ်ကြပ်မှတ်သားပါ၊ လာ ... သွားစို့"

လီစွမ်းမေသည် ပြောပြောဆိုဆိုဖြင့် ဆချွန်မင်ကို ခေါ်ဆောင်၍

www.burmeseclassic.com

www.burmesesclassic.com



လေးမှုပစ်လိုက်သော မြားသဏ္ဍာန်အလား အမှောင်ထဲတွင် ပျောက်ကွယ်သွားတော့သည်။

ထိုသို့ ဆုံးမခံရသောကြောင့် ခန်းအန်းမင်းကြီးမှာ နီပေါဘုရင်ကို မတရားမတောင်းဆိုဝံ့တော့ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရင် သုံးနှစ်စာချုပ်ကို ချုပ်ဆိုလိုက်ရသည်။

မျိုးချစ် တရုတ်တစ်စုမှာ နီပေါပြည်မှ နောက်ဆုံး ထွက်ခွာသွားကြတော့သည်။

ပြီး ပါ ပြီ

တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com